# † ဧဝံဂေလိဒေသနာ †

J.C Choate

# စာရေးသူ၏အမှာစာ

လွန်ခဲ့သော အနှစ်နှစ်ဆယ်အတွင်း လက်ကမ်းစာစောင်ငယ်များကို ကျွန်တော်ရေးခဲ့ပါသည်။ နေရာနှင့်အချိန်အခါပေါ်မူတည်ပြီး တစ်ခုနှင့်တစ်ခု ကွာဟမှုလေးများရှိခဲ့သည်။ ဤစာအုပ်တွင်ပါဝင်သော စာစဉ်များမှာ အာရှတိုက်တွင် ကျွန်တော်ရှိစဉ် ပြင်ဆင်မိခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် ပါကစ္စတန်ကို ကျွန်တော်ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ စာစဉ်များကို ပြင်ဆင်ခဲ့ပါသည်။ ထို့နောက် သီရိလင်္ကာ၊ ကိုလန်ဘို ကိုရောက်ရှိခဲ့ပြီး၊ ထိုဒေသတွင်လိုအပ်သောအချက်များပေါ်မူတည်ပြီး စာစဉ်များထပ်မံရေးသားခဲ့ပါသည်။ နောက်ဆုံးအိန္ဒိယပြည်၊ ဒေလီမြို့သို့ရောက်ရှိသောအခါ ဤစာစဉ်များကို စာအုပ်အသွင်ရိုက်နှိပ်ခဲ့ပါသည်။ ဤစာစဉ်များနှင့်စာစဉ်ပေါင်း၍ချုပ်သော စာအုပ်များကို အိန္ဒိယနှင့်အာရှတစ်ခွင် နေရာအနှံ့အပြား ဝေငှအသုံးချခဲ့ပါသည်။

ကျွန်တော်၏ ရည်ရွယ်ချက်မှာ ဤစာစဉ်များကို စုပေါင်းပြီး၊ အတည်တစ်ကျရှိစေရန်နှင့် စာဖတ်သူအတွက် သမ္မာတရားကို လေ့လာသည့်အခါ လွယ်ကူစွာလေ့လာနိုင်ရန် အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။ ဖတ်ရှုလေ့လာသူတို့သည် ဘုရားသခင်၏သွန်သင်ချက်အတိုင်း လေ့လာလက်ခံတတ်ဖို့ရန်၊ ကျွန်တော်များ ဆုတောင်းမေတ္တာပို့သပါသည်။

ဤစာစဉ်များသည် အကြိမ်ကြိမ် ထောင်နှင့်ချီ၍ ရိုက်နှိပ်ကာ အသုံးပြုလည်ပတ်မှုထဲသို့ ပို့ဆောင်လျက်ရှိပါသည်။ ဤစာစဉ်များ ရောက်ရှိလေရာရာ၌ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းနိုင်ရန် ဆုတောင်းအပ်ပါသည်။

J.C. Choate
Burton Drive
Winona, Missisippi
U.S.A.

# ဘာသာပြန်သူ၏အမှာစာ

စာရေးသူ J.C. Choate သည် ၁၉၃၂ ခုနှစ်၊ မစ္စစပီပြည်နယ် ဘမ်းစဗေး(လ်)မြို့တွင် ဖွားမြင်ပြီး အလ်ဗားမားနှင့် မစ္စစပီနယ်တို့မှ ကျမ်းစာကျောင်း၊ ကျမ်းစာကောလိပ်များတွင် ဘွဲ့များရယူပြီး အဆိုပါ ဒေသများနှင့် မင်နီဆိုတာတစ်ဝိုက်တွင် ဘုရားသခင်အတွက် အမှုဆောင် ရွက်ခဲ့၏။ ဘုရားသခင်ဘက်၌ အားကြီးသူ Betty နှင့် ၁၉၅၅ ခုနှစ် ဩဂုတ်လတွင် အိမ်ထောင်ကျကာ Darla, Sheila, Steve နှင့် Shannon တို့ ထွန်းကားလာခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ နယ်မြေရပ်ခြား အမှုတော် ဆောင်ရာ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယတို့တွင် ကျယ်ပြန့်စွာ ဝိညာဉ်ရေး ကယ်တင်သောအမှုကို ရေဒီယို၊ စာပေ စသည်များနှင့် တကွ သစ္စာရှိစွာဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

လူပေါင်းများစွာကို သမ္မာကျမ်းနှင့် ရင်းနှီးစေခြင်း၊ ခရစ်တော်ကို သိကျွမ်းခွင့် ရစေခြင်း၊ ခရစ်တော် တည်ဆောက်သော ခရစ်တော်၏ အသင်းတော်ကို သိကျွမ်းရခြင်းနှင့် ကယ်တင်ခြင်းလမ်းကြောင်းကို သိမြင် စေပြီး လျှောက်လှမ်းစေခဲ့ရုံမက ယုံကြည်သူတွေဟု ခေါ်ဝေါ်သော လောကတွင် ကွဲပြားသော ယုံကြည်ချက်များနှင့် ကျမ်းစာ သွန်သင် ချက်များကို ဝေခွဲ၊ ဆင်ခြင်သုံးသပ်နိုင်ရန် သိမြင်စေသော ဤစာအုပ်ကို

မြန်မာဘာသာဖြင့် လေ့လာခွင့်ရစေရန် ခွင့်ပြုသူ စာရေးဆရာရှင်ကို အထူးကျေးဇူးတင်လျက် ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းအပ်ပါသည်။

သမ္မာကျမ်း လေ့လာသူတိုင်း ဤစာအုပ်ကို လက်ကိုင်အနေနှင့် ထားရှိပြီး ကျမ်းစာအလင်း၌ လေ့လာသင့်ပါသည်။ ဘုရားသခင် ခွင့်ပြုလျှင် နောင်များတွင် ထပ်မံ၍ ဤကဲ့သို့သော ထူးခြားကောင်းမွန်သည့်၊ ကျမ်းစာသင်ယူရာတွင် အကူပေးသည့် စာအုပ်ကောင်းများ ထွက်လာပေဦးမည်။

သမ္မာကျမ်းစာ သွန်သင်ချက်များ၊ အကြောင်းအချက်အလက်များ နှင့် ပတ်သက်၍ ပိုမိုသိလိုပါက အောက်ပါလိပ်စာအတိုင်း လွတ်လပ်စွာ ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်ပါသည်။

ဂျော့အာချပ်
(George Achard)
၇၊ ဦးလူနီလမ်း၊
အောက်ကြည့်မြင်တိုင်၊ ရန်ကုန်။

# မာတိကာ


| အခန်း | စာမျက်နှာ |
|---|---|
| * စာရေးသူ၏အမှာ | ၂ |
| * ဘာသာပြန်သူ၏အမှာ | ၃ |
| ၁။ သမ္မာကျမ်းစာသည်ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်ကြောင်းသင်အဘယ့်ကြောင့်ယုံကြည်နိုင်ပါသနည်း | ၇ |
| ၂။ ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်းသင်အဘယ့်ကြောင့်ယုံကြည်နိုင်သနည်း | ၁၂ |
| ၃။ ဘုရားသခင်၏သားတော် | ၁၇ |
| ၄။ လက်ဖြင့်ထုလုပ်သောအရာများကိုကိုးကွယ်ခြင်း၏အပြစ် | ၂၃ |
| ၅။ ခရစ်တော်၏အသွေးတော် | ၂၈ |
| ၆။ အဘယ့်ကြောင့်ခရစ်တော်သည်အသေခံတော်မူရသနည်း | ၃၄ |
| ၇။ ခရစ်တော်၏အသင်းတော်ကိုသင်ကြားဖူးပါသလား | ၃၉ |
| ၈။ ခရစ်တော်၏အသင်းတော်ဆိုသည်မှာအဘယ်နည်း | ၄၄ |
| ၉။ ဓမ္မသစ်အသင်းတော် | ၄၉ |
| ၁၀။ ခရစ်တော်၏အသင်းတော်သည်မည်မျှကြာအောင် တည်ရှိနေမည်နည်း | ၅၃ |
| ၁၁။ သမ္မာကျမ်းစာ၌ပါသောမေးခွန်းကြီးလေးခု | ၅၇ |
| ၁၂။ သင်နေထိုင်ရာမြို့ရွာ၌ခရစ်တော်၏အသင်းတော်ကို မည်သို့စတင်နိုင်မည်နည်း | ၆၁ |
| ၁၃။ ခရစ်တော်၏နာမတော် | ၆၅ |
| ၁၄။ သင်သည်ခရစ်ယာန်တစ်ဦးရိုးရိုးလေးဖြစ်နိုင်ပါသည် | ၆၉ |

| အခန်း | စာမျက်နှာ |
|---|---|

၁၅။ သင့်အတွက်ခရစ်ယာန်အသက်ရှင်ခြင်း၏စွမ်းဆောင်နိုင်မှု ၇၄
၁၆။ ခရစ်ယာန်မဟုတ်သောအချို့သူများ ၇၈
၁၇။ ကယ်တင်ခြင်းရစိမ့်သောငှာမည်သို့ပြုရပါမည်နည်း ၈၂
၁၈။ ကယ်တင်ခြင်းအစီအစဉ် ၈၈
၁၉။ ခရစ်တော်ထဲသို့ခြေလှမ်းများ ၉၂
၂၀။ အသစ်သောမွေးဖွားခြင်း ၉၇
၂၁။ ဓမ္မသစ်ကျမ်း၌ ဖော်ပြထားသောဗတ္တိဇံ ၁၀၂
၂၂။ ဗတ္တိဇံခံခြင်း၏ရည်ရွယ်ချက် ၁၀၆
၂၃။ ကားတိုင်ပေါ်က ဓားပြတစ်ဦး ၁၁၁
၂၄။ ကလေးသူငယ်များအား ဗတ္တိဇံပေးခြင်း ၁၁၆
၂၅။ လူသည်ထပ်မံ၍ ဗတ္တိဇံခံရန်လိုပါသလား ၁၂၁
၂၆။ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိခြင်း ၁၂၅
၂၇။ ဓမ္မသစ်ကျမ်းစာ၌ပါသောစည်းလုံးခြင်း ၁၃၀
၂၈။ ဓမ္မသစ်ကျမ်း၌ပါသော ဝတ်ပြုကိုးကွယ်ခြင်း ၁၃၆
၂၉။ ရက်သတ္တပတ်၏ ပထမနေ့ရက် ၁၄၀
၃၀။ ချည်နှောင်လျက်ရှိသောပညတ် ၁၄၄
၃၁။ သန့်ရှင်းသောဝိညာဉ်တော်၏အတိုင်းအဆ ၁၄၉
၃၂။ အခြားသောဘာသာစကား ၁၅၃
၃၃။ ဘာသာရေးဘွဲ့နာမများ ၁၅၈
၃၄။ လွတ်လပ်သောတရားဟောဆရာများနှင့်အသင်းတော်များ ၁၆၃
၃၅။ ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်း ၁၆၇

# အခန်း (၁)

## သမ္မာကျမ်းစာသည်ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း သင်အဘယ့်ကြောင့် ယုံကြည်နိုင်ပါသနည်း

ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသောသူတို့သည် သမ္မာကျမ်းစာကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်လက်ခံကြသည်။ မေးခွန်းထုတ်ရန် မလိုသောအချက်အဖြစ်လက်ခံကြ၏။ ၄င်းအဆိုကို ဆန့်ကျင်လျက် လက်ခံခြင်းမပြုနိုင်သူအချို့ရှိသော်လည်း ၄င်းတို့မှာ သမ္မာကျမ်းစာ၌ပါသော အချက်များကို သေချာစွာ မလေ့လာမသိရှိ၍လည်းကောင်း၊ သီးပွင့်ရတနာများကို မဆန်းစစ်မိ၍လည်းကောင်း ဖြစ်ပါသည်။ အချို့မှာမူ သမ္မာကျမ်းစာကို လုံးဝဆန့်ကျင်ကြပါသည်။ ၄င်းတို့မှာ ဤလောက၌မွေးဖွားလာစဉ်ကပင် အခြားယုံကြည်စရာ တစ်ခုခုကို လက်ခံရန်မိရိုးဖလာထုံးစံရှိသောကြောင့်ဖြစ်ပါသည်။ အကယ်၍ သင်သည် ဤအုပ်စုနှစ်စုအနက် တစ်ခုခုတွင် ပါဝင်နေပါက ကျွန်ုပ်အနေနှင့် သင်သည်အဘယ့်ကြောင့် သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်လက်ခံနိုင်သည့်အကြောင်းအချက်တို့ကို ဖော်ပြလိုပါသည်။

၁။ သမ္မာကျမ်းစာ၌ပင်၊ ၄င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်းဖော်ပြထားပါသည်။ (ယေရမိ ၁၄း၁)။ ပေတရုက ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်း

တော်မူခြင်းကိုခံရ၍ ဟောပြောထားသော စကားများဖြစ်ကြောင်းပြော ကြားခဲ့သည်။(၂ပေ ၁း၂၀-၂၁) သခင်ခရစ်တော်ကိုယ်တိုင် မကြာခဏပင်၊ ဓမ္မဟောင်းကျမ်းကို ရည်ညွှန်းလျက်ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ (ယော ၁၀း၃၅) နောက်ဆုံးရှင်ပေါလုက ကျမ်းစာရှိသမျှသည် ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်းအားဖြင့် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ (၂တိမောသေ၊ ၃း၁၆-၁၇)

၂။ သမ္မာကျမ်းစာသည် စစ်မှန်သော သိပ္ပံပညာနှင့်ကိုက်ညီ၏။ လူတို့က ကမ္ဘာသည် လုံးဝန်းကြောင်း၊ ပင်လယ်ထဲ၌လမ်းကြောင်းများ ရှိကြောင်း စသည်တို့အပြင် အခြားအကြောင်းအရာပေါင်းထောင်ပေါင်း များစွာတို့ကို သိပ္ပံပညာဖြင့် လူတို့က စူးစမ်းရှာဖွေမသိရှိမီ သမ္မာကျမ်းစာ ကဖော်ပြထားခဲ့သည်။ (ဟေရှာယ ၄၀း၂၂၊ ဆာလံ ၈) သမ္မာကျမ်းစာက ဤအကြောင်းအရာများကို ကြိုတင်၍အဘယ်သို့ သိရှိဖော်ပြနိုင်ခဲ့သနည်း ဆိုသော် ဘုရားသခင်ကဖော်ပြတော်မူခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

၃။ သမ္မာကျမ်းစာ၌ပါသော အကြောင်းချင်းရာတို့သည် မှန်ကန် ကြောင်း ရှေးဟောင်းသုတေသနတူးဖော်ချက်များက အထောက်အကူပြု သည်။ အဆိုပါတူးဖော်စူးစမ်းတွေ့ရှိချက်များက ခရစ်တော်မပေါ်မီ နှစ် ပေါင်းရာပေါင်းများစွာက ဖြစ်ပျက်ခဲ့သော ကျမ်းစာပါအချက်အလက် များကို တညီတည်း မှန်ကန်ကြောင်းအထောက်အကူပြုခဲ့သည်။

အချို့က ကျမ်းစာ၌ပါသောရေလွှမ်းမိုးခြင်းနှင့်စပ်လျဉ်း၍ ကျမ်းစာ ပါအကြောင်းအရာများအပေါ်၌ သံသယရှိခဲ့သော်လည်း ၁၈၇၂ ခု ၌ 'ဂျော့စမစ်'ဆိုသူ တူးဖော်တွေ့ရှိခဲ့သော (ဗာဗုလုန်)ကျောက်စာများက

ရေလွှမ်းမိုးခြင်းမှာ မှန်ကန်ကြောင်းအထောက်အကူရခဲ့သည်။ အခြား သာဓကပေါင်းများစွာလည်းရှိပါသည်။

၄။ သမ္မာကျမ်းစာနှင့် ပထဝီဘာသာရပ်တို့ကိုက်ညီသည်။ ယနေ့လူတို့သတ်မှတ်ခေါ်ဝေါ်နေသော တောင်တန်း၊ မြစ်များ၊ မြို့ကြီးများ၊ စသည်တို့သည် သမ္မာကျမ်းစာက ဖော်ပြသည့်အမည်များအတိုင်းသာ ဖြစ်ပါသည်။ ဤအချက်က သမ္မာကျမ်းစာသည် ယုတ္တိမရှိပဲ ဖော်ပြသော အကြောင်းအရာများ မဟုတ်ကြောင်းထင်ရှားသည်။

၅။ သမ္မာကျမ်းစာနှင့် ကမ္ဘာလူ့သမိုင်းသည် တစ်ခုကိုတစ်ခုအထောက်အကူပြုသည်။ သမ္မာကျမ်းစာ၌ဖြစ်ပျက်ခဲ့ကြောင်း ဖော်ပြထားသည့် အကြောင်းအရာအားလုံးသည် ကမ္ဘာသမိုင်းအသီးသီး၌လည်း ဤသို့ပင် ဖြစ်ပျက်ခဲ့ကြောင်း အထောက်အကူပြုထားသည်ကိုတွေ့ရသဖြင့် သမ္မာကျမ်းစာသည် ဒဏ္ဍာရီသဖွယ်သာဖြစ်လျှင် ဤသို့အထောက်အကူမျိုး မည်သို့ရနိုင်မည်နည်း။

၆။ သမ္မာကျမ်းစာ၌ပါသော အကြောင်းအရာတို့မှာ လူတို့၏သာမန် အသိဉာဏ်ထက် သာလွန်သော အကြောင်းအရာများဖြစ်၍ လူတို့သဘောနှင့် ရေးသားခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ အကယ်၍ လူကသာ ရေးသားခဲ့လျှင် နှိုင်းယှဉ်၍ရစရာရှိမည်သာဖြစ်၏။ အကယ်၍ လူ့သဘောဖြင့် ရေးသားမှုသာဖြစ်ခဲ့လျှင် ယခုအခါ လူတို့သည် ၄င်းထက်သာလွန်ကောင်းမွန်စွာ ရေးနိုင်ကြမည်မဟုတ်ပါလား။

၇။ သမ္မာကျမ်းစာ၌ပါသော အကြောင်းအရာအားလုံးသည် လုံး၀၊ ရှေ့နောက်ညီညွတ်သည်။ ပါ၀င်ရေးသားသူ လူပေါင်း(၄၀)တို့သည်

နှစ်ပေါင်း (၁၆၀၀)ကျော်ကြာအောင် ကွဲပြားသော ဒေသများမှ ခြားနားသော အသက်မွေးမှုအမျိုးမျိုး၊ နောက်ခံအမျိုးမျိုးတို့ဖြင့် ပါဝင်ရေးသားခဲ့ကြသော်လည်း၊ အစမှအဆုံးအထိ တညီတညွတ်တည်း ညီညွတ်လျက်ရှိပါသည်။ ဘုရားသခင်ကသာ လမ်းညွှန်ခြင်းမဟုတ်ခဲ့လျှင် ဤသို့မည်သူက ရေးသားနိုင်မည်နည်း။

၈။ သမ္မာကျမ်းစာ၌ ပရောဖက်ပြုချက်အနာဂတ္တိစကားများကိုသာ ဖော်ပြထားသည်မဟုတ်၊ ၎င်းတို့၏ပြည့်စုံချက်များကိုပါ ဖော်ပြထားပါသည်။ (ယောလ ၂း၂၈-၂၉)၌ ကျမ်းရေးသူက နောင်ကာလတွင် ဘုရားသခင်သည် လူမျိုးတကာအပေါ်သို့သူ၏ဝိညာဉ်တော်ကို သွန်းလောင်းမည်ဟု ဖော်ပြထားသည်။ (တမန်တော် ၂)၌ ပေတရုက ဝိညာဉ်တော် ဆုကျေးဇူးခံရခြင်းမှာ ပရောဖက်ယောလ၏ ဟောချက်ပြည့်စုံခြင်းပင်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။ ဓမ္မဟောင်းကျမ်း၌ ခရစ်တော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြုသောစကားများသည် ဓမ္မသစ်ကျမ်း၌တစ်လုံးတစ်ဝတည်း ပြည့်စုံကြောင်းတွေ့ရပြန်သည်။ (ဟေရှာယ ၅၃း၅ နှင့် လုကာ ၂၂း၆၃-၆၄)ကို ကြည့်ပါ။

၉။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း အချိန်ကာလ၏ စမ်းသပ်ခြင်းကို ခံနိုင်ခြင်းကဖော်ပြသည်။ ကျမ်းစာကို ဆန့်ကျင်သောသူအများရှိသော်လည်း ထိရောက်စွာ မချေပနိုင်ခဲ့ကြပါ။ ရာစုနှစ်ပေါင်းများစွာက မူရင်းစာမူများနှင့် ယနေ့ဘာသာပြန်ဆိုသောကျမ်းစာများစွာသည် နှိုင်းယှဉ်ကြည့်သော် မူရင်းအတိုင်း တသွေမတိမ်းသာဖြစ်ကြောင်းတွေ့ရသည်။

၁၀။ သမ္မာကျမ်းစာသည် လူတို့၏ အဓိကမေးခွန်းကြီးများကို ဖြေဆိုထားသည်။ လူဘယ်ကဖြစ်လာသနည်း။ ဘဝအဓိပ္ပါယ်ကား အဘယ်နည်း။ တမလွန်၌ဘယ်သွားမည်နည်း။ ဤမေးခွန်းအားလုံး၏ အဖြေများကို သမ္မာကျမ်းစာကသာ ပေးထားပါသည်။ လူသည် ဘုရားသခင်ထံမှ လာသည်။ (ကမ္ဘာဦးကျမ်း ၁း၂၆-၂၇)။ လူ့ဘဝသည် ဖန်ဆင်းရှင်၏ ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်သည်။ (၁ပေ ၄း၁၁)။ တမလွန်၌ လူသည် ထာဝရကာလကို တစ်နေရာရာ၌ အချိန်ကုန်ရမည်သာဖြစ်၏။ (မဿဲ ၂၅း၄၆)။

၁၁။ သမ္မာကျမ်းစာသည် ကမ္ဘာပေါ်ရှိစာအုပ်ပေါင်းများစွာတို့ထက် သာလွန်၍ အရှိန်သက်ရောက်မှုရှိသည်သာမက လောကီအရာများသည် မည်မျှဆိုးပါလေစေ၊ ကျမ်းစာမှာမူ အရှိန်အဝါတောက်ပမြဲပင်ဖြစ်၏။

၁၂။ သမ္မာကျမ်းစာသည် ဘယ်သောအခါမှ ရွေ့လျော့ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း ခရစ်တော်ကဖော်ပြထားပါသည်။ (ယော ၁၂း၄၈)။

ဤအချက်များအရ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် စစ်မှန်ကြောင်းခိုင်လုံပါသည်။ ဘုရားသခင်က လူကိုပေးသော သမ္မာတရားလည်းဖြစ်၏။ လောကမြေပြင်မှ ကောင်းကင်ဘုံသို့ ပို့ဆောင်သော လမ်းညွှန်လည်းဖြစ်၏။ ထို့ကြောင့်ယုံကြည်ပါ။ သွန်သင်ချက်များကိုနာခံပါ။ သို့ပြုလျှင် ဂတိတော်များအရ ကောင်းကြီးမင်္ဂလာများခံရမည်ဖြစ်၏။ ယခုသင်လည်း သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်လက်ခံပြီမဟုတ်ပါလား။

# အခန်း (၂)

## ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သင်အဘယ့်ကြောင့်ယုံကြည်နိုင်သနည်း

သင်သည်သခင်ယေရှုခရစ်တော်ကို ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း မယုံကြည်သူဖြစ်နေလျှင် ဤအခန်းမှာ သင့်အတွက်ရည်စူး၍ ရေးသားထားခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် သာမန်လူသား (သို့မဟုတ်) ပရောဖက်မျှသာမဟုတ်ကြောင်း သာဓကပေါင်းများစွာရှိပါသည်။ သို့သော်အောက်ပါအချက်အချို့ဖြင့်သာ သင့်ကို ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဖော်ပြလိုပါသည်။

၁။ ယေရှုခရစ်တော်သည် ရှေးမဆွကပင် ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။ ကမ္ဘာဦးကျမ်း ၁း၂၆ ၌ "တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။"ဟူ၍ လည်းကောင်း၊ ယော ၁း၁ ၌ "အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။" ဟုရေးသားထား၏။ ဆက်လက်၍ ယောဟန်က ထိုနှုတ်ကပတ်တော်ကား ယေရှုခရစ်တော်ပင်ဖြစ်ကြောင်းဖော်ပြထားပါသည်။

၂။ ယေရှုခရစ်တော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြုချက်များပါရှိသည်။ ဟေရှာယ ၅၃ ၌ ခရစ်တော်၏အကြောင်း ဖော်ပြချက်များနှင့် လောကသို့ ကြွလာရခြင်း၏ ရည်ရွယ်ချက်များကိုတွေ့ရသည်။ (တမန်တော် ၈း၃၂–

၃၅) တွင် ဖိလိပ္ပုသည် အဲသရောပိအမတ်ကြီးက အဆိုပါကျမ်းစာကိုပင် ဖတ်နေကြောင်းတွေ့သော်၊ ထိုကျမ်းစာအရ ဖော်ပြထားသူမှာ ခရစ်တော်ပင်ဖြစ်ကြောင်းပြောပြီး ဟောကြားခဲ့သည်။ ဤသို့ ပရောဖက်ပြု၍ ရေးသားချက်များမှာ ခရစ်တော်အား ရည်ညွှန်းကြောင်း ထင်ရှားပါသည်။ အလားတူပရောဖက်ပြုချက်များကို ဓမ္မဟောင်းကျမ်း၌ တွေ့ရပါသည်။

၃။ ခရစ်တော်သည် အပျိုကညာမှ ဖွားမြင်တော်မူသည်။ ဤအချက်က ကိုယ်တော်၌ လူသားဖခင်မရှိကြောင်းဖော်ပြသည်။ ဘုရားသခင်သည်သာ ကိုယ်တော်၏ ခမည်းတော်ဖြစ်ပါသည်။ ကောင်းကင်ဘုံရှိ ခမည်းတော်ကိုစွန့်၍ ကိုယ်တော်သည် နှိမ့်ချစွာ လူဇာတိကို ခံယူပြီး အံ့ဩဖွယ်ဖွားမြင်တော်မူခြင်းဖြစ်သည့် အပျိုကညာဝမ်းမှ ဖွားမြင်တော်မူခဲ့ပါသည်။ ဤအချက်မှာလည်း ကိုယ်တော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြုချက်များပြည့်စုံမည့်အကြောင်းဖြစ်၏။ (မဿဲ ၁း၁၈–၂၅၊ ဟေရှာယ ၇း၁၄)

၄။ ကိုယ်တော်သည် လုံးဝစုံလင်သော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ လူသားအားလုံးအနက် အပြစ်နှင့် လုံးဝကင်းစင်သော ပုဂ္ဂိုလ်ဟူ၍ ခရစ်တော်သာရှိ၏။ ကျွန်ုပ်တို့အား သခင်ခရစ်တော်၏ ခြေရာတော်ကို လိုက်လျှောက်ရန် ပေတရုက သတိပေးရာ၌ "ထိုသခင်သည် ဒုစရိုက်ကိုမပြု။ နှုတ်တော်၌လည်း မုသာကိုရှာမတွေ့။"(၁ပေ ၂း၂၂) ဟုဖော်ပြထား၏။ အပြစ်နှင့်ကင်းစင်သော ဘုရားရှင်ဖြစ်၍ အပြစ်သားများအတွက် အသေခံပေးနိုင်ခဲ့ခြင်းဖြစ်ပြီး လောကအတွက် မျှော်လင့်ချက်ကို ယူဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ (၁ယော ၃း၅)

၅။ သခင်ခရစ်တော်သည် ပရောဖက်ပြုချက်များကို ပြည့်ဝစုံလင်

စေခြင်းငှာ ကြွလာတော်မူ၏။ "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှာ ငါလာသတည်း။" (မဿဲ ၅း၁၇)

၆။ ခရစ်တော်သည် အံ့ဖွယ်နိမိတ်လက္ခဏာများစွာပြခဲ့သည်။ ဖျားနာသောသူကို ပျောက်ကင်းစေခြင်း၊ နားမကြားသောသူကိုနားကြားစေခြင်း၊ ဆွံ့အသောသူကို စကားပြောစေခြင်း၊ ခြေမသန်သောသူကို လမ်းလျှောက်စေခြင်း၊ သေသောသူကိုရှင်ပြန်ထမြောက်စေခြင်းများ ပြုခဲ့သည်။ ရောဂါမျိုးစုံကို ပျောက်ကင်းစေပြီး လူပေါင်းများစွာကို ကျွေးမွေးခဲ့ရုံမျှမက ရေပေါ်၌လမ်းလျှောက်တော်မူခဲ့သည်။ ကျွန်ုပ်တို့အား ကျမ်းစာက "ပြတော်မူသော နိမိတ်လက္ခဏာတို့ကို များစွာသောသူတို့သည် မြင်ရသဖြင့် ကိုယ်တော်ကို ယုံကြည်ခြင်းသို့ရောက်ကြ၏။" (ယော ၂း၂၃) ဟုဖော်ပြထားသည်။

၇။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း တပည့်တော်များက လက်ခံသိမှတ်ပြုခဲ့သည်။ ပေတရုက "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေသည်။ (မဿဲ ၁၆း၁၆)။ လူအများက ဤသို့ဝန်ခံခဲ့ကြသည်။

၈။ နတ်ဆိုးတို့က ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။ "နတ်ဆိုးတို့သည် ကျယ်သောအသံနှင့် ထွက်လာ၍ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်ပါ၏ဟုဆိုလျှင် ကိုယ်တော်သည် သူတို့အား တိတ်ဆိတ်

စွာနေစေခြင်းငှာဆုံးမတော်မူ၏။ အကြောင်းမူကား နတ်ဆိုးတို့သည် ကိုယ်တော်အား ခရစ်တော်ဖြစ်ကြောင်း သိကြသောကြောင့်ဖြစ်၏" (လုကာ ၄း၃၁-၃၇၊ ၄၀-၄၁)။

၉။ အခြားသောသူများကလည်း ယေရှုသည် မိမိကိုယ်ကို ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ပြောဆိုကြောင်း ဝန်ခံခဲ့ကြသည်။ "ခမည်းတော်သည် သန့်ရှင်းစေ၍ ဤလောကသို့ စေလွှတ်တော် မူသောသူက၊ ငါသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟုဆိုသောကြောင့်၊ သင်သည် ဘုရားသခင်ကို လွန်ကျူး၍ပြောသည်ဟု ထိုသူအား ဆိုရာသလော" (ယော ၁၀း၃၆)။

၁၀။ ယေရှုကိုယ်တိုင်က သူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံတော်မူ၏။ ဘုရားသခင်၏သားတော်အဖြစ် ဘုန်းတော်ထင်ရှားစေရန်၊ လာဇရုကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခဲ့သည်။ (ယော ၁၁း၄)။

၁၁။ ဘုရားသခင်ကိုယ်တော်တိုင်က ဝန်ခံတော်မူခဲ့သည်။ "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့။" (မဿဲ ၁၇း၅)။

၁၂။ ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသည်။ ရှင်ပေါလုက "သေခြင်းမှ ထမြောက်တော်မူ၍ သန့်ရှင်းသော ဝိညာဉ်အားဖြင့်၊- တန်ခိုးနှင့်တကွ ဘုရားသခင်၏သားတော်ထင်ရှားဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်တည်း။" (ရောမ ၁း၂-၅)ဟုဖော်ပြခဲ့သည်။

၁၃။ ယုံကြည်သူတို့အား ကိုယ်တော်သည် အသက်ကိုပေးပိုင်တော်မူ၏။ "ယေရှုသည် ခရစ်တော်ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း။" (ယော ၂၀း၃၁)။

၁၄။ ကိုယ်တော်သည် တဖန်ကြွလာဦးမည်။ "ငါသည်တဖန်ပြန်လာမည်" (ယော ၁၄း၃)။

၁၅။ သမိုင်းကြောင်းက၊ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်း ဝန်ခံသည်။

၁၆။ ကိုယ်တော်သည် ယနေ့အသက်ရှင်လျက်ရှိရုံသာမက ထာဝရအသက်ရှင်လျက်တည်နေတော်မူသည်။

သမ္မာကျမ်းစာနှင့် ကျမ်းစာပြင်ပမှသာဓကများကို အလုံးစုံဖော်ပြရလျှင် နေရာဆန့်မည်မဟုတ်ပါ။ ဤအချက်များလောက်ဆိုလျှင် သင်ဆင်ခြင်ရန်လုံလောက်ပြီဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်း ယုံကြည်ပါပြီလား၊ ယုံကြည်လျှင်ဝန်ခံပါ။ (မဿဲ ၁၀း၃၂)။ ပြီးလျှင် သူ၏စကားအတိုင်း နာခံလိုက်လျှောက်ပါ။ သင်၏ကယ်တင်ရှင်ဖြစ်လျက် သူ့အားဖြင့် ထာဝရအသက် မြော်လင့်ခြင်းကိုရရှိပါမည်။ (တမန် ၂း၃၈၊ မာကု ၁၆း၁၆၊ ကော ၁း၂၇)

* * * * *

# အခန်း (၃)

## ဘုရားသခင်၏သားတော်

သမ္မာကျမ်းစာက ရှင်းလင်းစွာဖြင့် ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ ၎င်းကို လက်ခံနိုင်ခြင်းမရှိသူအချို့ရှိသည်။ ထိုသူတို့သည် ပြန်လှန်မေးခွန်းထုတ်ရုံမျှသာမက ငြင်းပယ်ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် လူ့အမြင်၊ လူ့သတ်မှတ်ချက်ဖြင့် နားလည်ရန် ကြိုးစာခဲ့၍ဖြစ်ပါသည်။ "ဘုရားသခင်သည် အဘယ်သို့သားတော်ရှိနိုင်မည်နည်း" ဟုမေးခွန်းထုတ်ရုံမျှမက "ထိုသို့သာ သားရှိလျှင် သူ့၌ဇနီးရှိရမည်" ဟုဆင်ခြင်ပေးကြပြန်သည်။ သူတို့စိတ်နှလုံး၌ ဤသို့မဖြစ်နိုင်သည်များကို တွေးတောကြံစည်ပြီး ဤမျှနှင့် "မဖြစ်နိုင်ပါ" ဟုသတ်မှတ်ထားခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့က အခြေခံအချက်အလက်များကို ဆန်းစစ်ကြည့်ကြပါစို့။

ဦးစွာသတိပြုအပ်သည်မှာ သမ္မာကျမ်းစာက ဘုရားသခင်၏သားတော်ဖြစ်တော်မူခြင်းကို ဖော်ပြရာ၌ ကွဲပြားသော အဓိပ္ပါယ်များကို ဆောင်ထားကြောင်း သိရပေမည်။

၁။ ဘုရားသခင်သည် လူများကို ဖန်ဆင်းတော်မူခဲ့သဖြင့် ရုပ်ပိုင်းဆိုင်ရာအရပြောရလျှင် လူအားလုံးသည် ဘုရားသခင်၏သားများဖြစ်ကြပါသည်။ "ကမ္ဘာဦးကျမ်း ၆း၂" ၌တွေ့ရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမျိုးဖြစ်ကြသည်။ (တမန်တော် ၁၇း၂၈) ထို့ကြောင့် လူသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဘုရားသခင်၏အမှုတော်ဆောင်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ၊ ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဖန်ဆင်းတော်မူခြင်းခံရသူသာဖြစ်၍ ရုပ်ပိုင်း

ဆိုင်ရာအရ သတ်မှတ်ရလျှင် ဘုရားသခင်၏သား ဖြစ်ပါသည်။ သို့သော်လူသည် သူ့ကိုဖန်ဆင်းရှင်ထံတော်ပါးမှ အပြစ်တရားကြောင့် အဝေးသို့ ကွဲကွာရောက်ရှိနေသဖြင့် ပြန်လည်၍ ရွေးနှုတ်ခြင်းခံရလျက် ထံတော်ချဉ်းကပ်ရန်လိုအပ်နေပါသည်။ (ဧဖက် ၂း၁၆၊ ကော ၁း၁၄)

၂။ ဘုရားသခင်က ဣသရေလလူမျိုးသည် သူ၏သားများဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ မှန်ပါသည်။ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ဝိညာဉ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်ရွေးချယ်တော်မူသောအမျိုးဖြစ်ပါသည်။ "ဖာရောဘုရင်ကိုလည်း ထာဝရဘုရားက ဣသရေလသည် ငါ့သားဖြစ်၏။ ငါ့သားဦးဖြစ်၏။ ငါ့သားသည် ငါ့အား ဝတ်ပြုသော အခွင့်ရှိစေခြင်းငှာလွှတ်လော့။ မလွှတ်ဘူးဟုငြင်းလျှင်၊ သင်၏သား၊ သင်၏သားဦးကိုပင် ငါကွပ်မျက်မည်။" (ထွက်မြောက်ရာ ၄း၂၂-၂၃)

၃။ ဘုရားသခင်၏ ပညတ်တော်များကို လိုက်နာခြင်းဖြင့် လူသည် ဘုရားသခင်၏ဝိညာဉ်ပိုင်းဆိုင်ရာသား ဖြစ်လာသည်။ "ဘုရားသခင်၏ ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သား ဖြစ်ကြ၏။" (ရောမ ၈း၁၄) "တဖန်တုံ၊ အမွေခံမည်သည်ကား၊ ဥစ္စာရှိသမျှကို ပိုင်ထိုက်သောသူဖြစ်သော်လည်း၊ အရွယ်မရောက်မှီကာလပတ်လုံး၊ အစေအပါကျွန်နှင့်တူ၏။ အဖစီရင်နှင့်သောအချိန်ကာလမရောက်မှီတိုင်အောင်၊ အစောင့်အထိန်း၊ အအုပ်အချုပ်တို့လက်၌ရှိ၏။ ထိုနည်းတူ ငါတို့သည် အရွယ်မရောက်မှီ လောကီတရားနလက်၌ကျွန်ခံကြရ၏။ အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကိုခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှာ၊ မိန်းမဝမ်း၌ပဋိသန္ဓေယူ၍၊ ပညတ်တရားအောက်၌ ဖွားမြင်ရသော

သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗ၊ အဘဟုခေါ်တတ်သောသားတော်၏ ဝိညာဉ်တော်ကိုသင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမွေခံလည်းဖြစ်ကြ၏" (ဂလာတိ ၄း၁-၇)

သားများဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများဖြစ်ကြသည်။ "သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သားဖြစ်ကြ၏။ ခရစ်တော်၌(ထဲသို့) ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။" (ဂလာတိ ၃း၂၆-၂၇)။ "ထိုသို့ သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင်ကျင့်တော်မူသည့်နည်းတူ ကျင့်ကြလော့။" (ဧဖက် ၅း၁)။ "ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည်ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့် မဆိုင်။" (၁ယော ၃း၁၀)။ "ငါတို့သည် ဘုရားသခင်ကိုချစ်၍၊ ပညတ်တော်တို့ကိုစောင့်ကြလျှင်၊ ဘုရားသခင်၏သားတို့ကိုချစ်ကြသည်ကို ငါတို့သိရကြ၏။" (၁ယော ၅း၂)။

၄။ နောက်ဆုံးခရစ်တော်သည် ဘုရားသခင်၏သားဖြစ်တော်မူကြောင်း ပြောကြားရာ၌ ထူးခြားသောအဓိပ္ပါယ်၊ ခမည်းတော်နှင့်သားတော် ဆက်နွယ်မှုကို သိသာထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ အစအဦးကပင် ဘုရားသခင်သည် ခရစ်တော်မှာ သူ၏သားတော်ဖြစ်တော်မူကြောင်းဖော်ပြခဲ့သည်။ "ကောင်းကင်ကအသံတော်လာသည်ကား၊ ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။" (မဿဲ ၃း၁၇)။ တဖန်(မဿဲ ၁၇း၅)၌လည်း "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏

ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟုမိုးတိမ်က အသံတော်ဖြစ်လေ၏။" ဟုဒုတိယအကြိမ်မိန့်တော်မူခဲ့၏။ ပေတရုကလည်း ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော် မူကြောင်း ဝန်ခံခဲ့သည်။ (မဿဲ ၁၆း၁၆)။ ဘုရားသခင်သည် မိမိ၏ သားတော်ကို တလောကလုံး၏ အပြစ်များအတွက်အသေခံတော်မူရန် စေလွှတ်တော်မူခဲ့သည်။ (ယော ၃း၁၆–၁၇၊ရောမ ၈း၃)။ တရားဟောကြားရာ၌ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဖော်ပြ ခဲ့ကြသည်။ (တမန် ၉း၂၀)။ ဤသို့ ဖော်ပြရန်အချက်ပေါင်းများစွာရှိ သော်လည်း ဤမျှဆိုလျှင် လုံလောက်ပေပြီ။

သို့ဆိုလျှင်ခရစ်တော်သည် မည်သို့၊မည်ပုံ ဘုရားသခင်၏သားတော်ဖြစ်တော်မူပါသနည်း။ ကိုယ်တော်သည် အစအဦး၌ပင် ဘုရားသခင်နှင့်အတူရှိတော်မူ၏။ "အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏"(ယော ၁း၁–၂)။ ကိုယ်တော်သည် ဖန်ဆင်းတော်မူခြင်းအစ၌ပါရှိတော်မူ၏။ ဘုရားသခင်က "ငါတို့ပုံသဏ္ဍာန်နှင့် တညီ တသဏ္ဍာန်တည်းလူကိုဖန်ဆင်းကြစို့။" (ကမ္ဘာဦး ၁း၂၆)ဟုဖော်ပြထား၏။ ဟေဗြဲဩဝါဒစာရေးသူက "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ၊ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ သားတော်အားဖြင့် လောကဓါတ်တို့ကိုတည်တော်မူ၏" (ဟေဗြဲ ၁း၁–၂)။ ရှင်ယောဟန်က "ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှ မရှိ။" (ယော ၁း၃) ဟုဖြည့်စွက်ဖော်ပြထား၏။

ခရစ်တော်သည် သုံးပါးတစ်ဆူဘုရား၌ ပါဝင်တော်မူ၏။ ခမည်းတော်ဘုရား၊ သားတော်ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်၏။(မဿဲ ၂၈း၂၀)။ ခရစ်တော်နှင့်စပ်လျဉ်း၍ ပေါလုက "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ်အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။" (ကောလောသဲ ၂း၉-၁၀) (ရောမ ၁း၂၀)၌လည်း ဖော်ပြထားပါသည်။

ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၍ ခရစ်တော်သည် ဘုရားသခင်၏ နာမ်ဝိညာဉ်ဖြင့် ကျိန်းဝပ်တော်မူ၏။ နောက်ဆုံးအချိန်ကာလစေ့သော် ကတိတော်ရှိသည့်အတိုင်း ခမည်းတော်ကို စွန့်၍ လောကသို့ ကြွလာတော်မူပြီး၊ မာရိ၏ဝမ်း၌သန္ဓေယူကာ လူ့ဇာတိကို ခံယူမွေးဖွားတော်မူ၏။ သို့ဖြစ်၍ သူ၏အမှုတော်ဖြစ်သော လောကအပြစ်များအတွက် ကားတိုင်ပေါ်၌အသေခံတော်မူခြင်း၊ မြှုပ်နှံခြင်းခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်း၊ တဖန်ကောင်းကင်ဘုံရှင်ခမည်းတော်ထံတော်သို့ ပြန်လည်ကြွသွားတော်မူပြီး ယခုတိုင်အောင် စိုးစံတော်မူပါသည်။ (မဿဲ ၁း၂၁၊ ယော ၃း၁၇၊ ဂလာတိ ၄း၁၊ ယော ၄း၉၊ ၁ယော ၄း၁၄၊ ၁ကော ၁၅း၁-၄၊ တမန်တော် ၂)

ခရစ်တော်သည် ရှေးမဆွကပင် ဘုရားသခင်နှင့်အတူရှိတော်မူသော်လည်း၊ ဘုရား၏ဇာတိ ဝိသေသများနှင့်ပြည့်စုံသော်လည်း ခမည်းတော်ဘုရားမဟုတ်ခဲ့ပါ။ ခမည်းတော်ဘုရားသခင်တစ်ပါး၊ သားတော်ခရစ်တော်တစ်ပါး၊ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးရှိ၏။ (ဧဖက် ၄း၁-၆)။ တစ်ပါးစီဖြစ်တော်မူသော်လည်း သုံးပါးပေါင်းတစ်ဆူတည်း

သာဖြစ်ပါ၏။ တစ်ဦးစီသည် အရည်အသွေး သီးခြားရှိလျက် လုပ်ဆောင်မှုတစ်မျိုးစီရှိကာ သုံးပါးပေါင်းတစ်ဆူတည်းသော ဘုရားရှင်၏ ပင်မဦးတည်မှု၌ အားလုံးပါဝင်ပါသည်။

ဘုရားသခင်၌ သားတော်မရှိနိုင်ဟုဆိုခြင်းမှာ ဘုရားရှင်ကို လူ့သတ်မှတ်ချက်ဖြင့်ဘောင်ခတ်ခြင်းသာဖြစ်၍ ဤသို့မဆိုအပ်ပါ။ ဘုရားသခင်နှင့်စပ်လျဉ်း၍ လူသားအနေနှင့် မည်သို့ပြည့်စုံစွာ သိနားလည်နိုင်မည်မဟုတ်ပါ။ ဘုရားသခင်နှင့်သားတော်သည် ဘုရားဇာတိတော်ရှိပြီး ကျွန်ုပ်တို့မှာ လူ့ဇာတိခံလူသားများသာဖြစ်ပါသည်။ မသိနားမလည်၊ လူ့ဉာဏ်ဖြင့် မမီသောအရာကို ယုံကြည်ခြင်းဖြင့်သာ လက်ခံရပေမည်။ ကျွန်ုပ်တို့၌ ဝေဖန်ဆန်းစစ်ဘို့အကြောင်းမရှိပါ။ အရာခပ်သိမ်းသည် ဘုရားသခင်ကိုသာ ဦးတည်ညွှန်ပြနေပြီး သူ၏နှုတ်ကပတ်တော်၌ သူ၏သားတော်နှင့်ဆိုင်သောအကြောင်းအရာများကို ကျွန်ုပ်တို့အား ဖော်ပြထားပြီးဖြစ်ပါသည်။

ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း များစွာသောအထောက်အထား၊ သက်သေ၊ ခိုင်လုံသောသာဓကများစွာရှိပါသည်။ ထို့ကြောင့် ကိုယ်တော်က "ဘုရားသခင်ကို ယုံကြည်ကြလော့၊ ငါ့ကိုလည်း ယုံကြည်ကြလော့" (ယော ၁၄း၁) ဟု မိန့်တော်မူခဲ့ပါသည်။ မှန်ပါသည်။ ကျွန်ုပ်တို့က ယုံကြည်လက်ခံရမည်သာဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် မိမိတို့အပြစ်များ၌ နစ်မြုပ်သေဆုံးကြမည်သာဖြစ်ပါသည်။

* * * * *

# အခန်း (၄)

## လက်ဖြင့်ထုလုပ်သော အရာများကို ကိုးကွယ်ခြင်း၏အပြစ်

လက်ဖြင့်ထုလုပ်သော အရာဆိုသည်မှာ သစ်သား၊ ကျောက်၊ သတ္တုတစ်ခုခုဖြင့် ထုလုပ်လျက် ဘုရား(သို့မဟုတ်)ဘုရားမ အဖြစ် ကိုးကွယ်သောအရာများကို ဆိုလိုသည်။ ၎င်းတို့မှာ လူ၏ပုံသဏ္ဍာန် (သို့မဟုတ်) သဘာဝ၏ တစ်စိတ်တစ်ဒေသ ပုံသဏ္ဍာန်၊ လူ၏အချိန်နှင့် ဝတ်ပြုကိုးကွယ်မှုကို တောင်းဆိုသောအရာများဖြစ်သည်။ ဤသို့ ကိုးကွယ်မှုမှာ ရှေးကပ်ကာလကဖြစ်၍ ယခုလည်း ဤပုံစံအတိုင်းကိုး ကွယ်ခြင်းသာဖြစ်၏။ ရှေးနတ်ဘုရားများနှင့် ယခုနတ်ဘုရားများမှာ ပုံသဏ္ဍာန်အားဖြင့် ကွာခြားမှုရှိသော်လည်း လက်ဖြင့်ထုလုပ်သောအရာ များသာဖြစ်၍၊ စစ်မှန်သော အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးကွယ်ခြင်းမျိုးမဟုတ်၍ အပြစ်ပင်ဖြစ်၏။

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာက "ငါမှတစ်ပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်၊ အထက်မိုးကောင်းကင်၌လည်းကောင်း အောက်အရပ်မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက်ရေထဲ၌လည်း ကောင်း၊ ရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင် ရုပ်တု၊ ဆင်းတုကို ကိုယ့် အဘို့မလုပ်နှင့်။ ဦးမချ၊ ဝတ်မပြုနှင့်၊ အကြောင်းမူကား သင်၏ဘုရား သခင် ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည်ဟုယုံလွယ်သော ဘုရားဖြစ်၏။" (ထွက်မြောက် ၂၀း၄–၅)။ ထို့ကြောင့်အရှင်ထာဝရဘုရား ၏အမိန့်တော်ကို ဣသရေလအမျိုးအား ဆင့်ဆိုရမည်မှာ နောင်တရ၍

ရုပ်တုတို့ကို ကြဉ်ရှောင်ကြလော့၊ သင်တို့ပြုသမျှသော စက်ဆုပ်ရွံရှာဘွယ် သောအမှုတို့မှ မျက်နှာလွှဲကြလော့။" (ယေဇကျေလ ၁၄း၆)

ဓမ္မသစ်ကျမ်း၌လည်း "ထို့ကြောင့်တစ်ပါးအမျိုးသားတို့အထဲမှ ဘုရားသခင်ထံတော်သို့ပြောင်းလဲသောသူတို့ကို မနှောင့်ရှက်ဘဲလျက်၊ ရုပ်တုတို့၏ညစ်ညူးရာကိုလည်းကောင်း၊ မတရားသောမေထုံကို လည်းကောင်း၊ လည်ပင်းကိုညှစ်၍သတ်သော အရာကိုလည်းကောင်း၊ အသွေးကို လည်းကောင်း၊ ကြဉ်ရှောင်စေခြင်းငှာ သူတို့ကိုမှာလိုက်သင့်သည် ဟု ငါသဘောရှိ၏။" (တမန်တော် ၁၅း၁၉-၂၀)။ "ချစ်သားတို့ ရုပ်တု၊ ဆင်းတုတို့ကို ကြဉ်ရှောင်ကြလော့။" (၁ယော ၅း၂၁) ဟူ၍ဖော်ပြ ထားပါသည်။

ကျမ်းပြုသူများသည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြင့် ဖော်ပြခံရသည့်အတိုင်း ဤအရာများကို ကိုးကွယ်ခြင်းနှင့်စပ်လျဉ်း၍ များစွာ သတိပေးရေးသားခဲ့ပါသည်။ "ရုပ်တုဆင်းတုကို လုပ်သောသူအပေါင်း တို့သည် အချည်းနှီးသက်သက်ဖြစ်ကြ၏။ သူတို့နှစ်မြိုသောအရာတို့ သည် အကျိုးကိုမပေးနိုင်ကြ၊ ငါတို့သည်မမြင်တတ်၊ နားမလည်တတ်ဟု ရှက်စရာအကြောင်းကို ကိုယ်တိုင်သက်သေခံကြ၏။ ဘုရားသခင်ကို လုပ်သောသူ၊ အကျိုးမပေးနိုင်သောရုပ်တု ဆင်းတုကို သွန်းသောသူကား အဘယ်သူနည်း။ ထိုသူ၏အပေါင်းအဖော်ရှိသမျှတို့သည် ရှက်ကြလိမ့် မည်။ လုပ်သောသူတို့သည် လူသက်သက်ဖြစ်ကြ၏။ ရှိသမျှတို့သည် စုဝေး၍ ထကြစေ။ တစ်ပြိုင်နက်ထိတ်လန့်ရှက်ကြောက်ကြလိမ့်မည်။ ပန်းဘဲသမားသည် ပုဆိန်ကို လုပ်ခြင်းငှာမီးခဲ၌ ဖုတ်၍ လက်ရုံးအား ထုတ်လျက်သံတူနှင့်ထုနှက်၏။ အကယ်၍ မွတ်သိပ်သောအခါအားလျော့ တတ်၏။ ရေမသောက်ရသောအခါ မောတတ်၏။ လက်သမားသည်

မျဉ်းချလျက် စူးနှင့်မှတ်သား၍ လက်သမားတန်ဆာနှင့်လုပ်ပြီးလျှင် အိမ်၌နေစေခြင်းငှာ ကွန်ပါနှင့်ရေးသား၍၊ လူအသရေပါအောင်လူပုံ သဏ္ဍာန်နှင့်အညီထုလုပ်တတ်၏။ ကိုယ့်အဖို့အလို့ငှာအာရစ်ပင်တို့ကို ခုတ်၍ ကုပရုပင်၊ သပိတ်ပင်တို့ကိုရွေးယူသဖြင့် တောပင်အမျိုးမျိုးတို့ကို ဆည်းပူးတတ်၏။ အာရဇ်ပင်ကိုစိုက်၍မိုးရေလည်းမွေးတတ်၏။ လူသုံးရန် ထင်းဖြစ်၏။ လူလည်းယူ၍မီးလှုံတတ်၏။ တဖန်မီးမွေး၍ မုန့်ကိုပေါင်း တတ်၏။ တဖန်ဘုရားကိုလုပ်၍ကိုးကွယ်တတ်၏။ ရုပ်တုကိုထုလုပ်၍ ရုပ်တုရှေ့မှာပြပ်ဝပ်တတ်၏။ ထိုသစ်သားတစ်ပိုင်းနှင့်မီးမွေးတတ်၏။ တစ်ပိုင်းနှင့်အမဲသားကိုချက်၍စားတတ်၏။ ဖုတ်ကင်ပြီးမှဝစွာစားတတ်၏။ တဖန်မီးလှုံ၍ အယ်ငါနွေးပြီ၊ မီးကိုတွေ့ပြီဟုဆိုတတ်၏။ ကျန်သော အပိုင်းကိုလည်းယူ၍ ရုပ်တုတည်းဟူသော ဘုရားကိုလုပ်တတ်၏။ ထို ရုပ်တုရှေ့မှာပြပ်ဝပ်၍ ကိုးကွယ်တတ်၏။ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ၏။ အကျွန်ုပ်ကိုကယ်တင်တော်မူပါဟူ၍ ဆုတောင်း တတ်၏။ ထိုသို့သောသူသည် ပညာမရှိ၊ ဉာဏ်မရှိ၊ မမြင်နိုင်အောင်မျက် စိကိုလည်းကောင်း၊ နားမလည်နိုင်အောင် စိတ်နှလုံးကိုလည်းကောင်း ပိတ်၏။ ငါသည်တစ်ပိုင်းနှင့်မီးမွေးပြီး မုန့်ကိုလည်းထိုမီးခဲပေါ်မှာဖုတ် လေပြီ။ အမဲသားကိုလည်းကင်၍စားလေပြီ။ ကြွင်းသောအပိုင်းကိုစက် ဆုပ်ရွံရှာဘွယ်ဖြစ်စေရမည်လော၊ သစ်သားရှေ့မှာငါပြပ်ဝပ်ရမည်လော ဟုစိတ်နှလုံးထဲမှာအောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်ပညာအလျဉ်းမရှိပါ တကား။ သူသည်မီးဖိုပြာကိုကျက်စားတတ်၏။ မိုက်သောစိတ်နှင့် လမ်းလွဲ ပြီ။ ထို့ကြောင့်ကိုယ်ဝိညာဉ်ကိုကိုယ်မချွတ်နိုင်။ မိမိလက်ျာလက်၌ မိစ္ဆာ ဒိဋ္ဌိပါသလောဟုမအောက်မေ့နိုင်ပါတကား..” (ဟေရှာယ ၄၄း၉-၂၀)။

ဤကဲ့သို့သောအမှုနှင့်စပ်လျဉ်း၍ ဒါဝိဒ်ကလည်း ဤသို့ရေးသား ခဲ့၏။ "အကျွန်ုပ်တို့၌ ဘုန်းမရှိစေပဲ၊ အိုထာဝရဘုရား၊ အကျွန်ုပ်တို့၌ ဘုန်းမရှိစေပဲ၊ ကိုယ်တော်၏နာမ၌ ဂရုဏာတော်နှင့်သစ္စာတော်ကြောင့် ဘုန်းရှိပါစေသတည်း။ သူတို့၏ ဘုရားသခင်သည် အဘယ်မှာရှိသနည်း ဟုတစ်ပါးအမျိုးသားတို့သည် အဘယ့်ကြောင့်ဆိုရကြမည်နည်း။ ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ၏။ အလိုတော် ရှိသမျှ အတိုင်းပြုတော်မူ၏။ သူတို့၏ရုပ်တုများမူကားငွေလည်းဖြစ်၏။ ရွှေ လည်းဖြစ်၏။ လူလက်ဖြင့်လုပ်သောအရာပေတည်း။ ထိုရုပ်တုတို့ သည်နှုတ်ရှိ၍၊ စကားမပြောတတ်၊ မျက်စေ့ရှိ၍မမြင်တတ်၊ နားရှိ၍မကြား တတ်၊ နှာခေါင်းရှိ၍မနမ်းတတ်၊ လက်ရှိ၍မကိုင်တတ်၊ ခြေရှိ၍မသွား တတ်၊ သူတို့လည်ချောင်းဖြင့်အသံမပြုတတ်ပါတကား။ လုပ်သောသူ တို့သည်လည်းအတူတူ၊ ကိုးစားသောသူအပေါင်းတို့လည်း အတူတူပါ တကား (ဆာလံ၁၁၅း၁–၈)။

ဓမ္မသစ်ကျမ်း၌လည်း ဤသို့မှတ်တမ်းရှိ၏။ "ပေါလုသည် အာသင်မြို့၌၊ သိလနှင့်တိမောသေတို့ကိုငံ့လင့်၍နေစဉ် ထိုမြို့၌ရုပ်တုတို့ နှင့်အပြည့်ရှိသည်ကို မြင်လျှင်စိတ်ပူပန်ခြင်းသို့ရောက်၏။" (တမန် ၁၇း၁၆) ဆက်လက်၍ "ပေါလုသည် အာရေဩပေါက်၌ရပ်လျက် အချင်း အာသင်လူတို့ သင်တို့သည် ခပ်သိမ်းသောအရာတို့၌ နတ်ဘုရားတို့ကို အလွန်ရိုသေတတ်ကြသည်ကိုငါမြင်ပါ၏။ လမ်း၌သွား၍သင်တို့၏ဘုရား များကိုကြည့်ရှုသည်တွင် ငါတို့မသိသောဘုရားသခင်အဖို့ဟူ၍ အက္ခရာ တင်သော ယဇ်ပလ္လင်တစ်ခုကိုတွေ့ပါ၏။ သင်တို့သည်မသိပဲလျက် ကိုးကွယ်သောဘုရားသခင်၏အကြောင်းကို ငါဟောပြော၏။" (တမန် ၁၇း၂၂–၂၃)။ ပေါလုကသူကိုးကွယ်သောဘုရားသခင်သည် အရာခပ်သိမ်း

ကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်း၊ လူတို့လက်ဖြင့်လုပ်သော ဗိမ္မာန်တို့၌ ကျိန်းဝပ်တော်မမူကြောင်း၊ စားသောက်စရာလည်းမလို ကြောင်း ဟောကြားခဲ့သည်။

နောက်တစ်ကြိမ်၌လည်းပေါလုက "ရုပ်တုရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စားခြင်းအရာမှာ ရုပ်တုသည် ဤလောက၌ အချည်းနှီး သက်သက်ဖြစ်သည်ကိုလည်းကောင်း၊ တစ်ဆူတည်းသောဘုရားသခင် မှတပါး အဘယ်ဘုရားသခင်မျှမရှိသည်ကိုလည်းကောင်း၊ ငါတို့သိကြ ၏။ ဘုရားများ၊ အရှင်များဟုဆိုသည့်အတိုင်း ကောင်းကင်ပေါ်၊ မြေ ကြီးပေါ်မှာ ဘုရားဟူ၍ ခေါ်ဝေါ်သမုတ်သောသူအများရှိသော်လည်း၊ အကြင်ဘုရားသခင်ထံက ခပ်သိမ်းသောအရာဖြစ်၍ အကြင်ဘုရား သခင်အဘို့အလို့ငှါ ငါတို့သည် ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင် တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။" (၁ကော ၈း၄–၆)

သမ္မာကျမ်းစာသည် ဤအရာများကိုအပြစ်တင်သည်သာမက ၎င်းတို့ကိုကိုးကွယ်သောသူ၊ သစ္စာပျက်သောသူတို့သည် ကန့်နှင့် လောင်သောမီးအိုင်သို့ချခြင်းခံရမည်ကိုဖော်ပြတော်မူ၏။ (ဗျာဒိတ် ၂၁း၈)။ အခြားတစ်ဖက်၌လည်း ကျွန်ုပ်တို့အား သမ္မာကျမ်းစာက သဘာဝ၊ အသိဉာဏ်၊ ဆင်ခြင်တုံတရားတို့ကို မကိုးစား၊ မဆည်းကပ်ပဲ တစ် ပါးတည်းသော ဘုရားသခင်၌သာ ကိုးကွယ်ဆည်းကပ်ရန်ဖော်ပြထား ပါသည်(ဇေက် ၄း၆)။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏ (ယော ၄း၂၄)။ ထိုသခင်ကိုသာ ကျွန်ုပ်တို့လုပ်ကျွေးပြုစုရပေမည်။ (၁ သက်သာ ၁း၉)။

* * * * *

# အခန်း (၅)
## ခရစ်တော်၏အသွေးတော်

ဘုရားသခင်နှင့်လူတို့ဆက်သွယ်မှု၌ အသွေးသည်အမြဲတမ်း အရေးပါသောအဆင့်၌ရှိခဲ့သည်။ ဓမ္မဟောင်းကာလ၌ တိရိစ္ဆာန်များဖြင့် ယဇ်ပူဇော်ခဲ့ကြရသည်မှာမှန်ပါသည်။ သို့သော်ဤသို့ပူဇော်ခြင်းများက ထာဝရအားဖြင့်အပြစ်ကိုဖယ်ရှားယူဆောင်မပေးနိုင်ခဲ့ကြောင်း ဟေဗြဲဝါဒစာရေးသူက ဤသို့ညွှန်ပြခဲ့သည်။ "အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကိုမပယ်နိုင်ရာ၊–" (ဟေဗြဲ ၁၀း၄)။ ထိုသို့ဆိုလျှင် တိရိစ္ဆာန်၏အသွေးသည် အပြစ်ကို မကယ်နိုင်လျှင် လူသည် မည်သို့ကယ်တင်ခြင်းခံနိုင်မည်နည်း။ ထိုအဖြေကို ဓမ္မသစ်ကျမ်း၌ တွေ့ရပါသည်။ တစ်ကြိမ်တစ်ခါတည်းသာ သွန်းခဲ့သော ခရစ်တော်၏ အသွေးတော်သည် အပြစ်သားတိုင်း၏ အပြစ်ကိုထာဝရဆေးကြောနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် ဤသင်ခန်းစာတွင် ခရစ်တော်၏အသွေးတော်အကြောင်း လေ့လာကြပါစို့။

လူသည် အပြစ်သားဖြစ်၍ မိမိကိုယ်ကို မိမိမကယ်တင်နိုင်သောကြောင့်၊ ရှင်ပေါလုက "ငါတို့သည်အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏။" (ရောမ ၅း၈)။ ပေါလုကပင်(၁ကော ၁၅း၃) ၌ ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူကြောင်း၊ အသေခံခဲ့ခြင်းမှာလည်း ကားတိုင်ပေါ်၌ဖြစ်ကြောင်း ဖော်ပြခဲ့သည် (ဖိလိပ္ပိ

၂း၈)။ ဤသို့အသေခံတော်မူခြင်းဖြင့် အသွေးတော်သွန်းခဲ့ရာ၊ ထိုအသွေးတော်အားဖြင့် လူတို့သည် အပြစ်များမှဖြေလွှတ်၊ ကင်းစင်ခွင့်ရခဲ့ကြပါသည်။ ထိုအသွေးတော်နှင့် ကျွန်ုပ်တို့ မည်သည့်နည်းဖြင့်ထိတွေ့ဆက်စပ်နိုင်ပါသနည်း။ ဘာသာရေးကိုင်းရှိုင်းသူအများစုက ယုံကြည်ခြင်းဖြင့် ထိတွေ့ဆက်စပ်နိုင်သည်ဟု ဖြေကြမည်သာဖြစ်၏။ မှန်ပါသည်။ ယုံကြည်ခြင်းသည် လိုအပ်မှု၌ တစ်စိတ်တစ်ဒေသအားဖြင့်ပါဝင်သော်လည်း၊ ယုံကြည်ခြင်းတစ်ခုတည်းနှင့်မလုံလောက်၊ မပြည်စုံပါ၊ သမ္မာကျမ်းစာကိုလေ့လာရာ၌ ကိုယ်တော်၏ စကားကိုနာခံရန်ဖော်ပြထား၏ (ဟေဗြဲ ၅း၈–၉)။ နှုတ်ကပတ်တော်တရားကိုနာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့ဟူ၍လည်းကောင်း(ယာကုပ် ၁း၂၂)၊ ပညတ်တော်များကိုစောင့်ရှောက်ရန်ကိုလည်းကောင်း(ယော ၁၄း၁၅)စသည်ဖြင့် ဖော်ပြထားပါသည်။ ကိုယ်တော်မိန့်တော်မူသမျှကို နားထောင်လျှက်ကိုယ်တော်၏အသွေးတော်နှင့် တွေ့ထိဆက်စပ်ခြင်းပင်ဖြစ်ပါသည်။ ကိုယ်တော်က မည်သို့မိန့်တော်မူထားပါသနည်း။ ကျမ်းချက်အချို့ကိုလေ့လာနိုင်ပါသည်။ "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့" (မာကု ၁၆း၁၆)။ ခရစ်တော်က သူ့ကိုယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုဆိုထားရာ ဤအမိန့်ကိုနာခံခြင်း၊ လိုက်နာခြင်းဖြင့်၊ လူသည်ခရစ်တော်၏အသွေးတော်နှင့်ဆက်ဆံခွင့်ရရှိကာ သူ၏အပြစ်မှလည်း ကင်းစင်ခွင့်ရရှိပါသည်။ ပေတရုက ဆက်လက်၍ လူများစွာတို့အား "သင်တို့အပြစ်ကိုလွှတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့၊

သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်" (တမန် ၂း၃၈)။ ထို့ကြောင့်လူသည် နောင်တရလျက် သခင်ခရစ်တော်၌ ဗတ္တိဇံကိုခံယူခြင်းဖြင့် အပြစ်များလွတ်ခြင်းအခွင့်ရ ရှိသည်။ ပြည့်ဝစုံလင်တော်မူသော ခရစ်တော်၏ယဇ်ပူဇော်ခြင်းအား ဖြင့်၊ ကိုယ်တော်၏အသွေးတော်၌ အပြစ်လွတ်ခြင်းအခွင့်ကိုရရှိပြီး၊ ဤအမိန့်များကို နာခံသောအားဖြင့် လူသည် ခရစ်တော်၏ အသွေး တော်နှင့် ဆက်ဆံခွင့်ရရှိကာ အပြစ်များမှလွတ်ခြင်းအခွင့်ရပေသည်။ ရှောလုပြောင်းလဲသွားပြီးနောက် တရားဟောဆရာ အာနနိသည်ရောက် လာပြီး "ယခုလည်းသင်သည် အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့၊ သခင်ဘုရားကို ပဋ္ဌနာပြုလျက် ဗတ္တိဇံကိုခံ၍ သင်၏အပြစ်များ ကိုဆေးကြောလော့" (တမန် ၂၂း၁၆)၊ ဟုပြောခဲ့သည်မဟုတ်ပါလား။ သို့သော်ဗတ္တိဇံခံခြင်းဖြင့် မည်သို့အပြစ်များမှဆေးကြောခွင့်ရပါသနည်း။ ရေအားဖြင့်မဆိုလိုပါ။ အမိန့်တော်ကို နာခံခြင်းအားဖြင့်သာဖြစ်ပါ၏။ လူသည် ခရစ်တော်၏အမိန့်တော်ကို တသဝေမတိမ်းနာခံလျှင် သူ့အ ပြစ်များကို ခရစ်တော်၏အသွေးတော်က ဆေးကြောသန့်စင်စေပါသည်။ ဤသို့ရှင်းရှင်းလေးပင်ဖြစ်ပါသည်။

(ရောမ ၆း၃–၆)၌ ရှင်ပေါလုက ဤသို့ဆက်လက်ဖော်ပြထား ပါသည်။ "ယေရှုခရစ်၌ (ထဲသို့) ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ (ထဲသို့) ဗတ္တိဇံကိုခံကြသည်ဟု သင်တို့မသိသ လော။ ထို့ကြောင့်အသေခံတော်မူခြင်း၌(ထဲသို့) ဗတ္တိဇံကိုခံသောအား ဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ

ထမြောက်တော်မူသည့်နည်းတူ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ကြရသတည်း။ တနည်းကား အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိသည်မှန်လျှင် ထမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။ ထိုမှတပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကားတိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့ သိကြ၏။ အကြောင်းမူကား ငါတို့သည်နောက်မှ အပြစ်တရား၏ အစေကို မခံစေခြင်းငှာ အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည့်အကြောင်းတည်း"။

ရှင်ပေါလုက ကျွန်ုပ်တို့သည် နာခံခြင်းဖြင့် ခရစ်တော်၏ အသေခံတော်မူခြင်း၌ ပါဝင်ကာ၊ ကိုယ်တော်၏ သေခြင်းနှင့်ဆိုင်သော အကျိုးကျေးဇူးများကို ပါဝင်ဆက်ဆံနိုင်ကြပါသည်ဟုဆိုထားပါသည်။ ထိုသို့ခရစ်တော်၏အသွေးတော်နှင့် ဆက်ဆံခွင့်ကိုရပြီး သန့်ရှင်းစင်ကြယ်စေရသောအခွင့်ကိုပါ တပါတည်းခံစားခွင့်ရခဲ့ပါသည်။

ဖေက်(၁း၇)၌ ကျွန်ုပ်တို့၏အပြစ်များမှ ဖြေလွှတ်ခွင့်ကို ခရစ်တော်၏အသွေးတော်အားဖြင့်သာရကြောင်း၊ (မဿဲ ၂၆း၂၈)၌ ခရစ်တော်ကိုယ်တိုင်က "လူများတို့အပြစ်ကိုလွှတ်စေခြင်းငှာ သွန်းသောငါ၏အသွေး" ဟူ၍လည်းကောင်း၊ မိန့်တော်မူခဲ့ပါသည်။ ဤကျမ်းပိုဒ်များက ကျွန်ုပ်တို့အား အပြစ်များမှလွှတ်ခြင်းနှင့် ကယ်တင်ခြင်းကို ဖော်ပြခဲ့သည်။ (တမန်တော် ၂း၃၈ နှင့် မာကု ၁၆း၁၆) ကို လေ့လာပါ။ ဤအမိန့်တော်များကို နာခံခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသွေးတော်နှင့်ထိတွေ့ဆက်စပ်ခွင့်ရကာ သန့်ရှင်းခြင်းသို့ရောက်ရပါသည်။ ဤနည်းမှလွဲ၍ အခြားနည်းလမ်းမရှိပါ။ အောက်ပါအချက်များ၌ အသွေးတော်နှင့်ဆိုင်သော အကြောင်းအရာများကိုလေ့လာကြပါစို့။

၁။ ပဋိညာဉ်တရားသစ်သည် ခရစ်တော်၏အသွေးတော်အားဖြင့် တံဆိပ်ခတ်ထား၏။ (မဿဲ ၂၆း၂၈)။

၂။ ခရစ်တော်၏အသွေးတော်သည် ယုဒလူများနှင့်တစ်ပါးအမျိုးသားတို့စပ်ကြားနံရံကို ဖြိုဖျက်ခဲ့သည်။ (ဧဖက် ၂း၁၃-၁၅)။

၃။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရသည်။ (ရောမ ၅း၉)။

၄။ ကိုယ်တော်၏အသွေးတော်အားဖြင့် အပြစ်မှလွတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကိုခံကြရ၏။ (ကောလောသဲ ၁း၁၄)။

၅။ အသင်းတော်သည် အသွေးတော်အားဖြင့် ဝယ်ယူထားခြင်းဖြစ်၏။ (တမန် ၂၀း၂၈)။

၆။ လက်ဝါးကားတိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေသည်။ (ကောလောသဲ ၁း၂၀)။

၇။ အပြစ်သားများအား ခရစ်တော်၏အသွေးတော်မြတ်ဖြင့် ရွေးနှုတ်တော်မူသည်။ (၁ပေ ၁း၁၈-၁၉)။

၈။ ခရစ်တော်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ (၁ယော ၁း၇)။

၉။ ခရစ်တော်၏အသွေးတော်ဖြင့်သာ အပြစ်ဟူသမျှကို ဆေးကြောတော်မူ၏။ (ဗျာဒိတ် ၁း၅)။

၁၀။ မိမိတို့ဝတ်လုံကိုသိုးသူငယ်(ခရစ်တော်)၏ အသွေး၌လျှော်၍ဖြူစင်စေတော်မူ၏။ (ဗျာဒိတ် ၇း၁၄)။

၁၁။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ညစာ(ပွဲတော်မင်္ဂလာ)၌ ပါဝင်

ဆက်ဆံခြင်းဖြင့် သခင်ဘုရား၏ အသွေးတော်ကို အောက်မေ့သတိရကြ၏။ (မဿဲ ၂၆း၂၆-၂၈)။

ခရစ်တော်၏ အသွေးတော်သည် သင့်အဖို့ မည်သို့အဓိပ္ပါယ်ရှိပါသနည်း။ သင်သည်ခရစ်တော်အားနာခံခြင်းဖြင့် ပါဝင်ဆက်ဆံပြီးပြီလား၊ မဆက်ဆံရသေးလျှင် သင်သည်အပြစ်တရားလက်အောက်၌ရှိမြဲပင်ဖြစ်ပါသည်။ ခရစ်တော်၏စကားကိုနားထောင်၍ကျင့်သုံးမှသာလျှင် ကယ်တင်ခြင်းရယူမည်ဖြစ်ပါသည်။ ထို့နောက်သင်သည် အသွေးတော်နှင့် ဝယ်ယူထားသော ခရစ်တော်၏အသင်းတော်၌ အသင်းဝင်ဖြစ်လာပေမည်။ ထို့နောက်ခရစ်ယာန်ဖြစ်လာပြီး အပတ်စဉ်သခင်ဘုရား၏ ညစာ(ပွဲတော်မင်္ဂလာ)၌ ပါဝင်ဆက်ဆံခြင်းဖြင့်အသွေးတော်နှင့်ဆက်ဆံခွင့်ရကာ၊ အလင်းဖြစ်တော်မူသော ခရစ်တော်၌ နေ့စဉ်လိုက်လျှောက်ခွင့်ရပြီး၊ ထာဝရအသက်နှင့် သင့်အတွက်ပြင်ဆင်ထားသော နောက်ဆုံးဆုမြတ်မင်္ဂလာကို လက်ခံယူခြင်း၊ အပြစ်နှင့် မဖြောင့်မတ်ခြင်းများမှ ခရစ်တော်၏ အသွေးတော်ကထာဝရ ဆေးကြောပေးမည်ဖြစ်ပါသည်။ မှန်ပါသည်။ ကိုယ်တော်၏ အသွေးတော်၌ တန်ခိုးတော် ရှိပါသည်။

* * * * *

# အခန်း (၆)

## အဘယ့်ကြောင့် ခရစ်တော်သည် အသေခံတော်မူရသနည်း

ခရစ်တော်သည် အသေခံတော်မူခဲ့၏။ ဤအကြောင်းဟုတ်မှန်ကြောင်းကို သမ္မာကျမ်းစာ၌လည်းကောင်း၊ လူ့သမိုင်း၌လည်းကောင်း တွေ့ရပါသည်။ ဤအချက်ကို အခြေခံ၍ အောက်ပါအတိုင်းလေ့လာကြည့်ကြပါစို့။

၁။ ခရစ်တော်၏အသေခံတော်မူခြင်းမှာ သာမန်သေဆုံးခဲ့ရပုံမျိုးမဟုတ်ပါ။ လောက၌လူများစွာတို့သည် အသက်ရှင်ခဲ့ပြီး၊ သေဆုံးခဲ့ကြပါသည်။ ကျမ်းပြုဆရာက လူတိုင်းသည် သေခြင်းကို ရင်ဆိုင်ရမည်ဖြစ်ကြောင်းဖော်ပြထား၏။ (ဟေဗြဲ ၉း၂၇)။ အဘယ်ကြောင့် ခရစ်တော်၏အသေခံခြင်းက ထူးခြားနေရပါသနည်း။ ကိုယ်တော်သည် အခြားသူများကဲ့သို့ အသက်ရှင်၍ သေဆုံးခဲ့ခြင်းမဟုတ်ပေဘူးလား။ မှန်ပါသည်။ သို့သော် ကိုယ်တော်၏အသက်တာမှာ များစွာခြားနားပါသည်။ အသေခံတော်မူခြင်း၏ရည်ရွယ်ချက်မှာလည်း ကွာခြားပါသည်။ ကိုယ်တော်သည် အပြစ်နှင့်လုံးဝကင်းစင်သော အသက်တာ၌ရှင်ခဲ့ပြီး အသေခံတော်မူခြင်းဖြင့် လူများအားအပြစ်များမှ ကယ်တင်နိုင်ခဲ့ပါသည်။ (၂ကော ၅း၂၁)။

၂။ ခရစ်တော်၏အသေခံတော်မူခြင်းကို ကြိုတင်၍ ပရောဖက်ပြုထားပါသည်။ ပရောဖက်ဟေရှာယက "သို့သော်လည်း ထိုသူသည် ငါတို့ဖို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒါဏ်ခတ်

တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို လည်းကောင်း၊ ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း ချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက် ကိုယ့်လမ်းသို့အသီးအသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။" (ဟေရှာယ ၅၃း၄–၆)။

၃။ ခရစ်တော်ကိုယ်တိုင်က သူ၏အသေခံတော်မူမည့်အကြောင်းကို ဖော်ပြခဲ့သည်။ "ကိုယ်တော်သည် ထိုသူတို့အား ပြန်၍မိန့်တော်မူသည်ကား ဤဗိမာန်တော်ကိုဖြိုဖျက်လော့၊ သုံးရက်ကြာလျှင် ငါသည်ပြန်၍တည်ဆောက်မည် ဟုမိန့်တော်မူ၏။" (ယော ၂း၁၉)။ ဤသို့ပြောကြားရာ၌ ကိုယ်တော်သည် သူ၏ခန္ဓာကိုယ်တည်းဟူသော ဗိမာန်ကိုဆိုလိုလျက် သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူမည်ကိုဆိုလိုပါသည်။ ဤနေရာ၌ မည်သို့အသေခံတော်မူမည်ကို ကြိုတင်ပြောထားခြင်းဖြစ်ပါသည်။

၄။ ခရစ်တော်အားအသေခံရန် ဘုရားသခင်စေလွှတ်တော်မူ၏။ "ဘုရားသခင်၏ သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ယော ၃း၁၆)။

၅။ ခရစ်တော်သည် အသေခံတော်မူသည်အထိ ဘုရားသခင်အား နာခံတော်မူသည်။ ခမည်းတော်၏အလိုတော်ကား ခရစ်တော်ကို အသေခံစေတော်မူလိုသည်ဖြစ်၏။ "ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကားတိုင်၌ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။" (ဖိလိပ္ပိ ၂း၈)။

၆။ ခရစ်တော်သည် အပြစ်တစ်စုံတစ်ရာလုံးဝမရှိပဲ အသေခံတော်မူခဲ့သည်။ "ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှာ၊ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်းအပြစ်မရှိ" (၁ယော ၃း၅)။

၇။ ခရစ်တော်သည်အပြစ်သားများအတွက် အသေခံတော်မူ၏။ "ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏"(ရောမ ၅း၈)။ ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည်ငါတို့ကိုချစ်၍ ငါတို့၏အပြစ်များဖြေစရာအကြောင်းဖြစ်စေခြင်းငှာ သားတော်ကိုစေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ (၁ယော ၄း၁၀)။

၈။ ကျွန်ုပ်တို့အသက်ရှင်ရန်အလို့ငှာ ကိုယ်တော်ကအသေခံတော်မူခဲ့ရပါသည်။ "သားတော်အားဖြင့် ငါတို့ကို အသက်ရှင်စေခြင်းငှာ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူသောအရာ၌ ငါတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။" (၁ယော ၄း၉)။

၉။ ခရစ်တော်သည်ကားတိုင်ပေါ်၌ အသေခံတော်မူခဲ့သည်။ စင်စစ် ဤသို့သေဆုံးရခြင်းမှာ အလွန်ရက်စက်ကြမ်းကြုတ်စွာသေခြင်းမျိုးဖြစ်ပါသည်။ ကိုယ်တော်သည် ခန္ဓာကိုယ်၌ခံစားရသော ဝေဒနာထက်ပို၍ နာကျည်းစရာကောင်းသောအချက်မှာ သူခိုးဓားပြနှစ်ဦးအလယ်၌ ရာဇဝတ်သားကဲ့သို့ သတ်မှတ်ဒဏ်စီရင်ခံရခြင်းသာဖြစ်ပါသည်။ (မဿဲ ၂၇)ကိုဖတ်ပါ။ "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကိုစေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ပဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ပလ္လင်တော်လကျာ ဘက်၌ထိုင်နေတော်မူ၏" (ဟေဗြဲ ၁၂း၂)။

၁၀။ ခရစ်တော်သည် ပညတ်ဟောင်းကိုချေဖျက်ခြင်းငှာ အသေခံတော်မူခဲ့သည်။ "ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်ကိုချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။" (ကောလောသဲ ၂း၁၄)။

၁၁။ ခရစ်တော်သည် ပဋိညာဉ်တရားသစ်ကို ပေးအံ့သောငှာ အသေခံတော်မူ၏။ (မဿဲ ၂၆း၂၈)။ "ပဋိညာဉ်တရားသစ်ဟုမိန့်တော်မူသည်တွင် ပဌမပဋိညာဉ်တရားတော်ကိုဟောင်းစေတော်မူ၏။ ရွေ့လျော့၍ ဟောင်းသောအရာမည်သည်ကား ကွယ်ပျောက်ခြင်းသို့ရောက်လုနီးသတည်း" (ဟေဗြဲ ၈း၁၃)။

၁၂။ ခရစ်တော်သည် အသင်းတော်အတွက် အသေခံတော်မူ၏။ "အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကိုချစ်ကြလော့.. ထိုအသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဧဖက် ၅း၂၅-၂၇)။

၁၃။ ကျွန်ုပ်တို့အားဖြောင့်လင့်ခြင်းပေးရန် ကိုယ်တော်သည်အသေခံတော်မူခဲ့ပါသည်။ "ထိုသို့မြော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည့်နည်းတူ ကိုယ့်ကိုကိုယ်သန့်ရှင်းစေတတ်၏။" (၁ယော ၃း၃)

၁၄။ ခရစ်တော်သည် အသေခံတော်မူပြီးနောက် မြုပ်နှံခြင်းကိုခံတော်မူလျက် ရှင်ပြန်ထမြောက်စေတော်မူပြီး၊ ကောင်းကင်ဘုံရှင်ခမည်းတော်ထံတော်သို့ တက်ကြွသွားတော်မူ၏။ (မဿဲ ၂၈း၆၊ တမန် ၁း၁၀)။ ထို့ကြောင့်ကိုယ်တော်သည် လူတိုင်းအား ရှင်ပြန်ထမြောက်ခွင့်ပေးပိုင်တော်မူ၏။ (၁ကော ၁၅)။ ခရစ်တော်၌ ကျွန်ုပ်တို့သည် အောင်မြင်ခြင်းခွင့်ရယူနိုင်သည်။ (၁ယော ၅း၄-၅)။

ဤအချက်အချို့မှာ အဘယ်ကြောင့်ခရစ်တော်က အသေခံတော်မူရခြင်းကိုဖော်ပြထားပါသည်။ သင်လေ့လာတွေ့ရှိသည့်အတိုင်း ကိုယ်တော်သည် သာမန်သေခြင်းမျိုးဖြင့် သေခဲ့ခြင်းမဟုတ်ကြောင်းထင်ရှားပါသည်။ ရည်ရွယ်ချက်အပြည့်ဖြင့်အသေခံတော်မူခဲ့ခြင်းဖြစ်ပါသည်။ သင်နှင့်ကျွန်ုပ်အတွက် အသေခံတော်မူသည်။ လူသားအားလုံးအတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပျောက်ဆုံးခြင်းမရှိပဲ၊ ကယ်တင်ခြင်းခံအံ့သောငှာ အသေခံတော်မူရာသည်။ သာ၍ကောင်းသောအသက်တာကိုရစေခြင်းငှာအသေခံတော်မူသည်။ ထာဝရကယ်တင်ခြင်းပေးရန် အသေခံတော်မူရပါသည်။

ကိုယ်တော်သည် သင့်အား အဘယ်မျှလောက်ချစ်တော်မူသည်ကိုသိစေအံ့သောငှာ အသက်ကိုစွန့်၍ သင်အသက်ရှင်ရေးအတွက် ခံတော်မူခဲ့ပါသည်။ သူ၏မေတ္တာတော်ကိုသိရှိပြီး အလိုတော်ကို လိုက်ရန်မှာ သင့်တာဝန်ဖြစ်ပါသည်။ ကိုယ်တော်က "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့..." (ယော ၁၄း၁၅)ဟု မိန့်တော်မူ ခဲ့ပါသည်။

* * * * *

# အခန်း (၇)

## ခရစ်တော်၏အသင်းတော်ကို သင်ကြားဖူးပါသလား

လူပေါင်းများစွာကို စကားပြောကြည့်ရာ ခရစ်တော်၏အသင်းတော်အကြောင်းမကြားသိသေးသူပေါင်း မြောက်မြားစွာရှိကြောင်း တွေ့ရပါသည်။ သင်ကောကြားဖူးပါသလား၊ ကြားဖူးကောင်းကြားဖူးမည်ဖြစ်ပါသည်။ မကြားဖူးသေးလျှင် သူများအား မေးသကဲ့သို့ သင့်ကိုမေးလိုပါသည်။ အဘယ့်ကြောင့်မသိ၊ မကြားဖူးရပါသနည်း။ သင်၌သမ္မာကျမ်းစာရှိသည် မဟုတ်ပါလား၊ ထိုကျမ်းစာထဲ၌ သင်မည်သည့်အသင်းတော်အကြောင်း ဖတ်ရပါသနည်း။ သေချာစွာပြန်၍ ဖတ်ကြည့်လျှင် ၄င်း၌ဖော်ပြထားသော တစ်ခုတည်းသောအသင်းတော်အကြောင်းကိုသာဖတ်ရမည်ဖြစ်ပြီး၊ ထိုအသင်းတော်မှာလည်း ခရစ်တော်၏အသင်းတော်သာဖြစ်ကြောင်းတွေ့ရပါမည်။ သို့ပြုလျှင် သင်သည် အစဦးက ဤအသင်းတော်အကြောင်း ဘာကြောင့်မကြားဖူးခဲ့ရပါသနည်း။ အခြားသူများလည်း အဘယ်ကြောင့် ဤအကြောင်းမကြားဖူးဖြစ်ကြရပါသနည်း။ သင်သည်သမ္မာကျမ်းစာကို လက်ဝယ်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာရှိသကဲ့သို့ အချို့အသင်းတော်များရှိအသင်းသားများလက်ဝယ်၌လည်း သမ္မာကျမ်းစာရှိခဲ့ကြသည်မဟုတ်ပါလား၊ ဤဒေသရှိလူအတော်များများသည် အခြားအသင်းတော်များ၌ ပါဝင်နေသည်မဟုတ်ပါလား။ သို့သော် သခင်ဘုရား၏အသင်းတော်မှာမူမည်သို့နည်း။

ခရစ်တော်၏အသင်းတော်သည် ကမ္ဘာတဝှမ်း၌ရှိပါသည်။ နေရာတိုင်း၌ မရှိသော်လည်း သမ္မာကျမ်းနှင့်ကျမ်းစာအတိုင်းသာတိကျစွာလိုက်နာသူများရှိသော နေရာများ၌ရှိပါသည်။ ဤအသင်းတော်မှာ ဂိုဏ်းဂဏ၊ အသင်းတော်တစ်ခုလည်းမဟုတ်။ သီးခြားဂိုဏ်းကွဲတစ်ခုလည်း မဟုတ်။ လူတို့သတ်မှတ်သမုတ်သော အသင်းတော်လည်း မဟုတ်ပါ။ ကာသိုလစ်သော်လည်းကောင်း၊ ပရိုတက်စတဲန့်သော်လည်းကောင်း၊ ယုဒလူမျိုးအသင်းတော်သော်လည်းကောင်း မဟုတ်ပါ။ ထိုသို့ဆိုသော် ၎င်းသည်အဘယ်သို့နည်း။ ဤအသင်းတော်မှာ ရိုးရိုးရှင်းရှင်းလေးဖြစ်ပါသည်။ သင်ဖတ်သောကျမ်းစာ၌ပါသည့်အတိုင်းဖြစ်၍ သခင်ဘုရား၏အမိန့်တော်ကို တသဝေမတိမ်းလိုက်နာသောသူများ၊ သစ္စာရှိသောသူများပါဝင်တည်ရှိနေသောအသင်းတော်ဖြစ်ပါသည်။

ဤအသင်းတော်ကိုစတင်တည်ထောင်ခဲ့သူမှာ အခြားသူမဟုတ်ပါ။ သခင်ခရစ်တော်သာဖြစ်ပါသည်။ သင်ကိုယ်တိုင်ဖတ်ကြည့်ပါ။ (မဿဲ ၁၆း၁၈)၌ ကိုယ်တော်ကဤသို့မိန့်တော်မူခဲ့သည်။ "ဤကျောက်ပေါ်၌ငါ၏အသင်းကိုငါတည်ဆောက်မည်။" အသင်းတော်သည် ယေရုရှလင်မြို့၌အစပြုခဲ့ပါသည်။ (လုကာ၂၄ နှင့် တမန်တော်၂) ကို ဖတ်ကြည့်လျှင် မှန်ကန်ကြောင်းတွေ့နိုင်ပါသည်။ ဤအသင်းတော်၏ အစသည် လန်ဒန်မြို့၊ ဂျာမဏီပြည်၊ အမေရိကပြည်တို့၌စတင်ခဲ့သည် မဟုတ်ပါ။ ယေရုရှလင်မြို့၌သာ အစပြုခဲ့ခြင်းဖြစ်ပါသည်။

အသင်းတော်စတင်ရာခုနှစ်မှာ 'အေ၊ဒီ၊၃၃'ခု ဖြစ်ပါသည်။ ယခုဆိုလျှင်သက်တမ်းနှစ်ပေါင်းနှစ်ထောင်ပြည့်လုနီးပါးရှိသည်။ တမန်တော်ဝတ္ထုအခန်းကြီး–၂–ကို လေ့လာလျှင်အသင်းတော်မည်ကဲ့သို့စတင်မွေး

ဖွားပေါ်ပေါက်ခဲ့ကြောင်း တွေ့မြင်နိုင်ပြီး၊ ခုနစ်ကို အခြေခံတွက်ယူကြည့်နိုင်ပါသည်။ ခရစ်တော်က တည်ထောင်ခဲ့ခြင်းဖြစ်၍လည်း ခရစ်တော်၏အမည်နာမကိုသာ ခံယူခဲ့ခြင်းဖြစ်သည်။ ဤအသင်းတော်သည်သာ စစ်မှန်သောအသင်းတော်ဖြစ်၏။ "ခရစ်တော်၏အသင်းတော်အပေါင်းတို့သည် သင်တို့နှင့်နှုတ်ဆက်ကြ၏" (ရောမ ၁၆း၁၆)။ ၎င်း၏အသင်းသားများကိုလည်း ဤသို့မှန်ကန်စွာမှည့်ခေါ်ကြသည်။ "တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကိုအန္တိအုတ်မြို့၌အဦးခံရကြ၏" (တမန်တော် ၁၁း၂၆)။ သတိပြုရန်မှာ သမ္မာကျမ်းစာကိုလိုက်နာမှသာ ခရစ်ယာန်ဟုခေါ်ခြင်းကို ခံလိုက်ခြင်းဖြစ်၏။

ခရစ်တော်သည် အသင်းတော်တစ်ခုကိုသာ တည်ထောင်ခဲ့သည်။ (ဧဖက် ၄း၄)၌ ၎င်းကို "ခန္ဓာကိုယ်တစ်ကိုယ်တည်း"ဟုခေါ်ခဲ့သည်။ (ကောလောသဲ ၁း၁၈)၌ ကျမ်းပြုသူက ထိုခန္ဓာကိုယ်မှာ အသင်းတော်သာဖြစ်ကြောင်း ဖော်ပြထား၍ အသင်းတော်တစ်ခုတည်းသာရှိကြောင်းထင်ရှားပါသည်။

အသင်းတော်၏ ဦးခေါင်းသည် ခရစ်တော်သာဖြစ်၏။ "အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်းအပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကိုကယ်တင်သောသူဖြစ်တော်မူ၏။" (ဧဖက် ၅း၂၃)။ သခင်ခရစ်တော်၏ အသင်းတော်သည် လောကလူသားအကြီးအကဲမရှိ၊ လောကဌာနချုပ်လည်းမရှိပါ။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်း၊ အာဏာပိုင်ဖြစ်၍ ဘုရားသခင်၏လက်ယာတော်ဘက်၊ ကောင်းကင်ဘုံ၌ စိုးစံ၍အုပ်ချုပ်တော်မူသည်။

ခရစ်တော်သည် အသင်းတော်၏ကယ်တင်ရှင်ဖြစ်တော်မူ၏ဟု (ဧဖက် ၅း၂၃)၌ဖော်ပြပြီးဖြစ်သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ယောက်သည် ကယ်တင်ခြင်းရယူလိုလျှင် အသင်းတော်၌ အသင်းသားဖြစ်ရမည်သာဖြစ်၏။

ခရစ်တော်သည် အသင်းတော်အတွက် အသေခံတော်မူ၏။ (ဧဖက် ၅း၂၅-၂၇၊ တမန် ၂၀း၂၈)။ အသင်းတော်ကို ကိုယ်တော်သည် ဤမျှချစ်မြတ်နိုးလျက် တန်ဖိုးထားတော်မူ၏။ သင့်အနေနှင့် မည်မျှတန်ဖိုးထားပါသလဲ။

ကယ်တင်ခြင်းခံရသူတို့အား သခင်ဘုရားသည် သင်း၀င်စေတော်မူ၏ (တမန် ၂း၄၇)။ ခရစ်တော်ဘုရားကသာလျှင် ထိုသူတို့အား စစ်မှန်သော အသင်းတော်ဖြစ်သည့်သူ၏ အသင်းတော်သို့သွတ်သွင်းတော်မူသည်။

ကိုယ်တော်သည် သူ၏အသင်းတော်အတွက် ပြန်လည်ကြွလာတော်မူဦးမည်။ (ဧဖက် ၅း၂၇)။

ကိုယ်တော်ပြန်ကြွလာသောအခါ သင်သည်သူ၏အသင်းသားတစ်ဦးဖြစ်မနေလျှင် မည်သို့ပြုမည်နည်း။ လေးနက်စွာစဉ်းစားသင့်ပါသည်။ သခင်ဘုရား၏ အသင်းတော်သည် ယခုနေထိုင်ရာဒေသ၊ မြို့ရွာ၌တည်ရှိပြီးဖြစ်ပါသည်။ သင်သည်ကိုယ်တော်ကိုချစ်လျက် နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာပြီး သွန်သင်ချက်များကို ကျင့်သုံးလိုက်နာမည်ဆိုလျှင် အသင်းသားဖြစ်လာနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် နှုတ်ကပတ်တော်၌ ပိုမိုယုံကြည်လာခြင်း၊ သမ္မာကျမ်း၏အခွင့်အာဏာ၊ ဘုရားသခင်၊ သားတော်ယေရှုခရစ်တော်အကြောင်း

ပိုမိုသိရှိနားလည်ခံယူလာနိုင်ပေမည်။ (ဟေဗြဲ ၁၁း၆၊ ယော ၁၄း၁-၃၊ ရောမ ၁၀း၁၇)။ ထို့နောက် သင်သည် သင်၏အပြစ်အားလုံးမှ နောင်တရ၍ ထွက်ခွာလာပေမည်။ (လုကာ ၁၃း၃၊ တမန်တော် ၁၇း၃၀၊ တမန် ၂း၃၈)။ ထို့နောက်ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းဝန်ခံပါ။ (ရောမ ၁၀း၁၀၊ မဿဲ ၁၀း၃၂)။ ထို့နောက် အပြစ်များမှ ကယ်လွတ်ခြင်းရစိမ့်သောငှာ ဗတ္တိဇံ(ရေ၌သင်္ဂြိုလ်မြှုပ်နှံခြင်း) ခံယူပါ။ (တမန် ၂း၃၈၊ မာကု ၁၆း၁၆၊ ရောမ ၆း၃-၄၊ ဂလာတိ ၃း၂၆-၂၇၊ ၁ပေတရု ၃း၂၁)။ သို့ပြုလျှင် ရလဒ်အဖြစ် သခင်ဘုရားသည် သင့်အား သူ၏အသင်းတော်သို့ သင်းဝင်စေတော်မူမည်။ (တမန် ၂း၄၇)။ သင်သည် ထိုအခါမှ ခရစ်ယာန်တစ်ဦးဖြစ်လာမည်။ (၁ပေတရု ၄း၁၆)။ ဤသို့ဖြင့် သင်သည် သင့်ဒေသရှိ ခရစ်တော်၏အသင်းတော်၌ ပါဝင်နိုင်ပါ၏။ သခင်ဘုရားကို ချစ်သောသူများ၊ အမိန့်တော်များကို နာခံမည့်သူများ၊ ကိုယ်တော် အပေါ်သစ္စာရှိမည့်သူများ ရှိနေသရွေ့ တည်မြဲနေမည်သာဖြစ်၏။ ဤသို့ဆို၍ သင်သည် အခြားအသင်းတော်တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သွားခြင်းမဟုတ်။ ဂိုဏ်းဂဏတစ်ခုကို တည်ထောင်နေခြင်းလည်းလုံးဝမဟုတ်ပါ။ အကြောင်းမှာ သခင်ဘုရား၏ အသင်းတော်သည် ဂိုဏ်းဂဏအသင်း လုံးဝမဟုတ်သောကြောင့်ဖြစ်၏။

ထိုအတောအတွင်း သင်သည် ဤအသင်းတော်အကြောင်း ပိုမိုသိရှိလိုပါက သင်၏သမ္မာကျမ်းစာကိုဖတ်ပါ။ ကျွန်ုပ်တို့ထံစာနှင့် ရေးသား ဆက်သွယ်နိုင်ကြောင်းဖိတ်ခေါ်ပါသည်။ "ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း၊ အာမင်" (ဧဖက် ၃း၂၁)။

* * * * *

# အခန်း (၈)

## ခရစ်တော်၏အသင်းတော်ဆိုသည်မှာအဘယ်နည်း

ယနေ့ကမ္ဘာပေါ်၌ အသင်းတော်ပေါင်းမြောက်များစွာရှိပါသည်။ နည်းစနစ်မျိုးပေါင်းများစွာ၌ တူညီလျက်ရှိ၏။ အားလုံးသည် လူတို့က သာ တည်ထောင်ထားသောအသင်းတော်များဖြစ်သည်။ ၎င်းတို့၏ ကဏ္ဍ မှာအရေးမပါလှပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အသင်းသားများ ကိုယ်တိုင်က အသင်းတော်၌ မပါဝင်ပဲနှင့်လည်း လူသည် ကောင်းကင် နိုင်ငံသို့ရောက်နိုင်ကြောင်း ခံယူထား၍ဖြစ်ပါသည်။ ဂိုဏ်းဂဏအားဖြင့် များစွာကွဲပြားခြားနားသော်လည်း ဂိုဏ်းဂဏတစ်ခုသည် အခြားတစ်ခု ကဲ့သို့ကောင်းမွန်ပါသည်ဟူသော ခံယူချက်၌မူ၊ တညီတညွတ်တည်း ဖြစ်ကြ၏။ အမည်အမျိုးမျိုး၊ နာမအမျိုးမျိုး၊ သွန်သင်ချက်အမျိုးမျိုး ခံယူကျင့်သုံးကြသည်။ သို့သော် ထိုအုပ်စု၌မပါဝင်သော၊ မပတ်သက် သောအသင်းတော်တစ်ခုရှိပါသည်။ ၎င်းသည်အခြားအသင်းတော်များ နှင့် လုံးဝကွဲပြားခြားနားပါသည်။ ဤအသင်းတော်မှာ ခရစ်တော်၏ အသင်းတော်သာဖြစ်ပါသည်။

ခရစ်တော်၏အသင်းတော်သည် ဂိုဏ်းဂဏတစ်ခုလုံးဝမဟုတ် ပါ။ သီးခြားဂိုဏ်းဂဏလည်းမဟုတ်။ ကာသိုလိပ်၊ ပရိုတက်စတဲန့်နှင့် ယုဒအသင်းလည်းမဟုတ်၊ လူအသင်းလည်းမဟုတ်ပါ။ ၎င်း၏ အစကန ဦးမှာပင် လူတို့ပြုလုပ်ဖန်တီးခြင်းဖြင့် အစပြုခဲ့ခြင်းလည်းမဟုတ်။ အ သင်းတော်၏အချုပ်အခြာ၊ အုပ်ချုပ်သူ၊ ဦးခေါင်းမှာလည်း လူသား မဟုတ်ပါ။ လောက၌ ဌာနချုပ်တည်ရှိခြင်းလည်းမရှိပါ။ လူတို့ပေး သောအမည်များကို ခံယူခြင်းလည်းမရှိပါ။ လူတို့ဖန်တီးရေးသားသော

ကျင့်ဝတ်၊ ဝိနည်းအထုံးအဖွဲ့များကိုလည်း မလိုက်နာပါ။ ဤသို့ဆိုလျှင် ၄င်းသည် မည်သို့နည်း။ မည်သို့ပေါ်ပေါက်လာသနည်း။ လေ့လာကြည့်ပါစို့။

အသင်းတော်ဆိုသော စကားသည် ဂရိ(ခေါမ)ဘာသာစကား (EKKLESIA)'အက်ကလီးစီးယား'မှ ဆင်းသက်သောစကားဖြစ်၏။ အဓိပ္ပါယ်မှာ 'ရွေးချယ်ခေါ်ထားခြင်းခံရသူများ' ဖြစ်၏။ ဆိုလိုသည်မှာ– အသင်းတော်၌ လောကထဲမှ သခင်ဘုရား၏ အမှုတော်အတွက် ရွေးချယ်ခေါ်ထားခြင်းခံရသောသူများပါဝင်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ရှင်ပေါလုက ဤသို့ဖြစ်ပျက်သောပြောင်းလဲမှုကို လောကထဲမှ ဘုရားသခင်၏ နိုင်ငံတော်(သို့မဟုတ်) သခင်ဘုရား၏အသင်းတော်သို့ ရွေးကောက်ခေါ်ယူခံရခြင်းဟု(ကောလောသဲ ၁း၁၃–၁၄)၌ ဖော်ပြထားပါသည်။

သမ္မာကျမ်းစာက အသင်းတော်ဟူသော ဝေါဟာရကို အဓိပ္ပါယ်နှစ်မျိုးဖြင့် ဖော်ပြထားပါသည်။ ပထမသုံးစွဲခြင်းမှာ စကြာဝဠာလုံးဆိုင်ရာနှင့် ခြုံငုံ၍ သုံးစွဲခြင်းဖြစ်သည်။ ခရစ်တော်သည် ဤသို့ကြိုရွယ်တော်မူချက်ဖြင့် "ငါ့အသင်းကိုငါတည်ဆောက်မည်" ဟု (မဿဲ ၁၆း၁၈)၌ မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ဤသို့မိန့်တော်မူရာ၌ကိုယ်တော်သည် ယေဘုယျခြုံ၍မိန့်တော်မူခဲ့ခြင်းသာဖြစ်ပြီး ဒေသဆိုင်ရာ အသင်းတော်ကဏ္ဍမပါဝင်ခဲ့ပါ။ ဒုတိယဖော်ပြချက်မှာ နေရာတိုင်းရှိလူစုများ၏ ဒေသဆိုင်ရာအသင်းတော်များကို ဆိုလိုပါသည်။ ဤအကြောင်းအရာကိုထပ်တလဲလဲ၊ ကောရိန္သုမြို့ရှိအသင်းတော်၊ သက်သာလောနိတ်မြို့ရှိအသင်းတော်စသည်ဖြင့် တွေ့ရပါသည်။ (၁ကော ၁း၂၊ ၁သက်သာ ၁း၁)။ ထိုအခါ ဤသို့ဒေသန္တရအသင်းတော်များနှင့်စပ်လျဉ်း၍ ရှင်ပေါလုက "ခရစ်တော်၏အသင်းတော်အပေါင်းတို့သည် သင်တို့နှင့် နှုတ်ဆက်ကြ၏။" (ရောမ ၁၆း၁၆)ဟု

ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤအရာကို ဆင်ခြင်၍ ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်းတွင် အံ့ဩဖွယ်ကောင်းသောသာရှိပြည့်၌ရှိသော အသင်းတော်(ရ)ပါးအကြောင်းကို လေ့လာနိုင်ပါသည်။

အသင်းတော်သည် ဤလောက၌ ခရစ်တော်၏ဝိညာဉ်ရေးဆိုင်ရာ ကိုယ်ခန္ဓာပင်ဖြစ်၏။ ကိုယ်တော်၏ ဩဝါဒကိုလိုက်နာ၊ နာခံသူများနှင့် အမှုတော်ကိုဆောင်သူများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်၏။ အသင်းသားအများရှိသော်လည်း ဦးခေါင်းအရာ၌ ခရစ်တော်တစ်ပါးသာရှိပါသည်။ (၁ကော ၁၂၊ ကောလောသဲ ၁း၁၈)၊ ခန္ဓာကိုယ်တစ်ကိုယ်တည်းသာရှိ၏။ (ဧဖက်၄း၄)။ ၎င်းမှာအသင်းတော်ပင်ဖြစ်၏။ (ဧဖက် ၁း၂၂-၂၃)။

လူတို့တည်ထောင်သော အသင်းတော်များအကြောင်းသိရှိလိုလျှင် သင်သည် ခေတ်ပေါ်သမိုင်းစာအုပ်များ၊ သူတို့ရေးသားထားသော စာပေများအစရှိသည်တို့ကို သွားရောက်လေ့လာရပေမည်။ ၎င်းတို့အကြောင်းကိုသမ္မာကျမ်းစာ၌ လေ့လာ၍မတွေ့နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အစသည် ကိုယ်တော်၌ မြစ်ဖျားခံခြင်းမရှိသောကြောင့်ဖြစ်၏။ တစ်နည်းပြောရလျှင် သင်သည်ခရစ်တော်၏အသင်းတော်အကြောင်း သိရှိလိုပါက သမ္မာကျမ်းစာ၌သာ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ သမ္မာကျမ်းစာက ဤအသင်းတော်၏ သမိုင်းကိုသာမက၊ သင်သိလိုသမျှ အကြောင်းအရာအပြည့်အဝပါရှိပြီး လမ်းညွှန်အဖြစ်အသုံးပြုနိုင်ပါသည်။ (၂တိမောသေ ၃း၁၆-၁၇၊ ယာကုပ်၁း၂၅)

ခရစ်တော်သည် ဤအသင်းတော်ကို စတင်တည်ထောင်ခဲ့သည်။ (မဿဲ ၁၆း၁၈)။ 'အေဒီ ၃၃' ခုနှစ်တွင် ယေရုရှလင်မြို့၌အစပြုခဲ့သည်။ (တမန်တော် ၂)။ ထို့ကြောင့် ဤအသင်းတော်သည်၊ ကျွန်ုပ်(သို့မဟုတ်) အခြားမည်သူတစ်ဦးတစ်ယောက်မျှ မပိုင်ဆိုင်ပါ။ အင်္ဂလန်ပြည်၌အစပြု

ခဲ့ခြင်းမဟုတ်၍ အင်္ဂလိကန်အသင်းတော် (သို့မဟုတ်) အင်္ဂလန်အသင်းတော်လည်းမဟုတ်ပါ။ အမေရိကန်ပြည်ထောင်စု၌လည်းအစပြုခဲ့ခြင်းမဟုတ်၍ အမေရိကန်အသင်းတော်လည်းမဟုတ်ပါ။ ယေရုရှလင်မြို့၌သာအစပြုခဲ့ခြင်းဖြစ်ပါသည်။ အာရှအလယ်ပိုင်း၌ အကောင်အထည်ပြုခဲ့ပါသည်။

တမန်တော်များလက်ထက်တွင် ဤအသင်းတော်သို့ပါဝင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ သခင်ခရစ်တော်၏ ဒေသနာကိုနာခံခြင်းဖြင့်သာ ပါဝင်နိုင်ပါသည်။ ဧဝံဂေလိသတင်းကြားရသူများ (ရောမ၁၀း၁၇) ကြားနာ၍ ယုံကြည်သူများ(ဟေဗြဲ ၁၁း၆)၊ မိမိတို့အပြစ်များကိုနောင်တရပြီး (တမန် ၁၇း၃၀)၊ ခရစ်တော်ကို ဝန်ခံကာ (ရောမ ၁၀း၁၀–၁၁)၊ ဗတ္တိဇံမင်္ဂလာ(ရေ၌သက္ကြီလ်ခံခြင်း)ခံယူပြီး သူတို့အပြစ်များမှဖြေလွှတ်ခြင်းခံကာ (တမန် ၂း၃၈) ကယ်တင်ခြင်းခံရပြီး အသင်းတော်သို့သွင်းခြင်းခံရကြသည်။ (တမန် ၂း၄၇)။ ဤနည်းလမ်းအတိုင်းပင်ကိုယ်တော်က ယနေ့ပြုလုပ်လက်ခံလျက်ရှိပါသည်။

ထိုသို့အသင်းဝင်သူများအား ခရစ်ယာန်များဟုသာ သတ်မှတ်လျက် (တမန် ၁၁း၂၆၊ ၁ပေ ၄း၁၆) အသင်းတော်ကိုလည်း ခရစ်တော်၏အသင်းတော်(သို့မဟုတ်)သခင်ဘုရား၏အသင်းတော်ဟုသာ သိမှတ်ခဲ့သည်။ (ရောမ ၁၆း၁၆၊ တမန် ၂၀း၂၈)။ ၎င်းကို သခင်ခရစ်တော်၏ကိုယ်ခန္ဓာဟုပြောဆိုကြသည် (၁ကော ၁၂း၂၇)။ သို့သော်၎င်းသည်အသင်းတော်သာဖြစ်ရာ (ကောလောသဲ ၁း၁၈) ကျမ်းစာရေးသူကဤသို့ရေးသားထားရာ၌ ခရစ်တော်၏ ဝိညာဉ်ရေးရာ ကိုယ်ခန္ဓာဖြစ်သောခရစ်တော်၏ အသင်းတော်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ ထို့အပြင်ဤအသင်းတော်သည် ခရစ်တော်၏အမည်ကိုသာခံယူခြင်းဖြင့် ကိုယ်တော်အား ဂုဏ်ပြုလျက်ရှိပါသည်။ (တမန် ၄း၁၂)

အသင်းတော်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိဒေသဆိုင်ရာအသင်းတော် ထောင်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည်။ ဒေသန္တရအသင်းတော်တစ်ခုစီသည် လွတ်လပ်စွာရပ်တည်လျက် ချစ်ခြင်းမေတ္တာ၌လည်းကောင်း၊ ရည်ရွယ်ချက်၌လည်းကောင်း၊ စည်းလုံးညီညွတ်မှု၌လည်းကောင်း၊ ချည်နှောင်လျက်ရှိသည်။ ခရစ်တော်သည်သာ အသင်းတော်၏ဦးခေါင်းဖြစ်တော်မူ၏(ဧဖက် ၅း၂၃)။ ဒေသဆိုင်ရာအသင်းတော်များသည် လူများ၍ ဝိညာဉ်ရေးရာ၌ ရင့်ကျက်လာသောအခါ၊ သင်းအုပ်များ၊ သင်းထောက်များ၊ တရားဟောဆရာများ၊ ဆရာများစသည်ဖြင့် ကိုယ့်ကို ကိုယ်ရွေးချယ်ကြသည်။ (၁တိမောသေ ၃၊ တိတု ၁)

ဝတ်ပြုကိုးကွယ်ခြင်းကို အပတ်စဉ် ပထမနေ့(တနင်္ဂနွေနေ့)များတွင်ပြုလုပ်သည် (တမန် ၂၀း၇)။ သင်းဝင်သူများသည် ကျမ်းစာအတူတကွလေ့လာခြင်း(၂တိ ၂း၁၅)၊ ဆုတောင်းခြင်း(၁သက်သာ ၅း၁၇)၊ သီချင်းဆိုခြင်း(ဧဖက် ၅း၁၉)၊ သခင်ဘုရား၏ညစာ(ပွဲတော်)ကိုပါဝင်ဆက်ဆံခြင်း(၁ကော ၁၁)၊ အလှူတော်ငွေအားဖြင့်ပါဝင်ခြင်း(၁ကော ၁၆း၂)တို့ကိုပြုလုပ်ကြသည်။

ဘုရားသခင်သည် သူ၏လူများအား လောကီအညစ်အကြေးမှကင်းစင်လျက် သန့်ရှင်းစေရန်အလိုတော်ရှိသည် (ဧဖက် ၅း၂၇)။ ၎င်း၏တာဝန်မှာ လောကီနိုင်ငံအရပ်ရပ်၌ ဧဝံဂေလိတရားကိုဟောကြား ရန်ဖြစ်ပြီး (မာကု ၁၆း၁၅-၁၆) အကူအညီလိုအပ်နေသူများကို မစရန်ဖြစ်သည်။ (ယာကုပ် ၁း၂၇)။ သစ္စာရှိသောသူတို့သည် အသက်သရဖူကို ရယူကြမည်ဖြစ်၏။ (ဗျာဒိတ် ၂း၁၀၊ မဿဲ ၂၅)။ ဤသည်ကား ခရစ်တော်၏အသင်းတော်၊ သခင်ဘုရား၏အသင်းတော်၊ သမ္မာကျမ်းစာ၌ပါရှိသော တစ်ခုတည်းသောအသင်းတော်သာဖြစ်ပါသည်။ ဤအသင်းတော်အကြောင်း ပိုမိုလေ့လာပြီး သင်းဝင်သူဖြစ်လာစေပါ။ သို့မှသာ သင်သည် ခရစ်တော်၏အသင်းတော်၌ သင်းဝင်သူတစ်ဦးဖြစ်လာပေမည်။

# အခန်း (၉)

## ဓမ္မသစ်အသင်းတော်

အသင်းတော်နှင့်ပတ်သက်၍ အမှန်တရားကိုသိလိုပါက၊ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်း၌ ပြန်လည်လေ့လာရပါမည်။ ၄င်းကိုပရောဖက်ပြုချက်များ၌ ပါရှိခဲ့သော်လည်း (ဟေရှာယ ၂း၂-၃၊ ဒံယေလ ၂း၄၄) ၄င်း၏ ပြည့်စုံမှုများကို ခရစ်တော်၏သွန်သင်ချက်များ၌သာ တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့သတိပြုရမည်မှာ အသင်းတော်နှင့်ပတ်သက်၍ လူများက မည်သို့ပြောဆိုသည်ဆိုသောစကားများကို ကျွန်ုပ်တို့စိတ်မဝင်စားပါ။ သမ္မာကျမ်းစာက မည်သို့ဖော်ပြထားသည်ကိုသာ စိတ်ဝင်စားပါသဖြင့် လေ့လာကြပါစို့။

၁။ ခရစ်တော်သည် အသင်းတော်ကိုတည်ဆောက်ခဲ့သည်။ ကိုယ်တော်က "ဤကျောက်ပေါ်၌ ငါ၏အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရာ။ (မဿဲ ၁၆း၁၈)။ ဤနေရာ၌ ကိုယ်တော်ကသူ့အသင်းတော်ကို သူတည်ဆောက်မည်ဟုပြောခဲ့ခြင်းကိုသတိပြုပါ။ ထို့ကြောင့်လည်း အသင်းတော်သည် ကိုယ်တော်နှင့်သာဆိုင်သည်။

၂။ အသင်းတော်သည် ယေရုရှလင်မြို့၌အစပြုခဲ့သည်။ ခရစ်တော်ကတပည့်တော်များအား ကောင်းကင်မှတန်ခိုးကိုခံရသည့်တိုင်အောင် ယေရုရှလင်မြို့၌ စောင့်ဆိုင်း၍ နေရန်မိန့်မှာတော်မူပြီး၊ "နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစ၍ ခရစ်တော်၏အခွင့်အားဖြင့် ဟောပြောရမည်.." (လုကာ ၂၄း၄၆-၄၈)။ ဤကတိတော်၏ပြည့်စုံခြင်းကို (တမန်တော်၂)၌ တွေ့နိုင်သည်။

၃။ အသင်းတော်သည် အေဒီ-၃၃ ခုနှစ်အစပြုခဲ့သည်။ ခရစ်တော် သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီးနောက် ရက်ပေါင်း(၅၀)အကြာ တွင် အသင်းတော်စတင်မွေးဖွားခဲ့သည်။ တနည်းအားဖြင့် ကိုယ်တော် ရှင်ပြန်ထမြောက်တော်မူပြီး ပထမဆုံး ပင်တေကုတ္တေပွဲနေ့၌ဖြစ်ပါသည်။ (တမန်-၂)

၄။ အသင်းတော်သည် တည်ထောင်သူ ပုဂ္ဂိုလ်ဖြစ်သည့် ခရစ်တော် ၏အမည်ကိုခံယူသည်။ ပေါလုသည် ရောမမြို့၌ရှိသော အသင်းတော် သို့ ဩဝါဒစာရေးသားရာ၌ ဒေသအမျိုးမျိုးရှိ သခင်ဘုရား၏အသင်းတော် များမှ နှုတ်ခွန်းဆက်ခြင်းကိုပါရေးသားဖော်ပြခဲ့သည်။ ထို့ကြောင့် "ခရစ် တော်၏ အသင်းတော်အပေါင်းတို့သည်သင်တို့နှင့်နှုတ်ဆက်ကြ၏။" (ရောမ ၁၆း၁၆)ဟုရေးသားခဲ့သည်။ (၁ကော ၁၂း၂၇) သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏ဟုဆိုရာ၌ ခရစ်တော်၏အသင်းတော်ကို ဆိုလိုသည်။ (ကောလောသဲ ၁း၁၈) ခရစ်တော်က တည်ဆောက်ခဲ့ ခြင်းဖြစ်၍ ခရစ်တော်၏အသင်းတော်သာဖြစ်ရပေမည်။ အခြားအမည် နာမဖြင့် တည်ထောင်သောအသင်းတော်သည် အဘယ်သို့ကိုယ်တော်နှင့် စပ်ဆိုင်မည်နည်း။

၅။ ၎င်းတို့သည် ခရစ်ယာန်များဟုသာခေါ်ဝေါ်ခြင်းခံရသည်။ (တမန် ၁၁း၂၆)အရ ၎င်းတို့အားအန္တိအုတ်မြို့၌ဦးစွာ ခရစ်ယာန်ဟုအခေါ်ခံခဲ့ရ သည်။ ဤသို့ခေါ်ဝေါ်ခဲ့ခြင်းမှာ ဘုရားသခင်၏အလိုတော်အတိုင်းဖြစ် ကြောင်း၊ ပေတရုက ခရစ်ယာန်ဟူသောအမည်အားဖြင့် ခရစ်တော်၏ ဘုန်းတော်ထင်ရှားမည့်အကြောင်းပြောကြားခဲ့သည်။ (၁ပေတရု ၄း၁၆)။

၆။ ခရစ်တော်သည် အသင်းတော်ကို အလွန်ချစ်မြတ်နိုးတော်မူသဖြင့် ၎င်းအတွက် အသက်စွန့်တော်မူ၏။ "အချင်းယောကျ်ားတို့၊ ခရစ်တော်

သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြလော့..." (ဖေက် ၅း၂၅)

၇။ အသင်းတော်သည် အသွေးတော်နှင့် ဝယ်ယူထားသောအသင်း ဖြစ်၏။ ပေါလုက ဖေက်မြို့၌ရှိသော သင်းအုပ်တို့ထံရေးသားရာ၌ "ထို့ကြောင့်သင်တို့သည် ကိုယ်ကိုသတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင် သည် မိမိအသွေးနှင့် ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကိုအအုပ်အချုပ်ခန့်ထား တော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့.." (တမန် ၂၀း၂၈)

၈။ အသင်းတော်သည် တစ်ခုတည်းသာရှိသည်။ သမ္မာကျမ်းစာက "ကိုယ်တစ်ကိုယ်ရှိ၏။" (ဖေက် ၄း၄)။ ထိုသို့ဆိုရာ၌ အသင်းတော်ကို ဆိုလို၏။ (ဖေက် ၁း၂၂-၂၃၊ ကောလောသဲ ၁း၁၈)။ ထို့ကြောင့် ကိုယ်တစ်ကိုယ်တည်းရှိသောကြောင့် အသင်းတော်တစ်ခုတည်းသာရှိပါ သည်။ အများမရှိပါ။

၉။ ခရစ်တော်သည် ထိုအသင်းတော်၏ဦးခေါင်းဖြစ်တော်မူ၏။ "အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှာ မူလအရင်းဖြစ်၍ သေသောသူတို့တွင် သားဦးဖြစ် တော်မူ၏။" (ကောလောသဲ ၁း၁၈)။ ဤအခွင့်အရာကို ကိုယ်တော်သည် မည်သည့်လူနှင့်မျှ ခွဲဝေလက်ခံခြင်းမပြုခဲ့ပါ။

၁၀။ ခရစ်တော်သည် အသင်းတော်၏ကယ်တင်ရှင်ဖြစ်တော်မူ၏။ "အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏အပေါ်မှာခေါင်းဖြစ် တော်မူသကဲ့သို့ ယောကျ်ားသည်မိမိခင်ပွန်းအပေါ်မှာခေါင်းဖြစ်၏။ ခရစ် တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူဖြစ်တော်မူ၏။" (ဖေက် ၅း၂၃)။

၁၁။ သခင်ဘုရားသည် ကယ်တင်ခြင်းသို့ ရောက်သောသူတို့အား သင်းဝင်စေတော်မူ၏။ သမ္မာကျမ်းစာက လူသည်ယုံကြည်ပြီး ဗတ္တိဇံကို ခံခြင်းဖြင့်သာ ကယ်တင်ခြင်းခံရကြောင်း သွန်သင်ထားသည်။ (မာကု ၁၆း၁၆)။ ရှင်ပေါလုက ယုံကြည်ခြင်းနှင့်ခရစ်တော်၌ ဗတ္တိဇံကိုခံခြင်း ဖြင့် သူသည်ခရစ်တော်နှင့်အသင်းတော်အားဆက်ဆံနိုင်ကြောင်းဖော်ပြ ထားသည်။ (ဂလာတိ ၃း၂၆-၂၇၊ ၁ကော ၁၂း၁၃)။

ပင်တေကုတ္တေပွဲနေ့တွင် လူများတို့သည် နောင်တရပြီး အပြစ်များမှ ဖြေလွှတ်ခြင်းခံအံ့သောငှာ ဗတ္တိဇံကို ခံယူပြီးနောက် "ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ်သခင်ဘုရားသည်သင်းဝင်စေတော်မူ၏..." (တမန် ၂း၄၇)။

၁၂။ ခရစ်တော်သည် တစ်နေ့တွင် သူ၏သတို့သမီးတည်းဟူသော သူ့အသင်းတော်အတွက် ပြန်လည်ကြွလာဦးမည်ဖြစ်၏။ "အသင်းတော်သည်သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှာ၊ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့် အကြောင်း..." (ဧဖက် ၅း၂၇)။ ကိုယ်တော်၌ သတို့သမီးတစ်ဦး၊ အသင်းတော်တစ်ပါးတည်းရှိ၍ ၎င်းသည်သူ၏နာမကို ဆောင်လျက်ရှိ၏။ သည့်ထက်ပို၍ ခရစ်တော်သည် ထိုသတို့သမီးတည်း ဟူသော သူ၏အသင်းတော်အတွက်သာ ကြွလာမည်ဖြစ်ပါသည်။

သင်သည် ဓမ္မသစ်ကျမ်း၌ ဖတ်ရသောအသင်းတော်၏အသင်းသားဖြစ်ပါပြီလား။ မဖြစ်သေးလျှင် သင်သည်ခရစ်တော်၏အသင်းတော်သား တစ်ဦးဖြစ်ပါသည်ဟု မည်သို့ပြောနိုင်သနည်း။ ဤအရာများကို အသေအချာစဉ်းစား၍ ခရစ်တော်၏အသင်းတော်ကို သွားရောက်တွေ့ဆုံပါ။

* * * * *

# အခန်း (၁၀)
## ခရစ်တော်၏အသင်းတော်သည် မည်မျှကြာအောင်တည်ရှိနေမည်နည်း

အထက်ပါမေးခွန်းကို မကြာခဏမေးသည်ကိုကြားခဲ့ရပါသည်။ ဤမေးခွန်း၏အဖြေကို ဖြေဆိုရမည့်သူများမှာ ထိုမေးခွန်းကိုမေးသောသူများသာဖြစ်ပါသည်။ ခရစ်တော်ကို ချစ်လျက် ကိုယ်တော်အားသစ္စာစောင့်သိရိုသေ၊ နာခံသူများရှိနေသရွေ့ အသင်းတော်သည်တည်တံ့နေမည်သာဖြစ်၏။ ဤကဲ့သို့စိတ်ပါဝင်စားမှုများ ကင်းမဲ့သွားလျှင် အသင်းတော်သည် ဆက်လက်တည်ရှိတော့မည်မဟုတ်ပါ။ ရှင်းရှင်းလေးဖြစ်ပါသည်။

သာသနာပြုများမည်မျှရှိနေသည်ဆိုခြင်းက အဓိကမဟုတ်ပါ။ ကူညီထောက်ပံ့မှုရှိခြင်း၊မရှိခြင်းကလည်းအကြောင်းမဟုတ်ပါ။ အသင်းတော် အဆောက်အဦးရှိခြင်း၊ မရှိခြင်းသည်လည်း ပဓာနမဟုတ်ပါ။ အခြားအရာ အားလုံးသည်လည်း သာမညဖြစ်ပါသည်။ ဒေသခံလူများက မည်သို့ဖြစ် စေလိုသည်ထက် သခင်ဘုရားက သူတို့ကိုမည်သို့ဖြစ်စေလိုသည်က ပို၍အရေးကြီးပါသည်။

ဒေသတိုင်း၌လည်း ဤနည်းအတိုင်းသာဖြစ်ပါသည်။ ခရစ်တော်၏ အသင်းတော်သည် ကိုယ်တော်ကိုနာခံ၍ အမှုတော်ဆောင်လိုသောသူများရှိသောနေရာ၌ တည်ရှိမည်သာဖြစ်၏။ ထိုသို့သောသူများ မရှိတော့လျှင်အသင်းတော်လည်း ရှိတော့မည်မဟုတ်ပါ။ တစ်ခါတစ်ရံ ဒေသခံလူတို့သည် အသင်းတော်၌ ပါဝင်ရန် နှောင့်နှေးနေကြ ခြင်းမှာ ယနေ့တည်၍ နောက်နေ့ပျောက်ကွယ်သွားနိုင်သည့် လူ့အသင်းအဖွဲ့ အစည်း၌သာ ပါဝင်လိုကြခြင်းကြောင့်ဖြစ်ပါသည်။ သို့သော်ကြောက်

ရှံ့စိုးရိမ်ဖွယ်ရာအကြောင်းမရှိပါ။ သင်သည်တစ်ကြိမ်မျှ သခင်ဘုရား၏မိသားစု၌ မွေးဖွားခြင်းခံရပြီးလျှင် အသင်းသားဖြစ်သွားပြီဖြစ်၏။ ဒေသတစ်ခု၌လာရောက်အမှုဆောင်သူသည် အချိန်စေ့လျှင်ထိုဒေသမှ ထွက်ခွာသွားမည်ဖြစ်သော်လည်း သူသည်အသင်းတော်ကိုလည်းကောင်း၊ ခရစ်တော်ကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာကိုလည်းကောင်း၊ သင့်ထံမှ နှုတ်ယူမသွားနိုင်ပါ။ သင်၏တာဝန်မှာ သင်နေထိုင်ရာဒေသရှိ အခြားသင်းဝင်သူများနှင့်အသင်းတော်၏တာဝန်ကို ဆက်လက်လုပ်ဆောင်သွားရမည်သာဖြစ်၏။

သင့်အတွက် နှစ်သိမ့်ဖွယ်ကောင်းသည့်အချက်တစ်ရပ်မှာ ခရစ်တော်၏ အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်တည်ရှိ၍ ယုံကြည်သစ္စာရှိသောသူများရှိနေသဖြင့် မြဲမြဲစွာတည်ရှိတိုးပွားလျက်ရှိနေခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ကျွန်ုပ်တို့ဒေသသို့ရောက်ရှိစဉ်က ယုံကြည်နာခံသူတို့အား၊ (တမန်တော် ၂း၄၇)အရ ဘုရားသခင်ကိုယ်တိုင် သင်းဝင်စေခဲ့မည်မဟုတ်ပါလား။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပျက်နေသလို လွဲမှားသောသွန်သင်ချက်များနောက်သို့ ပါသွားကြသဖြင့် ကနဦးအသင်းတော်ပုံစံမှလွဲဖယ်လျက် ကွဲပြားမှုများစွာဖြစ်လာခဲ့ရပါသည်။ ကွဲပြားမှုမည်မျှပင်ရှိသော်ငြားလည်း၊ သမ္မာကျမ်းရှိနေ၍ သစ္စာရှိသော နာခံသူများရှိနေသဖြင့် ခရစ်တော်၏အသင်းတော် တည်ရှိနေကြောင်းခွန်အားယူအပ်ပါသည်။ ကွဲပြားမှုများထဲမှလည်း မှားယွင်းသော သွန်သင်ချက်များကို ရပ်တန့်ကာ သမ္မာကျမ်းစာသွန်သင်သည့်အတိုင်းပြန်လည်လိုက်လျှောက်လာသော လူများလည်း တစ်လုံးတစ်ဝတည်း၊ တစ်စိတ်တစ်သဘောတည်းဖြင့် အသက်ရှင်နေကြသည်ဖြစ်၍ ခရစ်တော်၏အသင်းတော် တည်နေကြောင်း ထင်ရှားလျက်ရှိပါသည်။

နောက်တစ်ချက်သတိပြုရန်မှာ ခရစ်တော်၏အသင်းတော်သည် အမေရိကန်အသင်းတော်လုံးဝမဟုတ်ခြင်းပင်ဖြစ်ပါသည်။ သူ၏အစသည် အမေရိကနိုင်ငံမှ အစမပြုခဲ့ပါ။ အာရှအလယ်ပိုင်းဒေသရှိ ယေရုရှလင်မြို့၌ အစပြုခဲ့ပါသည်။ (တမန်တော်ဝတ္ထုအခန်းကြီး ၂) အရေဆိုလျှင် လွန်ခဲ့သည့် နှစ်ပေါင်း(၂၀၀၀)ခန့်ကဖြစ်ပါသည်။ ၎င်းသည် ဂိုဏ်းဂဏအသင်းတော် တစ်ခုလည်းမဟုတ်ပါ။ လူအားဖြင့်အစပြုခြင်းမဟုတ်ပဲ ခရစ်တော်အားဖြင့် အစပြုခြင်းသာဖြစ်ပါသည်။ (မဿဲ ၁၆း၁၈)

သမ္မာကျမ်းစာက အသင်းတော်၏ပုံစံအပြည့်အစုံကိုဖော်ပြထားပါသည်။ ဤပုံစံကိုလိုက်လျှောက်ခြင်းဖြင့်သာ ခရစ်တော်၏အသင်းတော်အဖြစ်တည်လျက်ရှိနိုင်ပါမည်။ ကမ္ဘာနေရာအနှံ့၌ ဤအတိုင်းသာဖြစ်ပါသည်။ အောက်ပါပုံစံကိုလေ့လာကြည့်နိုင်ပါသည်။

၁။ မည်သူကစတင်၍ အသင်းတော်ကိုတည်ထောင်ခဲ့ကြောင်းဖော်ပြသည်။ (မဿဲ ၁၆း၁၈)

၂။ မည်သည့်နေရာ၌ တည်ထောင်ခဲ့ကြောင်းဖော်ပြသည်။ (တမန်-၂)

၃။ မည်သည့်အချိန်ကတည်ထောင်ခဲ့ကြောင်းဖော်ပြသည်။ (တမန် - ၂)

၄။ မည်သည့်အမည်ကို ခံယူကြောင်းဖော်ပြသည်။ (ရောမ ၁၆း၁၆)

၅။ ၎င်း၏အသင်းသားများသည် မည်သည့်အမည်ကိုခံယူကြကြောင်းဖော်ပြသည်။ (တမန် ၁၁း၂၆)

၆။ လူများမည်သို့အသင်းသားများဖြစ်လာကြောင်းဖော်ပြသည်။ (မာကု ၁၆း၁၅-၁၆၊ တမန် ၂း၃၈-၄၇)

၇။ မည်သို့ဝတ်ပြုကိုးကွယ်ကြကြောင်းဖော်ပြသည်။ (တမန် ၂၀း၇)

၈။ ၄င်း၏ဦးခေါင်းမှာမည်သူဖြစ်ကြောင်းဖော်ပြသည်။ (ကော ၁း၁၈)
၉။ အသင်းတော်မည်မျှရှိကြောင်းဖော်ပြသည်။ (ဖေက် ၄း၄၊ ဖေက် ၁း၂၂-၂၃)

အခြားအကြောင်းများစွာကိုလည်းဖော်ပြသေးသည်။ သို့သော် လူတို့သည် ဤပုံစံကိုတိကျစွာလိုက်လျှောက်ခြင်းဖြင့် လူများသည်ခရစ်တော်၏အသင်းတော်ဝင်များဖြစ်လာကာ သင်သွားလေရာကမ္ဘာအနှံ့တွင် ဤသို့သောသူများကိုတွေ့ရမည်ဖြစ်ပြီး သင်နှင့်ထိုသူများသည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်း၊ ခန္ဓာကိုယ်တစ်ကိုယ်တည်း၊ ခရစ်တော်၏အသင်းတော်တစ်ခုတည်း၌ ပါဝင်ပေါင်းစပ်လျက်ရှိကြောင်းတွေ့ရမည်သာဖြစ်၏။

ထို့ကြောင့် သင်သည်ကျမ်းစာကိုယူလျက် သမ္မာတရားအလင်း၌ လေ့လာရှာဖွေခြင်းဖြင့် အမှန်တရားကိုတွေ့ရမည်ဖြစ်ပြီး၊ ထိုသမ္မတရားမှန်ကိုတွေ့ရှိပါက လက်ခံပါဟု နှိုးဆော်လိုသည်။ သမ္မာတရားမှန်မဟုတ်သောအရာကိုမူ၊ ငြင်းပယ်ရပေမည်။ စိတ်ပါဝင်စားစွာနှင့်ဖြောင့်မတ်စွာ လေ့လာရှာဖွေလျှင် သမ္မာတရားမှန်ကိုတွေ့မည်သာဖြစ်၏။ ကျွန်ုပ်တို့သည် သင့်အားသမ္မာကျမ်းစာ၌သာ ရှာဖွေပါရန် တိုက်တွန်းအပ်ပါသည်။

သင်သည်ခရစ်တော်၏အသင်းတော်ကို သင့်ဒေသ၌တည်ရှိ၍ ကာလတာရှည်တည်မြဲနေစေလိုလျှင် သခင်ဘုရား၏ အမိန့်တော်ကိုနာခံပါ။ ကိုယ်တော်ကို သစ္စာရှိပါ။ သူတပါးကိုလည်းခွန်အားပေးတိုက်တွန်းပါ။ သင့်အားဖြင့်လည်းကောင်း၊ အခြားသင်ကဲ့သို့သောသူများအားဖြင့်လည်းကောင်း၊ ခရစ်တော်၏အသင်းတော်သည် ထာဝရတည်ရှိမည်သာဖြစ်ပါ၏။

* * * * *

# အခန်း (၁၁)

## သမ္မာကျမ်းစာ၌ပါသောမေးခွန်းကြီးလေးခု

သမ္မာကျမ်းစာက အသင်းတော်တစ်ခုတည်းသာရှိကြောင်း ရှင်းလင်းစွာသွန်သင်ထားပါသည်။ (ဧဖက် ၄း၄၊ ကောလောသဲ ၁း၁၈)။ သို့သော်ယနေ့ကမ္ဘာပေါ်ရှိအသင်းတော်အမြောက်အမြားရှိနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာက ဖော်ပြထားသောအသင်းတော်မှာ မည်သည့်အသင်းတော်ဖြစ်သည်ကို မည်သို့သိနိုင်မည်နည်း ဟူသောမေးခွန်းပေါ်လာပါသည်။ အသင်းတော်အားလုံးက သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီဖြစ်ကြောင်းပြောကြသည်။ ကျမ်းစာအရ အသင်းတော်တစ်ခုတည်းသာရှိရာ ၄င်းတို့အားလုံးသည် သခင်ဘုရားနှင့် စပ်ဆိုင်သည်ဟုဆိုခြင်းသည်မဖြစ်နိုင်ပေ။ ထို့ကြောင့်စစ်မှန်သောအသင်းတော်ကိုသိရှိရန် သင့်အနေနှင့် မေးခွန်းကြီးလေးခုဖြင့် အဖြေရှာနိုင်ပါသည်။ အခြားမေးခွန်းများလည်းရှိသော်လည်း ဤလေးခုကိုအဖြေရလျှင်ပင် အတုနှင့်အစစ်ကိုခွဲခြားရန် လုံလောက်ပြီဖြစ်ပါသည်။ ဤမေးခွန်းများနှင့်အဖြေကို သမ္မာကျမ်းစာ၌ ရှာဖွေလေ့လာကြပါစို့။

### ၁။ အသင်းတော်ကို မည်သူကစတင်တည်ထောင်ခဲ့ပါသနည်း။

အားလုံးကဝန်ခံသည်မှာ သမ္မာကျမ်းစာ၌ အသင်းတော်ကို ခရစ်တော်ကသာ တည်ထောင်ထားခြင်းဖြစ်ကြောင်းဖော်ပြထားကြောင်းသာဖြစ်ပါ၏။ ပေတရုက ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းဝန်ခံပြီးနောက် ကိုယ်တော်က "သင်သည်ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကိုပါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ" (မဿဲ ၁၆း၁၈)။

ယခုခရစ်တော်က သူ့အသင်းကို သူတည်ဆောက်မည်ဟုကတိထားတော်မူရာ အသင်းတော်သည် ခရစ်တော်တည်ဆောက်မှသာဖြစ်မည်မဟုတ်ပါလား။ ဤနေရာ၌သတိပြုရန်မှာ ကိုယ်တော်က "ငါ့အသင်း"ဟူ၍ အသင်းတော်တစ်ခုကိုသာ ပြောကြားခဲ့ပြီး အသင်းတော်များဟုမဖော်ပြခဲ့ပါ။ တစ်ခုတည်းသောအသင်းတော်ကိုသာ ကိုယ်တော်သည် တည်ဆောက်ခဲ့သည်။ ကိုယ်တော်ပိုင်သည့် ကိုယ်တော်၏အသင်းသာဖြစ်ကြောင်း သတိပြုပါ။ ထို့ကြောင့် ဤအသင်းတော်သည် သင့်အသင်းတော်လည်းမဟုတ်၊ ကျွန်ုပ်အသင်းတော်လည်းမဟုတ်ပါ။

## ၂။ မည်သည့်နေရာ၌အသင်းတော်စတင်တည်ထောင်ခဲ့သနည်း။

တမန်တော်–၂ အရ အသင်းတော်သည် ယေရုရှလင်မြို့၌စတင်ခဲ့ကြောင်းတွေ့ရပါသည်။ မည်သို့သိနိုင်ပါသနည်း။ ခရစ်တော်က တပည့်တော်များအား ကောင်းကင်မှတန်ခိုးကို ခံရသည့်တိုင်အောင် ယေရုရှလင်မြို့၌ စောင့်ဆိုင်းနေရန် မိန့်တော်မူခဲ့သည်။ (လုကာ ၂၄း၄၉)။ သူတို့သည် ယေရုရှလင်မြို့၌စောင့်ဆိုင်းနေစဉ် အဆိုပါတန်ခိုးကိုခံခဲ့ကြရသည်။ (တမန် ၂း၁–၄)။ ပရောဖက်ဟေရှာယကလည်း (ဟေရှာယ ၂း၂–၃)ဘုရားသခင်၏နိုင်ငံတော်(သို့မဟုတ်)အသင်းတော်သည် ယေရုရှလင်မြို့၌အစပြုတည်ထောင်မည့်အကြောင်း ကြိုတင်ပရောဖက်ပြုထားပါသည်။

## ၃။ မည်သည့်အချိန်ကစတင်တည်ထောင်ခဲ့ပါသနည်း။

အသင်းတော်သည် ယေရုရှလင်မြို့၌ ခရစ်တော်ကစတင်တည်ထောင်ခဲ့ရာ တမန်တော်–၂ အရ၊ အေဒီ(၃၃)ခုနှစ်ဖြစ်ပါသည်။ ထို့ကြောင့် သခင်ဘုရား၏အသင်းတော်သည် သက်တမ်းကာလအားဖြင့် နှစ်ပေါင်း(၂၀၀၀)ခန့်ကြာပြီဖြစ်၏။

## ၄။ ၄င်း၌မည်သည့်အမည်ကိုခံယူပါသနည်း။

အသင်းဝင်တစ်ဦးစီသည် ခရစ်ယာန်များဟုသာ အခေါ်ခံကြသည်။ (တမန် ၁၁း၂၆၊ တမန် ၂၆း၂၈၊ ၁ပေ ၄း၁၆)။ ထိုခရစ်ယာန်အားလုံးဖြင့် အသင်းတော်တည်ထောင်ခဲ့သည်။ သမ္မာကျမ်းစာ၌၊ ၄င်းကို ခရစ်တော်၏ကိုယ်ခန္ဓာ ဟုခေါ်ခဲ့သည် (၁ကော ၁၂း၂၇)။ ထိုသို့ဆိုရာတွင် အသင်းတော်ကိုဆိုလိုသည် (ကောလောသဲ ၁း၁၈)။ ထို့ကြောင့် ၄င်းသည် ခရစ်တော်၏အသင်းတော်သာဖြစ်၏။ ရှင်ပေါလုလက်ထက်က ဤသို့ဒေသဆိုင်ရာအသင်းတော်များကို ရည်ရွယ်၍ ခရစ်တော်၏အသင်းတော်များဟုဖော်ပြခဲ့သည် (ရောမ ၁၆း၁၆)။ ခရစ်တော်ကစတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ ခရစ်တော်၏အမည်ကိုသာခံယူပါသည်။ ခရစ်တော်၏အသင်းတော်မဟုတ်ခဲ့လျှင် မည်သူ့အသင်းတော်ဖြစ်မည်နည်း။ ခရစ်တော်၏အမည်ကိုမခံယူလျှင် အဘယ်သို့ ကိုယ်တော်၏အသင်းတော်ဖြစ်နိုင်မည်နည်း။ လုံးဝမဖြစ်နိုင်ပါ။

ဤမေးခွန်းရိုးရိုးလေးခုကို သမ္မာကျမ်းစာကလည်း ရိုးရိုးလေးဖြင့်ဖြေခဲ့ပါသည်။ သင်တွေ့သော အသင်းတော်သည် ခရစ်တော်၏အသင်းတော်ဟုတ်၊ မဟုတ်ကို ဤမေးခွန်းများမေးလျက် အဖြေကိုစစ်ဆေးခြင်းဖြင့်သိနိုင်ပါသည်။ အသင်းတော်တစ်ခုသည် ခရစ်တော်၏အသင်းတော်ပါဟုပြောသော်လည်း လူကတည်ဆောက်ထားခြင်းဖြစ်ခဲ့လျှင် ကိုယ်တော်နှင့်မစပ်ဆိုင်သောအသင်းတော်သာဖြစ်ပေမည်။ လန်ဒန်မြို့၊ အမေရိကန်ပြည်တစ်နေရာ၊ ကမ္ဘာ့အခြားနေရာများ၌ အစပြုတည်ထောင်ခဲ့သော အသင်းတော်ဖြစ်လျှင် မည်သို့ခရစ်တော်၏အသင်းတော်ဖြစ်လာနိုင်မည်နည်း။ နှစ်ပေါင်းအနည်းငယ်က စတင်ပေါ်ပေါက်ခဲ့လျှင် နုနယ်သောအသင်းတော်သည် မည်သို့ခရစ်တော်၏အသင်းတော်ဖြစ်

လာနိုင်မည်နည်း။ နောက်ဆုံးလူတို့သတ်မှတ်သောအမည်ကိုခံယူထားလျှင် ၎င်းသည်ဂိုဏ်းဂဏအသင်းတော်တစ်ခုသာဖြစ်ပေမည်။ ဤနည်းအားဖြင့် ဘုရားရှင်၏အသင်းတော်နှင့် လူ့အသင်းတော်ကို စစ်ဆေးခွဲခြားနိုင်ပါသည်။ ဤသို့စစ်ဆေးခြင်းဖြင့် အရှုံးမရှိနိုင်ပါ။ ဆိုပါစို့။ သင်သည် အသင်းတော်တစ်ခုကိုတွေ့ပြီး ၎င်းသည် သမ္မာကျမ်းစာသွန်သင်ချက်များအနက် တစ်ချက်မျှလွဲ၍ အားလုံးပြည့်စုံနေလျှင်လည်း ၎င်းသည် သခင်ဘုရား၏ အသင်းတော်မဖြစ်နိုင်ပါ။ သမ္မာကျမ်းစာ၌ပါသောအသင်းတော်ဆိုလျှင် အချက်အားလုံးသည်ကိုက်ညီရမည်သာဖြစ်၏။

မိတ်ဆွေသည် ခရစ်တော်၏အသင်းတော်ဝင်တစ်ဦးဖြစ်ပါသလား။ အထက်ပါမေးခွန်းလေးခုနှင့်စစ်ဆေးကြည့်ပါ။ ထိုသို့စစ်ဆေးကြည့်ရာသင်သည်ဂိုဏ်းဂဏအသင်းတော်၌ ပါဝင်နေသည်ကိုတွေ့ရလျှင် သမ္မာကျမ်းစာကို သေချာစွာလေ့လာပါ။ သခင်ဘုရား၏သွန်သင်ချက်များကို နာခံပါဟုမှာလိုပါသည်။ သို့ပြုလျှင် သမ္မာကျမ်းစာသွန်သင်ချက်များနှင့်အညီ သင်သည်ကယ်တင်ခြင်းခံရပြီး သူ၏အသင်းတော်၌ ကိုယ်တော်က သင်းဝင်စေမည်ဖြစ်၏။ သင့်ကိုမှားယွင်းသောအသင်းတော်တစ်ခု၌ပါဝင်စေမည်မဟုတ်ပါ။ ကိုယ်တော်သည် သူ၏အသင်းတော်ကို ကောင်းစွာသိတော်မူသည့်အတိုင်း ထိုအသင်းတော်၌သာ သင့်ကိုပါဝင်စေမည်သာဖြစ်၏။ (တမန်တော် ၂း၄၇)။ ထိုအခါ သင်သည် သမ္မာကျမ်းစာ၌ ပါသောအသင်းတော်၏အသင်းဝင်တစ်ဦးဖြစ်လာကာ၊ အဘယ့် ကြောင့် ထိုအသင်းတော်၌ ပါဝင်နေရကြောင်းကိုလည်း၊ အထူးဖြေရှင်း နေဘို့မလိုပါ။ အကြောင်းမူကား သင်သည် ခရစ်တော်ဘုရား၏ တစ် ခုတည်းသော အသင်းတော်ဘောင်၌ ရောက်နေပြီးဖြစ်သောကြောင့်ဖြစ် ပါသည်။

* * * * *

# အခန်း (၁၂)

## သင်နေထိုင်ရာမြို့ရွာ၌ ခရစ်တော်၏အသင်းတော်ကို မည်သို့စတင်နိုင်မည်နည်း

သင်နေထိုင်ရာမြို့ရွာ၌ ခရစ်တော်၏အသင်းတော်မရှိဟု ဆိုပါစို့။ လူတို့တည်ထောင်သောအသင်းတော်များ၊ ဂိုဏ်းဂဏအသင်းတော်များသာရှိပြီး သခင်ဘုရား၏အသင်းတော်လုံးဝမရှိသောနေရာဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သင်အဘယ်သို့ပြုရမည်ကို သိလိုလိမ့်မည်။ ယခုသင့်ဒေသရှိ အသင်းတော်များ၌ အသင်းသားဖြစ်နေပါသလား။ ထိုသို့ဖြစ်လျှင် ၎င်းအတိုင်းပဲနေလိုပါသလား။ သို့မဟုတ် ခရစ်တော်၏ အသင်းတော်ရှိသောနေရာသို့ ပြောင်းရွှေ့ရန် စဉ်းစားနေပါသလား။ ဤမေးခွန်းများသည် အထူးအရေးကြီးပြီး ဖြေရှင်းရန်လည်း မလွယ်ကူပါ။

ထို့ကြောင့် သင့်ကိုကျွန်ုပ်အနည်းငယ်အကြံပေးပါရစေ။ သင်သည် ခရစ်တော်၏အသင်းဝင်တစ်ဦးဖြစ်ရန် လွယ်ကူသကဲ့သို့ သင်နေထိုင်ရာမည်သည့်ဒေသ၌မဆို ကိုယ်တော်၏ အသင်းတော်ကို သင်ကိုယ်တိုင်ဦးဆောင်၍အစပြုနိုင်ပါသည်။ မည်သို့လုပ်နိုင်သည်ကို အောက်တွင်အကြံပေးလိုပါသည်။

### ၁။ သင်၌သမ္မာကျမ်းစာအုပ်တစ်အုပ်ရှိပါစေ။

သင်သည်ဘုရားသခင် အလိုတော်အတိုင်းလုပ်ဆောင်ရန် စိတ်ဝင်စားလျက် သမ္မာကျမ်းစာရှိဖို့ လိုအပ်ပါသည်။ ကျမ်းစာအုပ်ရရှိလျှင်

စတင်လေ့လာပါ။ ခရစ်တော်ဘုရားက ယနေ့လူများအားပေးအပ်သော ကိုယ်တော်၏ပညတ်တို့ကို ဓမ္မသစ်ကျမ်း၌သေချာစွာလေ့လာပါ။ သို့ပြု လျှင် ကယ်တင်ခြင်းခံအံ့သောငှာ မည်သို့ပြုလုပ်ရမည်ကိုလည်းကောင်း၊ သခင်ဘုရား၏အသင်းတော်၌ မည်သို့ပါဝင်နိုင်သည်ကိုလည်းကောင်း၊ မည်သို့ဝတ်ပြုကိုးကွယ်ရမည်ကိုလည်းကောင်း၊ ခရစ်ယာန်အသက်တာကို မည်သို့ရှင်သန်ရမည်ကိုလည်းကောင်း သိရှိမည်ဖြစ်ပါသည်။

**၂။ တွေ့ရှိသောသမ္မာတရားမှန်ကို သင်ကိုယ်တိုင်နာခံလိုက်နာပါ။**

သခင်ဘုရားက သင်သည် သူ့ကိုယုံကြည်ပြီး သင့်အပြစ်များမှ နောင်တရ၍ လူရှေ့၌ကိုယ်တော်ကိုဝန်ခံပြီး၊ ရေသုသာန်၌ မြှုပ်နှံခြင်းခံကာ (ဗတ္တိဇံခံခြင်း) ကယ်တင်ခြင်းသို့ရောက်နိုင်မည်ဖြစ်ကြောင်းတွေ့နိုင်ပါသည်။ (မာကု ၁၆း၁၆၊ မဿဲ ၁၀း၃၂၊ တမန် ၂း၃၈)။ ဆက်လက်၍ တမန်တော်ဝတ္ထု၌ပါသောတမန်တော်တို့လက်ထက်ကလူများ မည်သို့ ခရစ်တော်ထံပြောင်းလဲလာကြသည့်အကြောင်းကို လေ့လာနိုင်ပါသည်။ ထိုသို့ယုံကြည်ပြီး သခင်ဘုရားခိုင်းစေသည့်အတိုင်း နာခံရန် အသင့်ဖြစ်လျှင် သင့်အားသမ္မာကျမ်းစာနှင့်အညီ ဗတ္တိဇံပေးလိုသူတစ်ဦးကိုရှာပါ။ ထိုသူသည် သင့်အပြစ်များမှ လွတ်ခြင်းခွင့်ရစိမ့်သောငှာ၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံပေးခြင်း (ရေ၌မြှုပ်နှံသင်္ဂြိုလ်ခြင်း)ပြုနိုင်မည့်ရေရှိရာသို့ ခေါ်ဆောင်သွားစေပါ။ ထိုသို့ ဗတ္တိဇံခံပြီးနောက်၊ သင့်အားခရစ်တော်ဘုရားက သင်းဝင်စေခြင်းဖြင့် သင်သည် ခရစ်တော်၏အသင်းတော်သားတစ်ဦးဖြစ်လာပေမည်။ (တမန် ၂း၄၇)။ သင်သည်လည်းခရစ်ယာန်တစ်ဦးဖြစ်လာမည်။ (တမန် ၁၁း၂၆)။

၃။ သင့်အိမ်တွင်စတင်၍ ဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်ပါ။

သင်၏မိသားစုများနှင့်စိတ်ပါဝင်စားမည့် မိတ်ဆွေများကိုဖိတ်ခေါ်ပါ။ ဝတ်ပြုခြင်းသည် တနင်္ဂနွေနေ့(ပထမနေ့ရက်)၌ ဖြစ်ရမည်။ ဘုရားရှင်နှစ်သက်လက်ခံနိုင်သော ဝတ်ပြုခြင်းဖြစ်အံ့သောငှာ၊ သမ္မာကျမ်းစာကိုလေ့လာခြင်း၊ (၂တိ ၂း၁၅)၊ ဆုတောင်းခြင်း(တမန် ၂း၄၂)၊ ဓမ္မသီချင်းသီဆိုခြင်း(ဧဖက် ၅း၁၉)တို့ပါဝင်စေရမည်။ အတီးအမှုတ်မပါသောသီဆိုခြင်းဖြစ်ရမည်။ ထို့နောက်ကျိုးပဲ့တော်မူသော သခင်ဘုရား၏ကိုယ်ခန္ဓာ၊ သခင်ဘုရား၏အသွေးတော်ကိုအောက်မေ့ဖို့ရာ တဆေးမပါသော မုန့်နှင့် စပျစ်ရေတည်းဟူသော သခင်ဘုရား၏ညစာ(ပွဲတော်မင်္ဂလာ)ကို ဝင်ရောက်ဆက်ဆံရမည်။ (မဿဲ ၂၆း၂၆–၂၈၊ ၁ကော ၁၁)။ စပျစ်ရည်စစ်ကို သုံးရန်ကိုယ်တော်ကမိန့်မှာခဲ့သည်။ ဈေး၌ဝယ်၍မရလျှင် စပျစ်သီးခြောက်ကိုဝယ်ကာ ပြုတ်ပြီး၊ အရည်ညှစ်လျက်အသုံးပြုနိုင်ပါသည်။ နောက်ဆုံးတွင် ကောင်းကြီးမင်္ဂလာများခံစားရသည့်အတိုင်း သခင်ဘုရားအား ပြန်လည်ပေးလှူရပေမည်။ (၁ကော ၁၆း၂)။ အခြားမိတ်ဆွေများလည်း ပေးလှူနိုင်ကြပါသည်။ ဤငွေကိုသစ္စာရှိစွာထိန်းသိမ်းလျက် ဆင်းရဲသောသူများကို မစရန်နှင့် သခင်ခရစ်တော်၏ဧဝံဂေလိသတင်းစကား ပြန့်နှံ့စေရန်အတွက် အသုံးပြုပါ။ ဤသို့ဝတ်ပြုပုံ စနစ်တကျအပတ်စဉ်(ပထမနေ့)တနင်္ဂနွေနေ့တိုင်းပြုလုပ်ပါ။ (တမန် ၂၀း၇)။

၄။ ဤသို့ဝတ်ပြုစည်းဝေးခြင်းကို တနင်္ဂနွေနေ့တိုင်း သင့်အိမ်၌သာကျင်းပသည်မဟုတ်ပါ။ အခြားရွာနီးပတ်ဝန်းကျင်များ၌လည်း ကျင်းပနိုင်ပါသည်။ ဤဝတ်ပြုစည်းဝေးများ၌ တရားဒေသနာဟောကြားခြင်းဖြင့် ဘုရားသခင်အား၊ ဝန်ခံလိုသူများရှိလာသည့်တိုင်အောင်ဆောင်ရွက်ပါ။

ထိုသို့နေရာသစ်တွင် အသင်းတော်စတင်ကာ သင်းဝင်သူများရှိလာပြီးနောက် ဖော်ပြပါဝတ်ပြုပုံအတိုင်း စည်းဝေးခြင်းများ ကျင်းပစေနိုင်သည်။ သင့်အနေနှင့် လူများအားကယ်တင်ခြင်းရစိမ့်ငှာ မည်သို့ပြုလုပ်ရမည်ဆိုသည့်အကြောင်းများ၊ ဓမ္မသစ်ကျမ်း၌ပါသော ခရစ်တော်၏အသင်းတော်ဝင်များ မည်သို့ဖြစ်လာနိုင်ကြောင်း၊ အပတ်စဉ်ပထမနေ့များ၌ မည်သို့ဝတ်ပြုကိုးကွယ်နိုင်ကြောင်း၊ ခရစ်ယာန်အသက်တာကို မည်သို့ရှင်သန်နိုင်ကြောင်းများကို သွန်သင်ပေးရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သင့်လုပ်ဆောင်မှုများအပေါ် ဘုရားသခင်က ကောင်းကြီးမင်္ဂလာများချပေးမည်ဖြစ်၏။

၅။ သင်၏ဝတ်ပြုကိုးကွယ်ခြင်း၊ တရားဟောခြင်း၊ အသက်ရှင်ခြင်းတို့၌ သခင်ဘုရားအပေါ်သစ္စာရှိပါ။ ဘုရားသခင်၏ သမ္မာတရားမှန်ကိုဝေငှပါ။ သင်ရှိရာဒေသ၌ပင် သင်သည် ခရစ်ယာန်တစ်ဦးဖြစ်လာနိုင်ပြီး ခရစ်တော်၏ အသင်းတော်သားတစ်ဦးဖြစ်နိုင်ကြောင်းသတိပြုပါ။ လိုအပ်ချက်အဓိကမှာ သခင်ဘုရားအားနာခံလိုက်နာမှုတစ်ခုတည်းသာဖြစ်ပါသည်။

* * * * *

# အခန်း (၁၃)
## ခရစ်တော်၏နာမတော်

သင်သည်ဓမ္မသစ်ကျမ်းကိုဖတ်ရှု၍ အကြိမ်ပေါင်းများစွာပင် ခရစ်တော်၏နာမတော်ကို ဖော်ပြထားကြောင်း အံ့သြဖွယ်တွေ့ရမည်ဖြစ်ပါသည်။ လူအချို့က အမည်နာမသည် အရေးမကြီးကြောင်း၊ အဓိပ္ပါယ်မရှိကြောင်း ပြောကြားလေ့ရှိသည်။ အခြားအမည်များအတွက် ဤအဆိုပြုချက်မှာ မှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော် သခင်ခရစ်တော်ဘုရား၏အမည်နှင့်စပ်လျဉ်း၍ ဤသို့မပြောနိုင်ပါ။ အောက်ပါအချက်များကိုလေ့လာကြပါစို့။

၁။ ဘုရားသခင်၏လူများကို အမည်သစ်ဖြင့်ခေါ်ဝေါ်ကြလိမ့်မည်။ (ဟေရှာယ ၆၂း၂)။ ဓမ္မသစ်ကျမ်း၌လေ့လာရာတွင် အသင်းတော်သည် ခရစ်တော်၏ အမည်နာမကိုခံယူရမည်ဖြစ်ကြောင်းပါရှိသည်။ (ရောမ ၁၆း၁၆၊ ၁ကော ၁၂း၁၃)။ အသင်းသားတစ်ဦးစီသည် ခရစ်ယာန်ဟူသော အမည်ကိုသာခံယူရမည်။ (တမန် ၁၁း၂၆)။ ဤအမည်နာမမှာ အသစ်သော အမည်နာမဖြစ်ပါသည်။

၂။ မိသားစုအမည်သည်လည်းခရစ်တော်၏ အမည်နာမဖြင့်သာ မှည့်ခေါ်သည်။ ရှင်ပေါလုက "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ၊ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။" (ဧဖက် ၃း၁၄-၁၅)

၃။ အသင်းတော်သည် ခရစ်တော်၏ သတို့သမီးဖြစ်၍၊ သတို့သမီးသည်ကိုယ်တော်၏အမည်ကိုသာခံယူသည်။ (ဗျာဒိတ် ၂၁း၉၊ ၂၂း၇)။ ခရစ်တော်ဘုရား၌ သတို့သမီးတစ်ဦးတည်းသာရှိပြီး၊ သူ၏အမည်ကိုခံယူ

သော သတို့သမီး(အသင်းတော်)ကိုသာ ဒုတိယအကြိမ်ကြွလာချိန်တွင် ပြန်လည်သိမ်းဆည်းမည်ဖြစ်၏။ (ဖေက် ၅း၂၃-၂၇၊ ဗျာဒိတ် ၂၂း၄)

၄။ ကိုယ်တော်၏နာမတော်သည် အမည်နာမအားလုံး၏အထက်၌ရှိ၏။ "ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူ သော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟုနှုတ်နှင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း..." (ဖိလိပ္ပိ ၂း၉-၁၁)။

၅။ ခရစ်တော်၏နာမတော်၌ ကယ်တင်ခြင်းရှိ၏။ "ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ..." (တမန် ၄း၁၂)။

၆။ ခရစ်တော်၏နာမတော်သာ ယုံကြည်ရမည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှာ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။" (၁ယော ၅း၁၃)

၇။ ခရစ်တော်၏နာမတော်ကိုဝန်ခံရမည်။ "သခင်ဘုရား၏ နာမတော်ကိုဝန်ခံသောသူမည်သည်ကား၊ မတရားသောအမှုကိုရှောင်ရမည်" (၂တိ ၂း၁၉)

၈။ နောင်တရလျက်ခရစ်တော်၏နာမတော်၌၊ ဗတ္တိဇံခံယူရမည်။ "ပေတရုကလည်း သင်တို့၏ အပြစ်ကိုလွတ်စေခြင်းငှာ၊ နောင်တရ၍

တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။" (တမန် ၂း၃၈)။

၉။ သခင်ဘုရား၏နာမတော်အောက်၌ ဝတ်ပြုကိုးကွယ်ရန်စုဝေးကြသည်။ ခရစ်တော်က "အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်။" ဟုမိန့်တော်မူ၏။ (မဿဲ ၁၈း၂၀)။

**မှတ်ချက်။** ။ ကိုယ်တော်၏ အမည်ကိုခံယူခြင်းမရှိပဲ မည်သို့ကိုယ်တော်၏နာမအားဖြင့် စည်းဝေးကြပါသနည်း။

၁၀။ ခပ်သိမ်းသောအမှုတို့ကို နာမတော်၌ ဆောင်ရွက်ကြရသည်။ "စကားပြောသော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း၊ သခင်ယေရှု၏နာမတော်ကိုထောက်၍ ခပ်သိမ်းသောအမှုတို့ကိုပြုမူလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့.." (ကောလောသဲ ၃း၁၇)။

၁၁။ ဖြောင့်မတ်သောသူတို့သည် သခင်ဘုရား၏နာမတော်ကြောင့် လူအများ၏မုန်းတီးခြင်းကိုခံရကြလိမ့်မည်။ "လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" (မဿဲ ၁၀း၂၂)။

၁၂။ ခရစ်တော်၏နာမတော်အားဖြင့်သာ ဆုတောင်းရမည်။ "သင်တို့သည် ငါ၏နာမကိုအမှီပြုလျက် ဆုတောင်းသမျှအတိုင်းငါပြုမည်။ အကြောင်းမူကား ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း" (ယော ၁၄း၁၃)။

၁၃။ ခရစ်တော်၏နာမတော်ကြောင့်သာ အပြစ်များမှ ဖြေလွှတ်ခြင်း အခွင့်ရပေမည်။ "ချစ်သားတို့ သင်တို့သည် ထိုသခင်၏နာမအားဖြင့် အပြစ်များနှင့်ကင်းလွတ်သောကြောင့် သင်တို့အားငါရေး၍ပေးလိုက်၏" (၁ယော ၂း၁၂)။

၁၄။ နာမတော်မြတ်ကို အလွဲကဲ့ရဲ့ပြစ်တင်ခြင်းမပြုအပ်ပါ။ "သင်တို့ ကိုသမုတ်သော နာမတော်မြတ်ကို သူတို့သည် ကဲ့ရဲ့ကြမည်မဟုတ် လော.." (ယာကုပ် ၂း၇)။

၁၅။ နာမတော်၌လုပ်ဆောင်ရမည်။

"ခန္တီနှင့်ပြည့်စုံ၍ ငါ၏နာမကြောင့် ဆင်းရဲခံ၍ အားမလျော့ ကြောင်းကို လည်းကောင်း၊ ငါသိ၏။" (ဗျာဒိတ် ၂း၃)။

၁၆။ ထာဝရအသက်သည် ခရစ်တော်၏နာမတော်အားဖြင့်သာရ သည်။ "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည့်အကြောင်း၊ ထိုသို့ယုံ၍ နာမ တော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက် ရှိသတည်း..." (ယော ၂၀း၃၀-၃၁)။

ယခုဆိုလျှင် သင်သည်ခရစ်တော်၏နာမတော်၏ အရေးပါခြင်း ကို သိမြင်ပြီးဖြစ်ပေမည်။ ဤသို့သိပြီးနောက် လူတို့သည် နာမတော်ကို ခံယူလျက် အသင်းဝင်များဖြစ်လာရန် မည်မျှအရေးကြီးကြောင်းကို သိ လောက်ပြီဖြစ်ပါသည်။ ကျွန်ုပ်ဆိုလျှင် ခရစ်တော်၏ အသင်းသားတစ် ဦးဖြစ်ပြီး၊ ခရစ်ယာန်တစ်ဦးသာဖြစ်ပါသည်။ သင်သည် မည်သို့ရှိပါ သနည်း။ သမ္မာကျမ်းစာတွင်ဖတ်ရသောအသင်းတော်၌ပါဝင်နေပါရဲ့လား။ သင်တို့သည် ခရစ်ယာန်တစ်ယောက်ဖြစ်ပါရဲ့လား။ မဟုတ်သေးလျှင် ယနေ့ဖြစ်လာပါမိတ်ဆွေ။

* * * * *

# အခန်း (၁၄).

## သင်သည်ခရစ်ယာန်တစ်ဦးရိုးရိုးလေးဖြစ်နိုင်ပါသည်

ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးသည် ဘာသာရေးအရ ကွဲပြားခြားနားသော ကမ္ဘာကြီးဖြစ်ပါသည်။ အသင်းတော်ရာပေါင်းများစွာရှိ၍ အမည်နာမပေါင်းများစွာရှိပါသည်။ ဤဖြစ်ရပ်မှာ ကိုယ်တော်ရှင်၏ ရည်ရွယ်ချက်မဟုတ်ပါ။ လူအများစုအပေါ်၌ ကျရောက်၍ ဖျက်ဆီးနေသော ရောဂါဆိုးကြီးသာဖြစ်ပါသည်။ လူများစွာမှာ ဤဖြစ်ရပ်ကြောင့် စိတ်ရှုပ်ထွေးကာ၊ စိတ်ပျက်လျက်ရှိပြီး၊ အချို့ဆိုလျှင် ဘာသာရေးကို စိတ်ကုန်လျက်ရှိကြပါသည်။ သို့သော်စိတ်ကုန်၍ စွန့်လွှတ်ခြင်းဖြင့် အဖြေမှန်ရပါသလား။ မရနိုင်ပါ။ သာ၍ကောင်းသောနည်းလမ်းရှိရမည်သာဖြစ်၏။

သင်သည် ခရစ်ယာန်တစ်ဦးသာရိုးရိုးလေးဖြစ်နိုင်သောအခွင့်အရေးရှိပါသည်။ သင်နှင့်အခြားသူများသည် ဤအခွင့်အရေးကို ရယူနိုင်ပါသည်။ အဘယ်ကြောင့် လူတို့ကင်ပွန်းတပ်သော အမည်များကို ခံယူရပါမည်နည်း။ သင်၌ ခရစ်တော်၏နာမတော်ကို ခံယူနိုင်ခွင့်အပြည့်အဝရှိပါသည်။ သမ္မာကျမ်းစာကသာလျှင် သင့်ကိုခရစ်ယာန်ရိုးရိုးလေးဖြစ်စေပါသည်။ ဓမ္မသစ်ကျမ်းလက်ထက်၌ ခရစ်ယာန်များဟူ၍သာရှိခဲ့ကြပါသည်။ "တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို အန္တိအုတ်မြို့၌ အဦးခံကြရ၏။" (တမန် ၁၁း၂၆)။ ယနေ့ကျွန်ုပ်တို့ခေတ်တွင် မည်သို့သောခရစ်ယာန်များဟု အခေါ်ခံနေကြပါသနည်း။ ဤနေရာတွင် ကျွန်ုပ်တို့သည် ရှင်ပေါလု၏ဟောပြော

ချက်ကြောင့်၊ အဂြိပ္ပမင်းကြီးက ဤသို့တုံ့ပြန်ခဲ့သည်ကို တွေ့ရပါသည်။ "သင်သည်ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည်ခရစ်ယာန်ဖြစ်လုပြီ.." (တမန် ၂၆း၂၈)ဟုပြန်ဖြေခဲ့ရသည်။ ဤစကားကြောင့် အဂြိပ္ပမင်းကြီးသည် ခရစ်တော်၏သွန်သင်ချက်များကိုနာခံခြင်းဖြင့် ခရစ်ယာန်ဖြစ်သွားနိုင်သည်ကို မည်သို့သိခဲ့ပါသနည်း။ သူသည် သူတစ်ပါးတို့၏ပြောင်းလဲခြင်းကိုမြင်၍သော်လည်းကောင်း၊ ပေါလုဟောကြားသောဤတရားမှာ သူ့ကိုအထူးဟောကြားသောတရားဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဖြစ်ကောင်းဖြစ်ပေမည်။ မည်သို့ပင်ဖြစ်စေ ခရစ်တော်၏သွန်သင်ချက်ကို နာခံခြင်း၏ရလဒ်မှာ ခရစ်ယာန်ဖြစ်လာခြင်းသာဖြစ်ကြောင်းမှာ ထင်ရှားပါသည်။ နောက်ဆုံးပေတရုက "ခရစ်ယာန်ဖြစ်သောကြောင့်ခံရလျှင်မူကား၊ ရှက်ကြောက်ခြင်းမရှိစေနှင့်၊ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစေ" (၁ပေတရု ၄း၁၆)။ အခြားသောဘာသာပြန်၌မူ "ဤအမည်ဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစေ"ဟုဆိုထားရာ ခရစ်ယာန်ဟူသောအမည်အားဖြင့် ဖြစ်ပါ၏။

ဓမ္မသစ်ကျမ်း၌ ခရစ်ယာန်ဟူသော အမည်ကိုသုံးကြိမ်သုံးထားရာ၊ အကြိမ်တိုင်း၌ သခင်ဘုရားကိုနာခံသောသူများကိုခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်သောသူအား ဘုရားသခင်သည် ထိုသူ၏နာခံလိုက်လျှောက်မှုကြောင့် ခရစ်ယာန်ဖြစ်စေသည်။ ခရစ်ယာန်ဆိုသောစကားလုံး၏အဓိပ္ပါယ်မှာ ခရစ်တော်ကဲ့သို့အလားတူဖြစ်ခြင်း (သို့မဟုတ်)ခရစ်တော်၏ စိတ်ဝိညာဉ်ကို ရရှိသူများဟုဆိုလိုပါသည်။ ခရစ်တော်၏နာမကို မခံယူပဲနှင့် အဘယ်သို့ ခရစ်တော်၏သွန်သင်ချက်ကို နာခံပါသည်ဟုဆိုနိုင်မည်နည်း။ ခရစ်တော်၏အမည်နာမတော်အစား၊ လူတို့ပေးသောအမည်နာမကိုခံယူပြီး၊ ခရစ်

တော်၏စိတ်ဝိညာဉ်ကို ရသည်ဟူ၍လည်းကောင်း၊ ခရစ်တော်ကဲ့သို့ အလားတူဖြစ်ပါသည်ဟူ၍ လည်းကောင်း၊ အဘယ်သို့ဆိုနိုင်ပါသနည်း။ ဤသို့လုံးဝမဖြစ်နိုင်ပါ။

လူအချို့က နာမတော်သည် အရေးမကြီးပါဟုဆိုသော်လည်း ကျမ်းစာကမူ နာမတော်၌ ကယ်တင်ခြင်းရှိ၏ဟု ဖော်ပြထားပါသည်။ (တမန် ၄း၁၂)။ အခြားတစ်နည်းဆိုရလျှင် ကယ်တင်ခြင်းအတွက်အခြား အမည်မရှိပါ။ (၁ကော ၁)၌ ကောရိန္သုအသင်းတော်၌ သင်းဝင်သူအချို့ သည်ကွဲပြားကြပြီး အချို့ကပေါလု၏တပည့်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကအာပေါလု၊ ကေဖနှင့်ခရစ်တော်၏တပည့်ဖြစ်သည်ဟူ၍လည်း ကောင်း အသီးသီးဆိုလာကြသည်အခါ ပေါလုကသူတို့ကိုပြစ်တင်ရှုံ့ ချခဲ့သည်။ "ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်း ဖြစ်၍ အချင်းချင်းမကွဲပြားပဲ စိတ်သဘောတသံတသမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏နာမတော်ကို အမှီပြု၍ သင်တို့ကိုငါနှိုးဆော်တောင်းပန်ပါ၏။" (၁ကော ၁း၁၀)ဟု ပြောကြားခဲ့သည်။ တဆက်တည်းမှာပင်သူက "ခရစ်တော်သည်ကွဲပြား သလော၊ ပေါလုသည်သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီ လော။ သို့မဟုတ်သင်တို့သည် ပေါလု၏နာမ၌ဗတ္တိဇံကိုခံကြပြီလော" (၁ကော ၁း၁၃)ဟုမေးခဲ့ပါသည်။ လူများက ခရစ်တော်သည် တစ်ပါးတည်း ဖြစ်ကြောင်း၊ ကိုယ်တော်သာလက်ဝါးကပ်တိုင်၌ အသေခံတော်မူကြောင်း၊ ခရစ်တော်၏နာမတော်၌သာ ဗတ္တိဇံကိုခံကြကြောင်းသိကြပါသည်။ ထို့ ကြောင့်သူတို့သည် လူတို့အမည်များကို မခံယူပဲ ခရစ်တော်၏နာမတော် ကိုသာ ခံယူအပ်ကြောင်းသွန်သင်ထားပါသည်။ ယနေ့လည်း ဤအချက် ကိုသာ လက်ခံကျင့်သုံးရမည်ဖြစ်ပါသည်။

အကယ်၍သင်သည် လူတို့သတ်မှတ်ထားသော ဘွဲ့အမည်များ၊ နာမများ၊ ကျမ်းစာ၌မပါသောအရာများကို အမည်ခံသုံးစွဲနေလျှင် သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်ကိုက်ညီသော ခရစ်ယာန်မဖြစ်နိုင်ပါ။ အချို့နေရာများ၌ သင်သည်ကျမ်းစာ၌ ဖော်ပြခြင်းမရှိသည့် ကျမ်းစာမှလာသည်ဆိုသော အမည်များကို အမည်ခံနေသည်ဆိုပါစို့၊ သခင်ဘုရားသည် ဤအမည်များကို သင့်အဖို့သော်လည်းကောင်း၊ အခြားသူများအဖို့သော်လည်းကောင်း၊ သုံးစွဲစေရန်ရည်ရွယ်ခြင်းမရှိခဲ့လျှင် အသုံးပြုနေသော သင်သည် မှားယွင်းနေပြီမဟုတ်ပါလား။ ခရစ်ယာန်ဆိုသောအမည် ရှေ့တွင်ဖြစ်စေ၊ နောက်တွင်ဖြစ်စေ၊ အခြားအမည်တစ်ခုခုထပ်မံဖြည့်စွက်သုံးစွဲပါက သင်သည် ဘုရားသခင်၏အမည်နာမတော်ကို အလွဲသုံးသူဖြစ်ပြီး သမ္မာကျမ်းစာကသွန်သင်ထားသော ခရစ်ယာန်မျိုးလည်း မဟုတ်တော့ပါ။ အခြားလူတို့ သွန်သင်သောအမည်ကိုခံယူပြီးနောက် ခရစ်ယာန်တစ်မျိုးသီးခြားမဖြစ်နိုင်ပါ။ သင်သည် ခရစ်ယာန်သော်လည်းကောင်း၊ ခရစ်ယာန်မဟုတ်သောသူသော်လည်းကောင်း၊ တစ်ခုခုသာဖြစ်ပေမည်။

ထို့ကြောင့်ကျွန်ုပ်သည် သင့်အားအနူးအညွတ်ပန်ကြားလိုပါသည်။ သင်၏ကျမ်းစာကို သေချာစွာဖတ်၍၊ ၎င်း၌ဖော်ပြထားသည့်အတိုင်းသာ လိုက်နာပါ။ သို့ပြုလျှင်သင်သည် ခရစ်ယာန်မှတပါး အခြားမည်သည့်အရာမျှ ဖြစ်လာမည်မဟုတ်ပါ။ ခရစ်ယာန်ရိုးရိုးလေးသာဖြစ်ပေမည်။ ဤမျှဆိုလျှင်မလုံလောက်ပေဘူးလား။ ခရစ်ယာန်ဟုဆိုလျှင် လုံလောက်ပါလျက် အဘယ့်ကြောင့်ဖြည့်စွက်ခြင်း၊ လျှော့ခြင်းပြုလုပ်လိုပါသနည်း။

သင်သည်ဘုရားသခင်၏စကားတော်ကိုကြားနာခဲ့လျှင် (ရောမ ၁၀း၁၇)၊ ဘုရားသခင်ကိုယုံကြည်ပြီး (ဟေဗြဲ ၁၁း၆)၊ သင့်အပြစ်များမှ နောင်တရလျက် (တမန် ၁၇း၃၀)၊ ခရစ်တော်ကိုဝန်ခံကာ (မဿဲ

၁၀း၃၂)၊ အပြစ်များမှလွတ်စေအံ့သောငှာ ဗတ္တိဇံကိုခံယူလျှင် (တမန် ၂း၃၈၊ မာကု ၁၆း၁၆)၊ ကိုယ်တော်သည် သင့်အားကယ်တင်၍ သင့်ကို ခရစ်ယာန်ရိုးရိုးလေးသာ ဖြစ်စေမည်ဖြစ်ပါသည်။ အလားတူ နာခံလိုက် လျှောက်ခြင်းဖြင့် သင်သည် သခင်ဘုရား၏အသင်းတော်ဝင်တစ်ဦးဖြစ် လာပေမည်။ ခရစ်တော်၏အသင်းတော်သည်သာ ကျမ်းစာကဖော်ပြ ထားသော တစ်ခုတည်းသောအသင်းတော်ဖြစ်ပါသည်။ (တမန် ၂း၄၇၊ မဿဲ ၁၆း၁၈၊ ရောမ ၁၆း၁၆)။

သင်သည် ထိုသို့ ခရစ်ယာန်ဖြစ်လာပြီး ခရစ်တော်၏အသင်း ဝင်တစ်ဦးဖြစ်လာလျှင် လမ်းမှန်ပေါ်သို့ ရောက်ခဲ့ပြီဖြစ်၏။ သင်သည် သူတစ်ပါးအား ဂုဏ်ယူစွာနှင့် သင်သည်ခရစ်တော်၏အမည်နာမကို ခံယူထားကြောင်း၊ ကိုယ်တော်၏အသင်းတော်ဝင်တစ်ဦးဖြစ်ကြောင်း၊ ပြောပြသက်သေခံနိုင်ပါသည်။ သို့ပြုလျှင်သင်သည် ဂိုဏ်းဂဏလက် အောက်ခံမဟုတ်ကြောင်း၊ လူတို့သွန်သင်ချက်ဩဝါဒများကိုလိုက်နာခြင်း မဟုတ်ကြောင်း၊ သက်သေထင်ရှားကာ သင်ခံယူသောအမည်အတွက် ဝိညာဉ်ရေးဆိုင်ရာ သက်သေကိုလည်းကောင်း၊ အသင်းတော်၏သက်သေ ကိုလည်းကောင်း၊ သင်ဆောင်ရွက်နေသည့်ဘာသာရေးလုပ်ငန်းဟူသမျှ ကိုလည်းကောင်း၊ ခိုင်လုံစွာရှင်းပြနိုင်မည်ဖြစ်၏။ ထိုအခါသင်သည် ပျော်ရွှင်စွာနှင့် ရှင်ပေါလု၏စကားကို နားလည်လာနိုင်မည်ဖြစ်ပါသည်။ "စကားပြောသော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်း ကောင်း၊ သခင်ယေရှု၏နာမတော်ကိုထောက်လျက် ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော် ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့..." (ကောလောသဲ ၃း၁၇)။

* * * * *

# အခန်း (၁၅)

## သင့်အတွက် ခရစ်ယာန်အသက်ရှင်ခြင်း၏ စွမ်းဆောင်နိုင်မှု

အခြားသောအရာများထက် ခရစ်ယာန်အသက်ရှင်မှုသည် ကမ္ဘာလောကအတွက် အကျိုးသက်ရောက်မှုအများဆုံးပေးသည်။ လက်မခံသောသူများပင်လျှင် အရှိန်သက်ရောက်မှုများရှိ၏။ ထို့ကြောင့် မည်မျှဆိုးသွမ်းသောသူဖြစ်စေ ကောင်းသင့်သလောက် ကောင်းသောအရာများရှိတတ်ကြသည်။ ဤအသက်ရှင်မှုမျိုးမရှိခဲ့လျှင် လောကကြီးသည် မည်မျှလောက်ပင်ဖြစ်နေမည်ကိုခန့်မှန်းနိုင်ပေမည်။ ထိုသို့ဖြစ်လျှင် အသက်ရှင်မှုသည်လည်း ဆိုးဝါးလှပေတော့မည်။

ခရစ်ယာန်အသက်ရှင်မှုသည် လူသားကိုပြည့်ဝစေသော်လည်း တစ်ဦးချင်းလက်ခံမှုနှင့် ပတ်သက်သော သဘောသဘာဝရှိသည်။ ကြီးမားလှသောရလဒ်များကို ရယူလိုသော် ခရစ်ယာန်အသက်ရှင်မှုမျိုးကို စတင်လက်ခံရပေမည်။ ခရစ်ယာန်၏အရှင်ယေရှုသွန်သင်ချက်များကို စတင်လိုက်လျှောက်ခြင်းဖြင့် အစပြုရမည်။ ထိုသို့ဆိုလျှင် ခရစ်ယာန်စည်းမျဉ်းများ ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာပြီး အသီးအမြစ်များထွန်းကားလာသည်အထိ ကောင်းကြီးကြွယ်ဝစွာခံစားရမည်။

အချို့သောသူများသည် ခရစ်ယာန်ဘာသာကိုလက်ခံခြင်း(သို့မဟုတ်)ဘာသာရေးအဖွဲ့အစည်းတို့နှင့် ထိစပ်မှုပြုခြင်းဖြင့် မပြောပလောက်သော ကောင်းကြီးများ၊ ဆုလဒ်များရရှိခံစားရမည်ဟုယုံစားမိရန် ဦးတည်ပေးနေကြသည်။ မိမိကိုယ်မိမိချမ်းသာလာပုံ၊ ပြဿနာများချက်ချင်းပြေလည်မှုရှိခြင်းစသည်တို့ကို အခမဲ့ရရှိကြောင်း ပုံဆောင်ပြသကြသည်။ ဤသို့ပုံဆောင်သူအများမှာ ဝိညာဉ်ရေးအပိုင်းတွင် မည်သို့ပင်ဖြစ်နေ

ပါစေ၊ ဥစ္စာပစ္စည်းရလိုသောသူများသာဖြစ်ကြပါသည်။ ထိုသူများသည် ထင်မြင်ထားကြသည့်အတိုင်း ဖြစ်မလာသော် အခြားတစ်ဖက်သို့လှမ်းကူးသွားတတ်ကြ၏။

ခရစ်ယာန်ဖြစ်ခြင်းသည် အလွန်ပင်ရှင်းလင်းရိုးသားလှ၍ အဖိုးအခပေးဆပ်လိုသူအတွက် ရလဒ်အကျိုးများစွာရှိ၏။ ပေးဆောင်ရမည့် အဖိုးအခသည် ယုံကြည်ခြင်း၊ နာခံခြင်း၊ အမှုဆောင်ခြင်း၊ သစ္စာရှိခြင်း စသည့်ပုံသဏ္ဌာန်များအသွင်ဖြင့်လာပါသည်။

ခရစ်ယာန်အသက်ရှင်မှုကို နှလုံးသားမှ လက်ခံကျင့်သုံးသောသူအပေါင်းတို့သည် ဝိညာဉ်ရေးနှင့်နေထိုင်ရေးနှစ်မျိုးစလုံးတွင် ထပ်တလဲလဲကောင်းကြီးခံစားကြရသည်။ ခရစ်ယာန်အသက်ရှင်မှုသည် သင့်အားလည်း ဤအကျိုးများကို ရစေမည်ဖြစ်သည်။

၁။ ခရစ်ယာန်အသက်ရှင်မှုသည် သင့်အားပြီးပျက်ခဲ့သည့်အပြစ်များမှကယ်တင်ခြင်းရစေမည်။ ခရစ်တော်သည်မိမိအားနာခံလိုက်လျှောက်သောသူတို့၏ကယ်တင်ခြင်းအရှင်ဖြစ်လာသည်။ (ဟေဗြဲ ၅း၉)။ ယေရှုက "ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည်ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။ (မာကု ၁၆း၁၆) ဟုပြောထားပါသည်။ လူသည်အပြစ်လွတ်ခွင့်လိုအပ်သည်။ ခရစ်တော်သာလျှင် ဤအမှုကိုပြုနိုင်သည်။ ထို့ကြောင့် လူ၏အကြီးမားဆုံးသောပိုင်ဆိုင်မှုမှာ အသက်ဝိညာဉ်ဆေးကြောခံရခြင်း၊ သန့်ရှင်းစေခြင်းအမှုပင်ဖြစ်ပါသည်။ (လု ၁၉း၁၀၊ မဿဲ ၁၆း၂၆)။

၂။ ခရစ်ယာန်အသက်ရှင်မှုသည် သင့်အားများစွာသောဘုရားသခင်၏ဆုကျေးဇူးများနှင့် ထိတွေ့ခံစားခွင့်ရစေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူး(တမန် ၂း၃၈)၊ အသင်းတော်ထဲသို့ဝင်ရောက်ရခြင်းဆုကျေးဇူး(တမန် ၂း၄၇)၊ ဘုရားသခင်နှင့်အစဉ်အတူရှိနေခြင်းအခွင့်

(မသဲ ၂၈း၂၀)၊ ဆုတောင်းနိုင်သောအခွင့်(ယော ၉း၃၁)၊ ထာဝရအသက်တာ မြော်လင့်ချက်(ယော ၁၄း၁-၃)စသည်တို့ရှိကြသည်။

၃။ ခရစ်ယာန်အသက်ရှင်မှုသည် ဝိညာဉ်ရေးနှင့်နေထိုင်ရေး နှစ်မျိုးစလုံးတွင် ကောင်းကြီးခံစားရစေသည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။" (မသဲ ၆း၃၃)။ ဤတွင်သတိပြုရန်မှာ ဘုရားသခင်၏နိုင်ငံတော်(သို့မဟုတ်) အသင်းတော်ကို ရှေးဦးစွာရှာမှသာ အလုံးစုံကိုပြည့်စုံစေမည်ဖြစ်သည်။ တစ်ခါတစ်ရံ ခရစ်ယာန်များသည် အဘယ်ကြောင့် ကောင်းကြီးများကြွယ်ဝစွာမခံစားရသနည်းဟူ၍တွေးတောတတ်ကြသည်။ ထိုသူတို့သည် ဘုရားသခင်အတွက်မည်မျှလုပ်ဆောင်သည်ကိုမူ မဆင်ခြင်တတ်ပဲတွေးတောခြင်းပင်ဖြစ်သည်။

၄။ ခရစ်ယာန်အသက်ရှင်ခြင်းသည် ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းအခွင့်များရရှိစေသည်။ "ထမ်းရွက်စရာ ဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကိုကျင့်ကြလော့။" (ဂလာတိ ၆း၂)။ ထို့ကြောင့်ငါတို့သည် အဆင်သင့်သည့်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့်ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။ (ဂလာတိ ၆း၁၀)။

၅။ ခရစ်ယာန်အသက်ရှင်ခြင်းတွင် သာ၍ပေးကမ်းခြင်းသည် သာ၍ရတတ်သည်ဟုသွန်သင်ထားပါသည်။ "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည်များစွာရိတ်ရမည်ဟုမှတ်ကြလော့" (၂ကော ၉း၆)။ "လူသည် မျိုးစေ့ကြဲသည့်အတိုင်း ရိတ်ရလိမ့်မည်" (ဂလာတိ ၆း၇)။ များစွာသောသူတို့သည် မရတတ်ကြ။ အဘယ်သို့ဆိုသော် ပေးဆောင်ခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။ ဤသည်ကိုလည်း မစဉ်းစားတတ်ကြပါ။

၆။ ခရစ်ယာန်အသက်ရှင်မှုတွင်လက်ခံရရှိခြင်းထက် ပေးကမ်းမှုက ပို၍မင်္ဂလာရှိသည်ဟုလာသည်။ ယေရှုကိုယ်တိုင်က(တမန် ၂၀း၃၅)တွင် ထိုသို့ဆိုထားသည်။ ထပ်မံ၍လည်း "မိမိအသက်တာကိုတွေ့သောသူသည် အသက်ရှုံးလိမ့်မည်။ ငါ့အတွက်အသက်ရှုံးသောသူမူကား အသက်ကို တွေ့လိမ့်မည်။" (မဿဲ ၁၀း၃၉)ဟူ၍ပြောပြပါသည်။

၇။ ခရစ်ယာန်အသက်ရှင်မှုသည် ဤလောကမှထာဝရသို့ဦးတည် ပေးသည့် တစ်လမ်းတည်းသော အသက်ရှင်လမ်းကြောင်းကိုပေးသည်။ ယေရှုသည် ကိုယ့်အားပြုစေလိုသည့်အမှုကို သူတစ်ပါးအားပြုရန်သင် ပေးသည်(လု ၆း၃၁)၊ ရန်သူကိုချစ်ပါ(မဿဲ ၅း၄၄)၊ ကိုယ်နှင့်နီးစပ်သော သူအား ကိုယ်နှင့်အမျှချစ်(မဿဲ ၂၂း၃၉)၊ လောကကိုချစ်ခင်မှုမပြု(၁ယော ၂း၁၅)၊ မိမိကိုယ်ကိုသန့်ရှင်းစွာထား(မဿဲ ၅း၈)၊ ဘုရားသခင်အား အသက်ရှင်သောပူဇော်သကာအဖြစ်တင်ဆက်(ရောမ ၁၂း၁) စသည်ဖြင့် သွန်သင်ထားပါသည်။ အဆုံး၌ ပျော်ရွှင်သောအသက်ရှင်မှု၊ ငြိမ်သက်မှု နှင့် ထာဝရအသက်မြော်လင့်ရာ ကောင်းမွန်သည့်အသက်တာ(ကော ၁း၅)တို့ကို ရလဒ်အဖြစ်ရရှိမည်ဖြစ်သည်။

ထို့ကြောင့် ခရစ်ယာန်အသက်တာသည် ဆုကျေးဇူးကို ရထိုက် သောအသက်တာဖြစ်၏။ သို့သော်လူသည် မိမိပေးသွင်းမှုများကြောင့် ဆုကျေးဇူးလစ်ဟင်းမှုများရှိတတ်သည်။ ပေးဆောင်မှုမရှိက ရရှိမှုအတွက် မမြော်လင့်အပ်ပါ။ ဘုရားသခင်အား မိမိကိုယ်ကို ပေးဆောင်လျှင် ဘုရားသခင်၏စည်းမျဉ်းများ မိမိကိုယ်၌ မိမိအသက်တာ၌ လှုပ်ရှားမှု အခွင့်ကိုပြုလျှင် မထင်မမှတ်နိုင်လောက်သော ကောင်းကြီးများ ခံစား ရမည်အမှန်ဖြစ်သည်။

* * * * *

# အခန်း (၁၆)

## ခရစ်ယာန်မဟုတ်သောအချို့သူများ

များစွာသောလူတို့သည် မိမိကိုယ်ကိုမိမိ ခရစ်ယာန်ဟုခေါ်ကြသည်။ ထိုသို့ခေါ်ဝေါ်သူတိုင်း ခရစ်ယာန်မဟုတ်ကြပါ။ ဤသို့ဆိုသော် အသင်အဲ့သြကောင်းအဲ့သြပေမည်။ သို့သော်ဤအချက်သည်မှန်ကန်ပါသည်။

၁။ ခရစ်ယာန်ဟုခေါ်ဝေါ်သော မိဘနှစ်ပါး၏ မိသားစုထဲသို့မွေးဖွားဝင်ရောက်ခြင်းဖြင့် ခရစ်ယာန်ဖြစ်မလာပါ။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလာမ်စသော ဘာသာတို့တွင်မူ မွေးဖွားလာခြင်းဖြင့် ဘာသာဝင်တစ်ယောက်ဖြစ်သွားကြောင်းသတိပြုမိစရာဖြစ်ပါသည်။ ကာသိုလ်လစ်အဖွဲ့အစည်းတွင်လည်း ဤသဘောရှိပါသည်။ သို့သော်ဤပုံစံမျိုးမှာ ခရစ်ယာန်တစ်ယောက်ဖြစ်လာမှုနှင့် လုံးဝမပတ်သက်ပါ။ လူတစ်ဦးအား ခရစ်ယာန်မိဘမှမွေးထုတ်လာသောကြောင့် ခရစ်ယာန်တစ်ယောက်ဖြစ်မလာပါ။ ခရစ်တော်ကိုယုံကြည်ပြီး နာခံမှုဖြင့် အသစ်မွေးဖွားခြင်းခံရပြီးမှသာ ဘုရားသခင်၏မိသားစုထဲသို့ရောက်ရှိရပါသည်။(ယောဟန် ၃း၃-၅)။ ထိုမှသာလျှင် ခရစ်ယာန်ဟုမှန်ကန်စွာခေါ်ဆိုနိုင်ပါသည်။

၂။ မွေးဖွားသည့်အချိန်၌ရေဖျန်းခြင်းဖြင့် ခရစ်ယာန်ဖြစ်မလာပါ။ ပထမအားဖြင့် ဗတ္တိဇံမှာ ရေ၌မြှုပ်နှံခြင်း(ကော ၂း၁၂)ဖြစ်ပါသည်။ ရေဖျန်းခြင်းမဟုတ်ပါ။ ဒုတိယမှာ ဗတ္တိဇံခံယူသူသည် သမ္မာတရားကိုကြားနာယုံကြည်ပြီးမှသာ ဗတ္တိဇံခံခြင်းသည် အကျုံးဝင်ပါသည် (ရောမ

၁၀း၁၇)။ ယုံကြည်သူဖြစ်ရမည် (ရောမ ၁၀း၁၀)။ နောင်တရသူဖြစ်ရမည် (လု ၁၃း၃)။ ယေရှုခရစ်တော်ကို နှုတ်ဖြင့်ဝန်ခံသူဖြစ်ရမည်။ (မဿဲ ၁၀း၃၂)။ တစ်ယောက်အစား မည်သူကမှ ပြုလုပ်ပေး၍မရပါ။ တတိယအချက်မှာ ကလေးသူငယ်များသည် သိ၍ဝေခွဲတတ်သော အရွယ်မရောက်မချင်း ဘုရားသခင်စကားနာခံနိုင်စွမ်းမရှိသေးပါ။ ထို့ကြောင့် အကျုံးမဝင်သေးပါ။ (မဿဲ ၁၈း၁-၃)။ ထို့ကြောင့်ရေဖျန်းခြင်းသည် မွေးပြီးတခဏ (သို့မဟုတ်) မည်သည့်အသက်အရွယ်၌မဆို ခရစ်ယာန်ဖြစ်လာရေးအတွက် အကျိုးမရှိပါ။ လူတစ်ယောက်သည် ခရစ်တော်အား ဆက်ကပ်ခြင်းဖြင့်သာ၊ ခရစ်ယာန်ဖြစ်လာပါသည်။ ဖျန်းခြင်းသည် လူတို့၏တီထွင်ချက်တစ်ရပ်သာဖြစ်သည်။

၃။ ခရစ်တော်ကို ဘုရားသခင့်၏တစ်ပါးတည်းသောသားတော်ဖြစ်ကြောင်းယုံကြည်ပါသည်ဟု တင်ပြပြောဆိုခြင်းသည် ခရစ်ယာန်ဖြစ်ကြောင်း ပြသရန်လိုအပ်ချက်မဟုတ်ပါ။ ခရစ်တော်ကို ဘုရားသခင်၏တစ်ပါးတည်းသောသားဟုယုံကြည်ရပါမည်။ သို့သော်ဤအချက်သည် ခရစ်ယာန်ဖြစ်ခြင်းအတွက်မလုံလောက်ပါ။ "နတ်ဆိုးတို့သည်လည်း ယုံကြည်၍ တုန်လှုပ်ကြ၏။" (ယာကုပ် ၂း၁၉)။ သို့သော်နတ်ဆိုးတို့သည် ခရစ်ယာန်မဟုတ်ပါ။ ခရစ်ယာန်ဖြစ်လာရန်အတွက် ပြောဆိုချက်များကို လိုက်နာရန်လိုလားသည်အထိ ခရစ်တော်အားယုံကြည်ရပေမည်။ (ယော ၅း၈-၉၊ ၁ပေ ၂း၂၁)။ ဤမျှမကသေးပါ။ သေသည့်တိုင်သစ္စာရှိရန် လိုပါသည်။ (ဗျာ ၂း၁၀)

၄။ အသင်းဂိုဏ်းဂဏတစ်ခုခု၏ အသင်းဝင်ဖြစ်သောကြောင့် ခရစ်ယာန်တစ်ယောက်ဖြစ်မလာပါ။ အသင်းဂိုဏ်းဂဏများစွာရှိနေပါသည်။ ထို

အသင်းဝင်များသည် မိမိကိုယ်ကို မိမိခရစ်ယာန်ဟူ၍ ပြောဆိုနေကြသည်။ လှည့်ဖြားမှုခံနေရခြင်းမျှသာဖြစ်၏။ ခရစ်ယာန်ဖြစ်လာခြင်းမှာ ခရစ်တော်သွန်သင်ချက်များနောက်သို့လိုက်မှသာ ဖြစ်လာပါသည်။ ခရစ်တော်နောက်သို့လိုက်သောသူတစ်ယောက်သည် မည်သည့်အခါမျှ အသင်းဂိုဏ်းဂဏဝင်တစ်ဦးဖြစ်မလာပါ။ သမ္မာကျမ်းစာသည်ခရစ်ယာန်တစ်ဦးသာဖြစ်စေပါသည် (တမန် ၁၁း၂၆)။ ကျမ်းစာသည် ကျွန်ုပ်တို့အား ကွဲပြားစေသည်မဟုတ်၊ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေပါသည် (၁ကော ၁း၁၀)။ ထို့ကြောင့်ဂိုဏ်းဂဏအသင်းဝင်တစ်ဦးသည် ခရစ်ယာန်တစ်ယောက်မဟုတ်ပါ။ မည်သို့ပင်ဆင်ခြေပေးနေပါစေ၊ မည်သို့ပင်ငြင်းဆန်နေပါစေ၊ ထိုသူသည်ကျမ်းစာသွန်သင်သော ခရစ်ယာန်တစ်ယောက်မဟုတ်ပေ။ အကယ်၍ ထိုသူသည်ခရစ်ယာန်တစ်ယောက်ဖြစ်လျှင် ဂိုဏ်းဂဏအသင်းတစ်ခုခု၌ သင်းဝင်သူမဖြစ်ပဲ ခရစ်တော်၏အသင်းသား၊ ခရစ်ယာန်တစ်ယောက်သာ ဖြစ်ပေတော့မည်(တမန် ၂း၄၇၊ ၁ပေ ၄း၁၆)။ ကိုယ်တိုင်ကျမ်းစာလေ့လာ ကြည့်ပါ။

၅။ မိမိကိုယ်မိမိ ခရစ်ယာန်ပါဟု အတတ်ပြောဆိုနေခြင်းဖြင့် ခရစ်ယာန်ဖြစ်မလာပါ။ တင်ဆိုချက်ထောင်သောင်းများစွာပြုနိုင်သော်လည်း သက်သေအထောက်အထားမပါလျှင် ထိုတင်ဆိုသူသည် လူညာတစ်ဦးသာဖြစ်သည်။ အချို့တို့သည် ထိုသို့တင်ဆိုလာသူများအား လွယ်ကူစွာဖြင့် ခရစ်ယာန်ဟူ၍သတ်မှတ်တတ်ကြသည်။ မှားယွင်းပါသည်။ သမ္မာကျမ်းစာအားဖြင့် သက်သေမထူနိုင်လျှင် မည်သို့ပင်ပြောဆိုနေပါစေ၊ ခရစ်ယာန်တစ်ဦးမဟုတ်ပါ (မဿဲ ၇း၂၁–၂၃)။

သင့်အခြေအနေကို သင်သုံးသပ်ကြည့်ပါ။ ခရစ်ယာန်တစ်ဦး ဟုတ်ပါသလား။ သမ္မာကျမ်းစာသွန်သင်သည့်အတိုင်းရှိနေပါသလား။ ကျမ်းချက်ဖြင့် သက်သေထူနိုင်ပါသလား။ ဘုရားသခင်ကိုသင်နာခံပါပြီလား။ ဘုရားသခင်ကို သစ္စာထားပါရဲ့လား။ သင်သည်ခရစ်ယာန်တစ်ဦး မဟုတ်သေးလျှင် ဘုရားသခင်ကိုယုံကြည်ပါ။ အမှားအယွင်းများမှ လှည့်ထွက်(နောင်တရ)ပါ။ ခရစ်တော်ကို ဘုရားသခင်၏တစ်ပါးတည်းသောသားဟုဝန်ခံလျက်အပြစ်များကို ဗတ္တိဇံခံ၍ဆေးကြောပါ။ (မာကု ၁၆း၁၅–၁၆၊ တမန် ၂း၃၈၊ တမန် ၂၂း၁၆)။ နောက်ဆုံးတွင် ဘုရားသခင်အပေါ် သစ္စာထား လျက်ထာဝရကယ်တင်ခြင်းကိုရယူပါ(ရောမ ၆း၂၃၊ ယော ၁၄း၁–၃)။

* * * * *

# အခန်း (၁၇)

## ကယ်တင်ခြင်းရခိုင်သောငှာ မည်သို့ပြုရပါမည်နည်း

"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြုကြပြီ။" (ရောမ ၃း၂၃)။ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (ရောမ ၃း၁၀)။ အပြစ်တရား၏ အခကားသေခြင်းပင်တည်း။ (ရောမ ၆း၂၃)။ အခြားအလားတူကျမ်းပိုဒ်များလည်းရှိပါသေးသည်။ ဤကျမ်းပိုဒ်များအရ၊ လူသည်ပျောက်ဆုံးလျက်၊ ဆုံးရှုံးခြင်းအဖြစ်၌ရှိလျက်၊ ဘုရားသခင်ကို မသိပဲမြော်လင့်ချက်လည်း မရှိဖြစ်နေကြောင်းဖော်ပြသည်။ ထိုသို့သောအဖြစ်၌ရှိသောလူသည် မည်သို့ ကယ်တင်ခြင်းခံရနိုင်သနည်း။ တမန်တော်ဝတ္ထု၌တွေ့နိုင်ပါသည်။

တမန်တော်ဝတ္ထုတစ်ခုလုံးတွင် ပြောင်းလဲသောအသက်တာပြောင်းလဲခြင်းအချက်(၁၁)ခုကို မှတ်တမ်းတင်ထားပါသည်။ နေရာရှိလျှင်တစ်ခုစီကို သေချာစွာလေ့လာပြီး မည်သို့ကယ်တင်ခြင်းရကြောင်းလေ့လာနိုင်ပါသည်။ သို့သော်ဤနေရာ၌(၃)ခုကိုသာ လေ့လာကြပါစို့။ တစ်ခုစီတွင်အလားတူမေးခွန်းများမေးထားပြီး၊ အဖြေမှာလည်း ထပ်တူဖြစ်ပါသည်။ မေးသောအခြေခံမေးခွန်းမှာ "ကျွန်ုပ်သည် ကယ်တင်ခြင်းခံရအံ့သောငှာ မည်သို့ပြုရပါမည်နည်း။" ဟူသောမေးခွန်းသာဖြစ်ပါသည်။ ယခုဖြစ်ရပ်(၃)ခုကို လေ့လာလျက်အဖြေကိုရှာကြပါစို့။

၁။ ပင်တေကုတ္တေပွဲနေ့က လူများသည် ဤမေးခွန်းကိုပင်မေးခဲ့ကြသည်။ (တမန်တော် -၂)

ဤဖြစ်ရပ်၌ ပေတရုနှင့်တမန်တော်များသည် မယုံကြည်သူများနှင့် ဆက်ဆံနေခြင်းဖြစ်ပါသည်။ ထိုလူစုထဲမှ လူများစွာသည် ခရစ်တော်အား အသေသတ်စဉ်က ပါဝင်သူများဖြစ်သည်။ ထို့ကြောင့်သူတို့သည် ခရစ်တော်ကို ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း သဘောပေါက်ရန်လိုအပ်ပါသည်။ ဤသို့ဖြစ်ရန်ပေတရုက သူတို့အားခရစ်တော်သည် နိမိတ်လက္ခဏာမျိုးစုံ၊ အံ့ဩဖွယ်မျိုးစုံကို ပြုလုပ်ခဲ့၍ သူတို့ရှေ့တွင်ပြသခဲ့ရသည်။ ထို့နောက်သူတို့အား ခရစ်တော်သည် ကားတိုင်၌ သံဖြင့်ရိုက်ထား၍ ကွပ်မျက်ခြင်းခံရပြီး (၃)ရက်ကြာ မြှပ်နှံပြီးနောက် သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း၊ လူများစွာအား ထင်ရှားစွာပြတော်မူခဲ့ပြီး၊ ကောင်းကင်ဘုံရှိ ခမည်းတော်ထံပြန်လည်တက်ကြွသွားတော်မူကြောင်းပြောပြခဲ့သည်။ နောက်ဆုံးတွင် ခရစ်တော်သည် သူနှင့်ပတ်သက်၍ ကြိုတင်ပရောဖက်ပြုချက်များ၊ အထူးသဖြင့် ဒါဝိဒ်၏ ကိုယ်တော်ကြွလာမည့်အကြောင်း၊ ထိုအချိန်၌ ကိုယ်တော်သည် ဒါဝိဒ်၏ပလ္လင်ထက်၌ရှိကြောင်းများကိုသက်သေခံကြသည်။ "ထိုအခါ သူတို့သည် ကြားရလျှင်စိတ်နှလုံးပူပန်ခြင်းရှိ၍၊ ညီအစ်ကိုတို့အဘယ်သို့ပြုရပါမည်နည်း။ ဟုပေတရုမှစ၍ အခြားသောတမန်တော်တို့အား မေးမြန်းကြ၏။ ပေတရုကလည်း သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ၊ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။ အကြောင်းမူကား ကတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့၏သားသမီးတို့နှင့်လည်းကောင်း၊ ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင်ထာဝရဘုရားခေါ်တော်မူသမျှသောသူတို့နှင့်လည်းကောင်း ဆိုင်သည်ဟု

ဟော၏။" (တမန် ၂း၃၇-၃၉)။ ထို့နောက်ကျမ်းစာ၌ ဆက်လက်ဖော်ပြသည်မှာ "ထိုစကားကိုအသင့်နှလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံကိုခံ၍ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည်ဝင်ကြ၏" (တမန် ၂း၄၁)။ (တမန်တော် ၂း၄၇)၌ ဖော်ပြထားသည်မှာ "ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏" ဟုပါရှိ၏။

ဤနေရာ၌သတိပြုရန်မှာ ဧဝံဂေလိတရားသည် ဦးစွာဟောကြားပြီးနောက်၊ လူတို့သည်ယုံကြည်လက်ခံပြီး၊ နောင်တရကာ၊ သူတို့အပြစ်များမှ လွတ်စေခြင်းငှာ ဗတ္တိဇံခံယူကြသည်။ ထိုအခါမည်သို့ဖြစ်သနည်း။ သူတို့သည် ကယ်တင်ခြင်းခံရပြီး သခင်ဘုရား၏အသင်းတော်သို့ ဝင်ရောက်စေခြင်းခံရကြသည်။

၂။ ရှောလုသည် ဤမေးခွန်းကိုပင်မေးခဲ့သည်။ "သခင် အကျွန်ုပ်သည် ဘယ်သို့ပြုရမည်နည်း။" (တမန် ၉၊ တမန် ၂၂း၁၀)

ဤနေရာတွင် ရှောလုသည် သခင်ဘုရား၏အသင်းတော်ကို ပျက်စီးစေရန် သူ့၌ရှိသောအာဏာကို အကုန်သုံးစွဲခြင်းဖြင့် ခရစ်တော်ကို ညှင်းဆဲနှိပ်စက်ခဲ့ကြောင်းတွေ့ရသည်။ သူသည် ဒမသက်မြို့သို့သွားရာလမ်း၌ ကိုယ်တော်ကိုမြင်တွေ့ရပြီး၊ ကိုယ်တွေ့ကြုံခဲ့ရသည်ကို ဤသို့မှတ်တမ်းပြုထား၏။ "လမ်း၌သွားစဉ် ဒမာသက်မြို့အနီးသို့ရောက်သောအခါ မွန်းတည့်အချိန်တွင် ကောင်းကင်ထဲကကြီးသောအလင်းသည် သူ့ပတ်လည်၌ ရုတ်ခနဲထွန်းတောက်၏။ သူသည်မြေပေါ်မှာလဲ၍နေစဉ် ရှောလု၊ရှောလု၊ အဘယ်ကြောင့်ငါ့ကိုညှင်းဆဲသနည်း ဟုအကျွန်ုပ်အားပြောသောစကားသံကိုကြားလျှင် သခင်၊ ကိုယ်တော်သည် အဘယ်သူနည်း

ဟုပြန်၍ မေးလျှောက်သော် ငါကားသင်ညှင်းဆဲသောနာဇရက်မြို့သား ယေရှုဖြစ်သတည်းဟုမိန့်တော်မူ၏။ ထိုအခါရှောလုသည် တုန်လှုပ်လျက် သခင်အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်းဟုလျှောက်လျှင် သခင် ဘုရားက သူ့အား ထလော့၊ ဒမာသက်မြို့သို့သွားလော့၊ သင်ဆောင်ရွက် စရာဘို့ ခွဲခန့်စီမံသမျှတို့ကို ထိုမြို့၌ပြောလိမ့်မည်ဟုမိန့်တော်မူ၏။" (တမန် ၂၂း၆–၁၀)။ နောက်မှသခင်ဘုရားသည် အာနနိအား ရှောလု မည်သို့ပြုရမည်ကိုပြောစေသဖြင့် အာနနိသည် ရှောလုထံသွားပြီး၊ "သင် သည် အဘယ့်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့၊ သခင်ဘုရားကို ပဌနာပြုလျက် ဗတ္တိဇံကိုခံ၍ သင်၏အပြစ်များကိုဆေးကြောလော့။" ဟုဆို၏။ (တမန် ၂၂း၁၆)

ရှောလုသည် မည်သည့်အချိန်၌ ကယ်တင်ခြင်းခံရပါသနည်း။ အချို့က သခင်ဘုရားသူ့ထံထင်ရှားစဉ်ကဟုပြောကြသည်။ သို့သော် သတိပြုရန်မှာ ကိုယ်တော်ကသူ့အား မြို့ထဲသို့ဝင်ရန်နှင့် ထိုအခါမှသာ မည်သို့ပြုရမည်ကိုပြောမည်ဟု ညွှန်ကြားခဲ့ပါသည်။ အချို့ကလည်း သူသည် ဆုတောင်းပဌနာပြုစဉ် ကယ်တင်ခြင်းခံရသည်ဟုဆိုကြ၏။ သို့ပြုလျှင်အာနနိက အဘယ်ကြောင့်သူ့အား ထစေပြီး၊ အပြစ်များမှ ဆေးကြောခြင်းရဖို့ ဗတ္တိဇံကိုခံစေပါသနည်း။ အမှန်ဆုံးမှာ သူသည်ပင်တေ ကုတ္တေပွဲနေ့က လူများကယ်တင်ခြင်းခံရသကဲ့သို့ရခြင်းပင်ဖြစ်ပါသည်။ ရှောလုသည် ဧဝံဂေလိသတင်းကိုကြားရပြီး၊ ယုံကြည်ကာ၊ အပြစ်များမှ နောင်တရလျက်၊ သခင်ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ် ကြောင်းအသိအမှတ်ပြုလျက်၊ သူ့အပြစ်များမှဖြေလွှတ်ခြင်းရစိမ့်သောငှာ ဗတ္တိဇံကိုခံယူခဲ့ပြီးမှ ကယ်တင်ခြင်းရခဲ့ခြင်းဖြစ်ပါသည်။

၃။ ဖိလိပ္ပိမြို့ရှိထောင်မှူးကလည်း "သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ၊ အဘယ်သို့ပြုရပါမည်နည်း၊" ဟုမေးခဲ့သည်။ (တမန် ၁၆း၃၀)။ ပေါလုနှင့်သိလတို့သည် ထောင်၌အကျဉ်းချထားခံနေရချိန်ဖြစ်သည်။ ထိုအခိုက် အံ့သြဖွယ်ကောင်းအောင် အနှောင်အဖွဲ့တို့မှလွတ်လျက် ထောင်တံခါးတို့သည်ပွင့်လျက်ရှိသည်ကို ထောင်မှူးမြင်လျှင် အကျဉ်းသားများထွက်ပြေးကြပြီဟုယူဆလျက်၊ ထားကိုအိမ်မှဆွဲထုတ်ပြီး ကိုယ့်အသက်ကိုသတ်မည်ပြုစဉ် ပေါလုက "ကိုယ်ကိုအပြစ်မပြုနှင့်၊ ငါတို့အပေါင်းသည် ရှိကြ၏၊ ဟုကြီးသောအသံနှင့်ဟစ်၍ပြောဆို၏။ ထောင်မှူးသည် ညှိထွန်းသောမီးကိုတောင်းပြီးမှပြေးဝင်၍ပေါလုနှင့်သိလတို့ခြေရင်း၌ တုန်လှုပ်လျက်ပြပ်ဝပ်လေ၏။" (တမန် ၁၆း၂၈–၂၉)။ သို့ပြီးမှ အထက်ပါမေးခွန်းကိုမေးသော် သူတို့က "သခင်ယေရှုခရစ်ကိုယုံကြည်လော့။ သို့ပြုလျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" ဟုပြောဆိုလေသည်။ (တမန် ၁၆း၃၁)။ အချို့က ဤနေရာတွင်ပင်ရပ်လျက် လူသည်ကယ်တင်ခြင်းရရန် ဤမျှသာယုံကြည်ဖို့လိုသည်ဟုဆိုကြ၏။ သို့သော်ဤအဖြစ်မှာအစပင်ရှိပါသေးသည်။ ဤထောင်မှူးမှာ မယုံကြည်သူမဟုတ်ပါလော။ ထို့ကြောင့် သူ၌ယုံကြည်ခြင်းရှိဖို့လိုအပ်သည်မဟုတ်ပါလား။ ကျမ်းစာကဆက်၍ဖော်ပြသည်မှာ "ထိုသူမှစ၍ သူ၏အိမ်၌ရှိသမျှသောသူတို့အား သခင်ဘုရား၏နှုတ်ကပတ်တရားတော်ကိုဟောကြ၏။ ထိုညှ၊ ထိုအချိန်နာရီ၌ပင်၊ ထောင်မှူးသည် ပေါလုနှင့်သိလတို့ကိုယူ၍ ဒဏ်ချက်ရာများကိုဆေးကြောပြီးလျှင် မိမိလူအပေါင်းတို့နှင့်တကွ ဗတ္တိဇံကိုခံလေ၏။ တဖန်ပေါလုနှင့်သိလကို မိမိအိမ်သို့ခေါ်ပင့်ပြီးမှ သူတို့ကိုလုပ်ကျွေး၍ ဘုရား

သခင်ကို ယုံကြည်လျက် အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ ဝမ်းမြောက်ခြင်းသို့ရောက်လေ၏။" (တမန် ၁၆း၃၂-၃၄)။ ဤနေရာ၌ထောင်မှူးနှင့်မိသားစုသည် မည်သို့ပြုလုပ်သနည်း။ သခင်ဘုရား၏နှုတ်ကပတ်တော်ကိုကြားရသော် သူတို့သည် ယုံကြည်လက်ခံကြပြီး၊ ဘာဆက်လုပ်သနည်း။ "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား၊ အပြစ်စီရင်ခြင်းကိုခံရလတ္တံ့" (မာကု ၁၆း၁၆)။ ဟူသော ကိုယ်တော်၏ အမိန့်ကို နာခံကြပါသည်။ နှုတ်ကပတ်တော်ကိုကြားရပြီးနောက် သူသည်နောင်တရစွာဖြင့် ပေါလုနှင့်သိလတို့၏ ဒဏ်ချက်များကိုဆေးကြောလျက် ထိုအချိန်၌ပင် ဗတ္တိဇံခံယူခဲ့ပါသည်။

ဤသို့ပြုရန် သွန်သင်ချက်များမှာ ပေါလုဟောကြားသော ဒေသနာကြောင့်ပင်ဖြစ်ပါသည်။ မဟောကြားခဲ့ပါက ထောင်မှူးသည် မည်သို့မှသိမည်မဟုတ်ပါ။

ယနေ့ကယ်တင်ခြင်းရလိုသောသူသည် မည်သို့ပြုရပါမည်နည်း။ အထက်ပါအစီအစဉ်အတိုင်းဖြစ်ပါသည်။ သမ္မာတရားကို ကြားနာလျက် ယုံကြည်ပြီး၊ မိမိအပြစ်များမှနောင်တရကာ၊ ခရစ်တော်ကိုဝန်ခံရမည်။ နောက်မှဗတ္တိဇံခံရမည်ဖြစ်၏။ ဆက်လက်ဖတ်ရှုလိုပါက(ဟေဗြဲ ၁၁း၆၊ ရောမ ၁၀း၁၀၊ လုကာ ၁၃း၃၊ တမန် ၁၇း၃၀၊ မဿဲ ၁၀း၃၂၊ မာကု ၁၆း၁၅-၁၆၊ တမန် ၂း၃၈)တို့ကို ဖတ်ရှုလေ့လာပါ။

* * * * *

# အခန်း (၁၈)
# ကယ်တင်ခြင်းအစီအစဉ်

သမ္မာကျမ်းစာက လူသည်အပြစ်သားဖြစ်ကြောင်းသွန်သင်ထားသည်။ ရှင်ပေါလုက "လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။" (ရောမ ၃း၂၃)။ ဆက်လက်၍ ၄င်းက "အပြစ်တရား၏အခကားသေခြင်းပေတည်း" (ရောမ ၆း၂၃)ဟု ရေးသားခဲ့သည်။ ဆိုလိုသည်မှာ လူသည်ကယ်တင်ခြင်းရဖို့လိုအပ်နေကြောင်းဆိုလို၏။ သို့သော်ကယ်တင်ခြင်း မည်သို့ရနိုင်ပါသနည်း။ သမ္မာကျမ်းစာက ၄င်းကိုဖော်ပြထားပါသည်။

ဘုရားသခင်သည် လူကိုဖန်ဆင်းရုံမျှသာမက လူသည်တစ်နေ့တွင် သူ့ကိုဖန်ဆင်းတော်မူသောအရှင်ကို ကျောခိုင်းဆန့်ကျင်မည့်လူသားအတွက် ထွက်မြောက်ရာလမ်းကိုပင်ပြင်ဆင်ပေးခဲ့ပါသည်။ ထိုလမ်းမှာ ဂရုဏာတော်၊ ကျေးဇူးတော်နှင့် ဘုရားသခင်၏မေတ္တာတော်တို့အပေါ်အခြေခံသည် (ယော ၃း၁၆၊ ဧဖက် ၂း၈–၉)။ သို့သော်သတိပြုရန်မှာ ဘုရားသခင်သည် လူကိုသူ့ထံလာရန် အတင်းအကြပ်မပြုလုပ်ပါ။ သို့သော်လာပါဟုဖိတ်ခေါ်ပါသည်။ ၄င်းဖိတ်ခေါ်ချက်ကို လက်ခံသောသူသည် သူမြော်လင့်တောင့်တနေသော ကယ်တင်ခြင်းကိုရှာတွေ့ပါတော့သည်။ လူသည် ကယ်တင်ခြင်းရရန်အတွက် ဘုရားသခင်ကအခြေခံအချက်(၅)ခုကို ရိုးရိုးလေးဖော်ပြထားပါသည်။

၁။ လူသည်သမ္မာတရားမှန်ကိုကြားနာရမည်။ "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ့စကားကိုနားထောင်ကြလော့" (မဿဲ ၁၇း၅)။ "သို့ဖြစ်၍ယုံကြည်ခြင်းသည် ကြားနာခြင်းအား

ဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အား ဖြင့်ဖြစ်၏။" (ရောမ ၁၀း၁၇)

၂။ လူသည် ဘုရားသခင်ကိုလည်းကောင်း၊ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုလည်းကောင်း၊ ယုံကြည်ရမည်။ ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ဘုရားသခင်ထံတော်မှကြွလာသည်ဖြစ်၍ ကိုယ်တော်ကိုရှာသောသူတို့အားဆုချီးမြှင့်သောအရှင်ဖြစ်ပါသည်။ (ဟေဗြဲ ၁၁း၆)။ ခရစ်တော်က "ဘုရားသခင်ကိုယုံကြည်ကြလော့၊ ငါ့ကိုလည်းယုံကြည်လော့"(ယော ၁၄း၁) ဟုမိန့်တော်မူခဲ့ပါသည်။ ဆက်လက်၍ ဗတ္တိဇံဆရာ ယောဟန်ကလည်း "သားတော်ကိုယုံကြည်သောသူသည် ထာဝရ အသက်ကိုရ၏။ သားတော်ကိုမယုံကြည်သောသူမူကား အသက်ကိုမရ၊ မယုံကြည်သောသူအပေါ်၌၊ ဘုရားသခင်၏အမျက်တော်သည် တည်လျက်ရှိ၏" (ယော ၃း၃၆)။ အခြားကျမ်းပိုဒ်များလည်းရှိပါသေး၏။ သို့သော်လူသည် ကယ်တင်ခြင်းခံရဖို့ယုံကြည်ခြင်းမှာ၊ အထူးလိုအပ်လျက် ရှိကြောင်းတွေ့နိုင်ပါသည်။ သို့သော်ဤကျမ်းပိုဒ်များက ယုံကြည်ခြင်းတစ်ခု တည်းသာလိုအပ်သည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း သတိပြုရပါမည်။

၃။ လူသည်မိမိအပြစ်များမှနောင်တရရမည်။ ခရစ်တော်က "သင်တို့သည်လည်းနောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်" (လုကာ ၁၃း၃)ဟုမိန့်တော်မူခဲ့သည်။ ရှင်ပေါလုကလည်း "ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကိုအမှုမထားဖူးသော်လည်း၊ ယခုမှကိုယ့်အပြစ်ကိုမြင်၍ နောင်တရကြလော့" ဟုခပ်သိမ်းသောအရပ်၌ရှိသောလူအပေါင်းတို့အား ပညတ်တော်မူ၏။ (တမန် ၁၇း၃၀)။ ပေတရုကလည်း "လူအချို့တို့သည် နှေးခြင်းကိုမှတ်သည့်အတိုင်း၊ ထာဝရဘုရားသည်

ကတိတော်အရာမှာနှေးတော်မမူ၊ ငါတို့တွင်အဘယ်သူမျှမပျက်စီးပဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏။ (၂ပေ ၃း၉)။ နောင်တရခြင်းဆိုသည်မှာ အပြစ်နှင့်စပ်လျဉ်း၍ သဘောထားပြောင်းလဲခြင်းဖြစ်၏။ အပြစ်ကိုကျောခိုင်း၍ ဆန့်ကျင်ရာသို့ လျှောက်လှမ်းခြင်းလည်းဖြစ်၏။ တနည်းဆိုရသော် အပြစ်ကိုစွန့်လွှတ်ခြင်းဖြစ်၏။ လူသည်ကောင်းမွန်သောအသက်တာကို အစမပြုမီ အပြစ်ကိုစွန့်လွှတ်ရမည်ဖြစ်ပြီး၊ ၎င်းအချက်ကိုပင် သခင်ဘုရားအလိုတော်ရှိ၏။

၄။ လူသည်ခရစ်တော်ကို ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဝန်ခံရမည်။ ခရစ်တော်ကိုယ်တိုင်က "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်" (မဿဲ ၁၀း၃၂)ဟူ၍လည်းကောင်း၊ ပေါလုကလည်း ဤသို့ဝန်ခံခြင်းကိုနှုတ်ဖြင့် ဖွင့်ဟဝန်ခံရမည်ဟူ၍လည်းကောင်း၊ "ဖြောင့်မတ်ရာသို့ရောက်ခြင်းငှာ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှာနှုတ်ဖြင့်ဝန်ခံရ၏" (ရောမ ၁၀း၁၀-၁၁)။ တမန်တော်(၈)၌ ဤသာဓကကို အဲသယောပိအမတ်ကြီး၏ ဖြစ်ရပ်၌တွေ့ရသည်။ သူသည် ဗတ္တိဇံမခံမီ၊ နှုတ်ဖြင့်ဝန်ခံခဲ့ရသည်။ ဤသို့ဝန်ခံရခြင်းမှာ သာမန်ပြောရလျှင် ကောင်းသောဝန်ခံခြင်းဖြစ်သည်။ လူသည် ဤထက်ပို၍ကောင်းသော ဝန်ခံခြင်းကို အဘယ်မှာပြုနိုင်ပါမည်နည်း။

၅။ လူသည်ကယ်တင်ခြင်းရစိမ့်သောငှာ ဗတ္တိဇံခံယူရမည်။ ခရစ်တော်က ဤအချက်ကိုရှင်းရှင်းပြောထားပါသည်။ "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။" (မာကု ၁၆း၁၆)။ ပေတရုကလည်း သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ၊ နောင်တရ၍

တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံကြရလိမ့်မည်။" (တမန် ၂း၃၈)။ "ထိုသို့သော ဥပမာအတိုင်း၊ ယခုတွင်၊ ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့် ငါတို့ကိုကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော် ကိုယ်ကာယ၏အညစ်အကြေးဆေးကြောခြင်းကိုမဆိုလို၊ ကိုယ့်ကိုကိုယ်သိသောစိတ်ကြည်လင်၍ ဘုရားသခင်ရှေ့၌ ဝန်ခံခြင်းကိုဆိုလိုသတည်း" (၁ပေ ၃း၂၁)။ ရှောလု၏ဖြစ်ရပ်၌လည်း "ယခုလည်း သင်သည်အဘယ်ကြောင့် ဆိုင်းလင့်၍နေသတည်း၊ ထလော့။ သခင်ဘုရားကိုပဌနာပြုလျက် ဗတ္တိဇံကိုခံ၍၊ သင်၏အပြစ်များကိုဆေးကြောလော့။" (တမန် ၂၂း၁၆)ဟူ၍လည်းကောင်းတွေ့ရသည်။ သမ္မာကျမ်းစာက ဗတ္တိဇံတစ်ပါးတည်းရှိကြောင်း၊ (ဧဖက် ၄း၅)၊ ရေ၌နစ်မြှပ်ခြင်း(သင်္ဂြိုလ်ခြင်း)ဖြစ်ကြောင်း(ကောလောသဲ ၂း၁၂) ရေသုသာန်၌သာမြှုပ်နှံခြင်းဖြစ်ကြောင်း၊ (တမန်၈း၃၆–၃၉)ဖော်ပြထားပါသည်။

ဤတစ်ပါးတည်းသောဗတ္တိဇံကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၌ ဆောင်ရွက်ရမည်ကိုလည်းကောင်း၊ (မဿဲ ၂၈း၁၈–၂၀)။ ထိုသို့ပြုခြင်းဖြင့် ခရစ်တော်နှင့်အသင်းတော်သို့ ဆက်ဆံနိုင်သည်ကိုလည်းကောင်း ဖော်ပြထားပါသည်။ (ရောမ ၆း၃–၄၊ ၁ကော ၁၂း၁၃)။

ဤအမိန့်ရိုးရိုးလေးများကို နာခံလိုက်လျှောက်ခြင်းဖြင့် လူသည် အတိတ်အပြစ်များမှ ကယ်တင်ခြင်းခံရ၍၊ သခင်ဘုရား၏အသင်းတော်၌ သင်းဝင်တစ်ဦးဖြစ်လာပါမည်။ ဆက်လက်ပြီး ခရစ်ယာန်တစ်ဦးအနေနှင့် မိမိ၏အသက်တာတစ်လျှောက်လုံးတွင် ဘုရားသခင်ကိုသစ္စာရှိစွာမှုတော်ထမ်းရွက်နိုင်သည်။ နောက်ဆုံးကောင်းကင်ဘုံသည်ပင် သူ့အတွက်ဖြစ်ပါလိမ့်မည်။ မိတ်ဆွေ ဤအချက်များကို ဆင်ခြင်လျက် ယနေ့လက်တွေ့အကောင်အထည်ဖော်ပါဟုတိုက်တွန်းလိုပါသည်။

# အခန်း (၁၉)

## ခရစ်တော်ထဲသို့ခြေလှမ်းများ

သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား ခရစ်တော်ဘုရားထံတော်တွင် ရနိုင်မည့်ဆုကျေးဇူးကောင်းကြီးမင်္ဂလာအလုံးစုံကိုဖော်ပြထားရာ ကယ်တင်ခြင်းဆုကျေးဇူးလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။

"ကောင်းကင်ဘုံနှင့် ဆိုင်သောအရာတို့ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့်(၌) ငါတို့အားပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" (ဧဖက် ၁း၃)။ ထိုနက်နဲသောအရာဟူမူကား၊ ကာလအချိန်စေ့စုံခြင်း၏ သာသနာတွင် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူလိမ့်သတည်း။ (ဧဖက် ၁း၁၀)။

အထက်ပါဆုကျေးဇူးအလုံးစုံသည် ခရစ်တော်၌သာဖြစ်ရာ မေးသင့်သောမေးခွန်းတစ်ခုမှာ "လူသည် မည်သို့ခရစ်တော်ထဲသို့ ဝင်ရောက်နိုင်ပါမည်နည်း။"ဟူ၍ ဖြစ်ပါသည်။ ဤမေးခွန်းကို ဖြေဆိုရန် နှုတ်ကပတ်တော်၌သာ အဖြေရှာရမည်။ ကျမ်းစာ၌ လူသည်လျှောက်လှမ်းရမည့်ယုတ္တိရှိသော ခြေလှမ်းများကိုဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ လူအတွက်နောက်ဆုံးခြေလှမ်းကသာ၊ သူ့အားခရစ်တော်၏အပြင်ဘက်၌ ရှိနေခြင်းမှ ခရစ်တော်အတွင်းသို့ ပို့ဆောင်မည်ဖြစ်ပါသည်။ ဥပမာ

အဆောက်အဦတစ်ခုကို ဝင်ရောက်တော့မည်ဆိုလျှင် ဟိုနေရာရောက်အောင် ခြေလှမ်းများစွာ လှမ်းခဲ့ရသော်လည်း အတွင်းသို့ရောက်စေသည်မှာ နောက်ဆုံးခြေလှမ်းသာဖြစ်ပါသည်။ ယခုလည်း ခရစ်တော်ထံလျှောက်လှမ်းရမည့် ခြေလှမ်းများကို လေ့လာကြပါစို့။

၁။ ပထမဆုံးသောခြေလှမ်းမှာ ခရစ်တော်အကြောင်းကိုသော်လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသော်လည်းကောင်း၊ ကြားနာခံယူခြင်းဖြစ်ပါသည်။ သဏ္ဍာန်ပြောင်းလဲခဲ့ရာ တောင်ပေါ်၌ ဘုရားသခင်က ကောင်းကင်မှ မိန့်တော်မူသည်ကား "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်ကြလော့" မဿဲ ၁၇း၅)ဟူ၍လည်းကောင်း၊ ပေါလုက "ယုံကြည်ခြင်းသည်၊ ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" (ရောမ ၁၀း၁၇)။ ထို့ကြောင့်လည်း ခရစ်တော်က တပည့်တော်များအား လောကီနိုင်ငံအရပ်ရပ်သို့သွား၍ ဧဝံဂေလိတရားကိုဟောကြားရန်မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ (မာကု ၁၆း၁၅-၁၆)။ လူသည် ကိုယ်တော်ရှင်၏အကြောင်းကို မကြားရပဲနှင့် ကိုယ်တော်အပေါ်ယုံကြည်ခြင်းမရှိနိုင်သကဲ့သို့ ယုံကြည်ခြင်းမရှိပဲနှင့် ကိုယ်တော်ကို မနာခံနိုင်ပါ။ ဤပထမအချက်မှာ အရေးကြီးသော်လည်း ဤအချက်တစ်ချက်တည်းနှင့် ခရစ်တော်ထံသို့ မရောက်နိုင်ပါ။ အခြားခြေလှမ်းများလှမ်းရန် လိုပါသေးသည်။ ဤနေရာ၌သာ ဤမျှနှင့် ရပ်တန့်သွားခဲ့လျှင် ဝမ်းနည်းဖွယ်ဖြစ်ပါမည်။

၂။ ဒုတိယခြေလှမ်းမှာ လူသည်ဘုရားသခင်ကိုယုံကြည်ကာ၊ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုပါ လက်ခံယုံကြည်ရမည်ဖြစ်သည်။ ကျမ်းစာ၌ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်

တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်သော သူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း၊ ယုံကြည်ရမည်" (ဟေ ၁၁း၆)ဟူ၍လည်းကောင်း၊ "ထို့ကြောင့် သင်တို့သည် ကိုယ့်အပြစ်၌ သေကြလိမ့်မည်ဟုငါဆို၏။ ငါသည် ဤမည်သောသူဖြစ်တော်မူသည်ကို သင်တို့သည်မယုံလျှင် ကိုယ်အပြစ်၌သေကြလိမ့်မည်" (ယော ၈း၂၄)။

မှန်ပါသည်၊ ပြောရန်ပင်မလိုပါ။ ကယ်တင်ခြင်းရရန် ယုံကြည်ခြင်းရှိရန်လိုပါသည်။ သို့သော် ယုံကြည်ခြင်းသက်သက်က ကယ်တင်ခြင်းမပေးနိုင်ပါ။ ယုံကြည်ခြင်းတစ်မျိုးတည်းရှိနေရုံနှင့် ကိုယ်တော်ထံသို့မရောက်နိုင်ပါ။ ဤခြေလှမ်းမှာ ကယ်တင်ခြင်းသို့ပို့သော ခြေလှမ်းတစ်လှမ်းသာဖြစ်၏။ ရှင်ပေါလုက "ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှာ နှုတ်ဖြင့်ဝန်ခံရ၏" (ရောမ ၁၀း၁၀-၁၁) ဟုဆိုပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းသည် ကယ်တင်ခြင်းသို့ပို့ဆောင်သော ခြေလှမ်းတစ်ရပ်သာဖြစ်၍ ကယ်တင်ခြင်းထဲသို့ ရောက်စေသောအရာ မဟုတ်သေးကြောင်း ထင်ရှားပါသည်။

၃။ တတိယခြေလှမ်းမှာ လူသည်သူ့အပြစ်အားလုံးမှ နောင်တရရန်လိုပါသည်။ ဘုရားသခင်၏မျက်မှောက်တော်၌ ဒုစရိုက်တိုင်းသည် အပြစ်ဖြစ်ပြီး၊ 'အပြစ်တရား၏အခကား၊သေခြင်းပင်တည်း' (ရောမ ၃း၂၃၊ ရောမ ၆း၂၃)။ ထိုအခါအဖြေကိုရှာသော် နောင်တရခြင်းမှာ အထူးလိုအပ်ကြောင်းတွေ့ရပါသည်။ ကောင်းပါပြီ။ နောင်တရခြင်းဆိုသည်မှာ အဘယ်နည်း။ စိတ်နှလုံးပြောင်းလဲခြင်း၊ လျှောက်နေကျလမ်းမှလမ်းကြောင်းပြောင်းခြင်း၊ အသက်တာ၌ အပြစ်ဟူသမျှကိုစွန့်လွှတ်ခြင်းဖြစ်

ပါသည်။ ခရစ်တော်က လူသည်အပြစ်များ၌ရှိစဉ် ကယ်တင်၍မရနိုင်ကြောင်းသိသဖြင့်၊ "သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟု မိန့်တော်မူ၏" (လုကာ ၁၃း၃)။ ဆက်လက်၍၊ ရှင်ပေါလုက "ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း၊ ယခုကိုယ်အပြစ်ကိုမြင်လျှင် နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်၌ရှိသော လူအပေါင်းတို့အားပညတ်တော်မူ၏။" (တမန် ၁၇း၃၀)။

ဤအချက်ကိုပင် ပေတရုကလည်း "သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ၊ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံကြရလိမ့်မည်" (တမန် ၂း၃၈)ဟုပြောကြားခဲ့သည်။ လူသည် သခင်ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကာ အပြစ်များမှလှည့်ပြန်ပြီး၊ နောင်တရရုံနှင့် ကယ်တင်ခြင်းမခံရနိုင်သေးပါ။ အခြားခြေလှမ်းလှမ်းဖို့လိုသေးကြောင်းထင်ရှားပါသည်။

၄။ စတုတ္ထခြေလှမ်းမှာ လူသည်နှုတ်ဖြင့်သခင်ခရစ်တော်မှာ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံရန်လိုပါသည်။ ကိုယ်တော်က "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာထိုသူကိုငါဝန်ခံမည်" (မဿဲ ၁၀း၃၂)ဟု မိန့်တော်မူခဲ့ပါသည်။ ဤအချက်ကို (တမန်တော် ၈း၃၇)၌ပါသော အဲသယောပိအမတ်ကြီးက လိုက်နာခဲ့ပါသည်။ ကယ်တင်ခြင်းသို့ရောက်စေခြင်းငှာ၊ လူရှေ့၌ဝန်ခံရန်လိုပါသည် (ရောမ ၁၀း၁၀-၁၁)။ နောက်ဘာလုပ်ဖို့ကျန်ပါသေးသနည်း။ နောက်ဆုံးခရစ်တော်၌ ကယ်တင်ခြင်းခံရအံ့သောငှာ၊ ခြေလှမ်းတစ်ခုကျန်ပါသေးသည်။ အထက်ပါအချက်များမှာ လို

အပ်သော်လည်း၊ နောက်ဆုံးခြေလှမ်းကသာလျှင် ခရစ်တော်ထဲသို့ အရောက်ပို့ဆောင်ပေးပါသည်။ ၄င်းအချက်ကိုကြည့်ကြပါစို့။

၅။ လူသည်ဗတ္တိဇံကိုခံခြင်းဖြင့် ရေ၌နစ်မြှုပ်သင်္ဂြိုလ်ခြင်းခံကာ အပြစ်များမှ ဖြေလွတ်ခွင့်ရယူပြီး၊ ခရစ်တော်ထဲသို့ဝင်ရောက်ဆက်ဆံကာ အသင်းတော်ထဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဗတ္တိဇံခံခြင်းမှာ အရေးကြီးကြောင်းအောက်ပါအချက်များ၌တွေ့နိုင်ပါသည်။ (မာကု ၁၆း၁၆၊ တမန် ၂း၃၈၊ တမန် ၂၂း၁၆၊ ၁ပေ ၃း၂၁)။ ရှင်ပေါလုကလည်း "ယေရှုခရစ်၌(ထဲသို့ INTO)ဗတ္တိဇံကိုခံသော သူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ (ထဲသို့ INTO) ဗတ္တိဇံကို ခံကြသည်ဟုသင်တို့မသိသလော" (ရောမ ၆း၃)ဟူ၍လည်းကောင်း၊ "အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သားဖြစ်ကြ၏။ ခရစ်တော်ထဲ၌(ထဲသို့ INTO)ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။" (ဂလာတိ ၃း၂၆–၂၇)ဟူ၍၄င်း ဖော်ပြထားပါသည်။

ယခုသင်သည်ရုပ်လုံးပေါ်လောက်ပေပြီ။ ခရစ်တော်ကိုယူတင်ဝတ်ဆောင်ရန် နည်းလမ်းမှာ တစ်လမ်းတည်းသာဖြစ်၍ ဗတ္တိဇံကိုခံခြင်းဖြင့်သာ ဖြစ်၏။ ဤသို့ဆို၍ ဗတ္တိဇံခံခြင်းတစ်ခုတည်းက ကယ်တင်ခြင်းရစေသည်ဟု လုံးဝမဆိုပါ။ ဖော်ပြပြီးသည့်အတိုင်း ဗတ္တိဇံမခံမီ အခြားအချက်များကို လိုက်နာပြီးမှသာလျှင်နောက်ဆုံးအဆင့်ဖြစ်သည့် ဗတ္တိဇံကိုခံယူပါမည်။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းအချက်များ မပြည့်စုံလျှင် ကယ်တင်ခြင်း မည်သို့ခံရပါမည်နည်း။ သင်သည်ခရစ်တော်၌ရှိပါပြီလား၊ ဤခြေလှမ်းများကို မလှမ်းပဲနှင့် ခရစ်တော်ထဲသို့မရောက်နိုင်ပါ။ ယခုဤအတိုင်း မလျှောက်လှမ်းရသေးပါက စတင်လျှောက်လှမ်းပါဟုတိုက်တွန်းလိုက်ရပါတော့သည်။

# အခန်း (၂၀)
## အသစ်သောမွေးဖွားခြင်း

ဒုတိယမွေးဖွားခြင်းခံသော ခရစ်ယာန်၊ အသစ်မွေးဖွားသော ခရစ်ယာန်စသည်ဖြင့် သုံးနှုန်းပြောဆိုသည်ကို ထပ်တလဲလဲကြားဖူးပေမည်။ ၄င်းသည် ဘာကိုဆိုလိုပါသနည်း။ ထိုသူတို့ကိုမေးကြည့်လျှင် ယေဘုယျအားဖြင့် ခရစ်တော်ကို ကယ်တင်ပိုင်ရှင်နှင့် အရှင်သခင်အဖြစ် လက်ခံသူများကိုဆိုလိုပါသည်ဟုဖြေကြလိမ့်မည်။ ဆက်မေးခဲ့လျှင် အသေးစိပ်ကျယ်ပြန့်စွာရှင်းပြကြမည်ဖြစ်ပြီး၊ နောက်ဆုံးအဖြေမှာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မကိုက်ညီတော့ကြောင်းတွေ့ရပါမည်။

ယခုသင်ခန်းစာများမှာ သမ္မာကျမ်းစာအရသာဖြစ်၍ ကျမ်းစာက မည်သို့သွန်သင်သည်ကို လေ့လာကြပါစို့။ "ယုဒလူတို့တွင် အရာရှိဖြစ်သော နိကောဒင်အမည်ရှိသော ဖာရိရှဲတစ်ယောက်သည် ညဉ့်အခါ ယေရှုထံတော်သို့လာ၍၊ အရှင်ဘုရား၊ ကိုယ်တော်သည် ပြတော်မူသော ဤနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှ မပြနိုင်သည်ကို အကျွန်ုပ်တို့သည်ထောက်၍ ကိုယ်တော်သည် ဘုရားသခင်ထံတော်မှကြွလာတော်မူသောဆရာဖြစ်ကြောင်းကိုသိကြပါ၏ဟု လျှောက်သော် ယေရှုက ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟုငါအမှန်အကန်ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တဖန်ဝင်၍မွေးခြင်းကို ခံနိုင်ပါမည်လောဟုလျှောက်၏။ ယေရှုကလည်းရေနှင့် ဝိညာဉ်တော်

မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကို မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည်ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကိုခံရမည်ဟုငါဟောပြောသည်ကိုအံ့သြခြင်းမရှိနှင့်၊ လေသည်အလိုရှိသည့်အတိုင်းသွားလာ၏။ လေ၏အသံကိုသင်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်၊ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏။" (ယော ၃း၁–၈)။

ရှေးဦးစွာကျွန်ုပ်တို့လေ့လာသိရှိရန်မှာ ဤသို့မွေးဖွားခံခြင်းသည် ရုပ်ပိုင်းဆိုင်ရာ လူ့မွေးဖွားခြင်းနှင့်လုံးဝမသက်ဆိုင်ခြင်းပင်ဖြစ်ပါသည်။ အချို့က 'ရေနှင့်'ဟူသောစကားကိုယူပြီး လူသည်မိခင်ဝမ်းမှရေမွှာပေါက်၍ မွေးဖွားလာခြင်းကိုဆိုလိုသည်ဟုဆိုကြသည်။ နိကောဒင်ပင်လျှင် ဤသို့ဦးစွာယူဆခဲ့သော်လည်း ကိုယ်တော်က ၎င်းကိုဆိုလိုခြင်းမဟုတ်ကြောင်း ချက်ခြင်းဖြေရှင်းပြခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာမွေးဖွားခြင်း မဟုတ်လျှင် ဝိညာဉ်ရေးဆိုင်ရာ မွေးဖွားခြင်းသာဖြစ်ပေမည်။ ယေရှုခရစ်တော်ကလည်း ၎င်းကိုရည်ညွှန်း၍ "ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကို မဝင်ရဟု ငါအမှန်အကန်ဆို၏။" ဟုမိန့်တော်မူခဲ့ပါသည်။

၁။ "မမွေးသော" ဘုရားသခင်နိုင်ငံတော်ထဲသို့ ဝင်ရောက်နိုင်သော အခြားလမ်းမရှိဟူ၍ ဖော်ပြထားခြင်းဖြစ်သည်။

၂။ "သူမည်သည်ကား" မိန်းမယောကျ်ားအားလုံးကိုဆိုလိုသည်။ တနည်းဆိုသော် သိနားလည်သောလူမှန်သမျှကို ဆိုထားခြင်းဖြစ်သည်။ ဤတွင် ကလေးငယ်များပါဝင်ခြင်းမရှိပါ။

၃။ 'မွေးဖွားခြင်း" မွေးဖွားခြင်း၌ လိုအပ်ချက်နှစ်ရပ်ရှိသည်။ ဖြစ်ပွားခြင်းနှင့် ဖွားမြင်ခြင်းတို့ဖြစ်ကြသည်။ အသစ်မွေးဖွားခြင်းကိစ္စ၌မူ ဝိညာဉ်တော်နှင့်ရေဖြစ်ကြပါသည်။ လူသည်သန့်ရှင်းသောဝိညာဉ်တော်၏ ဖြစ်ပွားစေခြင်းနှင့် ရေနှင့်ဖွားမြင်ခြင်းနှစ်ရပ်အားဖြင့် အသစ်သောမွေးဖွားခြင်းကို ခံယူရမည်ဖြစ်သည်။

၄။ "ရေ" ဤတွင် ရေသည် ဗတ္တိဇံပင်ဖြစ်သည်။ သတိပြုရန်အချက်မှာ ကျမ်းစာ၌တင်စားသုံးနှုန်းခြင်းအပြုခံရသော ရေများကိုသက်စမ်းရေ ဟူသော နည်းတူဝိသေသနဖြင့်တွဲ၍အသုံးပြုထားကြသည်။ ရေဟူ၍ရိုးရိုး သုံးထားခြင်းမှာ စင်စစ်ရေပင်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာ၌ ရေနှင့် ပတ်သက်သော လုပ်ဆောင်မှုသည် ဗတ္တိဇံခံခြင်းအမှုပင်ဖြစ်သည်။ ထို့ကြောင့်လူသည် ဗတ္တိဇံ၌ မြှုပ်နှံခြင်း(ရောမ ၆း၃–၄)ကိုခံပြီး ပြန်လည်ထမြောက်(သို့မဟုတ်)အသစ်မွေးဖွားခြင်းကိုခံရပါသည်။

၅။ "သန့်ရှင်းသောဝိညာဉ်တော်" အသစ်မွေးဖွားခြင်း၌၊ လူသည် ဝိညာဉ်တော်၏ဖြစ်ပွားခြင်းကိုခံရသည်။ မည်သို့နည်းဟုမေးသော်၊ နှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော်၏ဖြစ်ပွားခြင်းပင်ဖြစ်သည်။ နှုတ်ကပတ်တော်ကို လူ၏နှလုံးသား၌ စိုက်ပျိုးခြင်းခံရလျှင် စတင်ဖြစ်ပွားကာ ယုံကြည်နာခံခြင်းသို့ ကြီးပွားလာစေသည်။ ဘုရားသခင်ထံ အသက်တာပေးအပ်လိုသော ထိုယုံကြည်သူသည် နာခံခြင်းဖြင့် အပြစ်လောကမှလှည့်ထွက်၍ ယေရှုနှင့်အတူ သေခြင်းထဲသို့ ဗတ္တိဇံဖြင့်ဝင်ရောက်ရသည်။

အပြစ်ဆေးကြောခြင်းကိုထိုအချိန်၌ခံရ၍ ယေရှုနှင့်အတူ ထမြောက်ခြင်းဖြင့် ဘုရားသခင်၏မိသားစုထဲသို့ မွေးဖွားဝင်ရောက်ခြင်းပင်ဖြစ်သည်။ ပေတရုက "သင်တို့သည်ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်၊ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော .. ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့်... " (၁ပေ ၁း၂၂–၂၃)ဟူ၍ ပြောပြထားသည်။ ထို့ကြောင့် လူတစ်ယောက်ကို သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားစေလျှက် နာခံမှုဖြင့် ဗတ္တိဇံကိုခံရပေသည်။ ဤတွင် ရေနှင့်ဝိညာဉ်တော်အားဖြင့် အသစ်သောမွေးဖွားခြင်းကိုခံယူခြင်း မြောက်ပေသည်။

၆။ "နိုင်ငံတော်" ဘုရားသခင်၏နိုင်ငံတော်၊ တနည်းဆိုသော် အသင်းတော်ဖြစ်သည်။ (မဿဲ ၁၆း၁၈–၁၉)။ ယေရှုကလည်း ထိုနိုင်ငံတော်ထဲသို့ဝင်ရောက်နိုင်ရန်တစ်လမ်းသာရှိသည်။ ထိုလမ်းမှာရေနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်သောမွေးဖွားခြင်းအားဖြင့် ဖြစ်သည်ကိုပြောပြထားခြင်းဖြစ်၏။

ခရစ်တော်က လူ၏ဇာတိမွေးဖွားခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာမွေးဖွားခြင်း(၂)မျိုးကို ကွဲပြားစွာနားလည်စိမ့်သော်ငှာ၊ လေနှင့်နှိုင်းယှဉ်ဖော်ပြခဲ့သည်။ လူသည် လေကိုမမြင်နိုင်သော်လည်း လေ၏အကျိုးသက်ရောက်မှုရှိကြောင်း သိမြင်ခံစားနိုင်ပါသည်။ အလားတူပင် ဝိညာဉ်သည်လည်း ထိုသို့ဖြစ်၏။ မတွေ့မမြင်နိုင်သော်လည်း ၎င်း၏လုပ်ဆောင်သက်ရောက်မှုကို၊ ထင်ရှားစွာသိမြင်နိုင်ပါသည်။ ဝိညာဉ်တော်သည်

နှုတ်ကပတ်တော်အားဖြင့် လုပ်ဆောင်ပြီး၊ ၎င်း၏လမ်းပြသွန်သင်မှုကို လိုက်နာလျှင် ကယ်တင်ခြင်းရပြီး ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်စားခွင့်ရကာ ဝိညာဉ်အကျိုးကျေးဇူးအသီးများကို ရနိုင်ပါသည်။ (ဂလာတိ ၅း၂၂-၂၃)

နောက်ဆုံးဘုရားသခင်သည် ကယ်တင်ခြင်းခံရရန်နှင့် အသင်းတော်သို့ဝင်စားရန်အတွက် နည်းလမ်း(၂)လမ်းမရှိပါ။ အသစ်သောမွေးဖွားခြင်းနှင့်ဆိုင်သော သွန်သင်ချက်များကို (မာကု ၁၆း၁၆)၌သော်လည်းကောင်း၊ (တမန် ၂း၃၈)၌သော်လည်းကောင်း၊ အခြားကျမ်းပိုဒ်များ၌သော်လည်းကောင်း၊ မည်သို့ပြုရမည်ကိုဖော်ပြထားပါသည်။ တနည်းဆိုရလျှင် လူသည် သမ္မာတရားကိုကြားနာရမည်(ရောမ ၁၀း၁၇)။ ကြားနာရခြင်းကို ယုံကြည်ရမည် (ရောမ ၁၀း၁၀)။ အပြစ်များမှနောင်တရရမည်(တမန် ၁၇း၃၀)။ ခရစ်တော်ကိုနှုတ်ဖြင့်ဝန်ခံရမည်(ရောမ ၁၀း၁၀-၁၁)။ ဗတ္တိဇံခံယူရမည်(တမန် ၂း၃၈ ၊တမန် ၂၂း၁၆)။ ဤသို့အဆင့်ဆင့်ပြုလုပ်ခြင်းဖြင့် လူသည် အသစ်သော မွေးဖွားခြင်းခံရကာ၊ သခင်ဘုရား၏ အသင်းတော်သို့ ဝင်စားနိုင်မည်ဖြစ်၏ (၁ကော ၁၂း၁၃၊ တမန် ၂း၄၇)။ ယခုမေးခွန်းမှာ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်က ဖော်ပြသည့်အတိုင်း အသစ်သောမွေးဖွားခြင်းကိုခံရပြီးပါပြီလား။

* * * * *

# အခန်း (၂၁)
## ဓမ္မသစ်ကျမ်း၌ ဖော်ပြထားသောဗတ္တိဇံ

ဗတ္တိဇံဆိုသောစကားမှာ သမ္မာကျမ်းစာ၌ သုံးသောစကားသာဖြစ်သည်။ သမ္မာကျမ်းစာ၌မပါဝင်ခဲ့လျှင် ကျွန်ုပ်တို့သည် ၎င်းကို လုံးဝ နားလည်သဘောပေါက်မည်မဟုတ်ပါ။ ထို့ကြောင့် ဗတ္တိဇံသည် ဘုရားသခင်ဖော်ပြသော လုပ်ဆောင်ချက်ဖြစ်ပြီး၊ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗတ္တိဇံ၏ စစ်မှန်သောအဓိပ္ပါယ်ကို သိရှိနားလည်ရန်လိုအပ်ပါသည်။

၁။ ဗတ္တိဇံတစ်ခုတည်းသာရှိသည်။ (ဧဖက် ၄း၅)၌ ရှင်ပေါလုက သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါးကိုသာဖော်ပြထား၏။ အခြားဗတ္တိဇံများရှိသေးသော်လည်း ခရစ်သက္ကရာဇ် "၆၄(သို့) ၆၅"တွင် ဝိညာဉ်တော်နှင့်ပြည့်ဝသော တမန်တော်ကြီးက ဗတ္တိဇံတစ်ပါးသာရှိကြောင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ အခြားဗတ္တိဇံများမှာ လူတို့ကဖြည့်စွက်ထားခြင်းများသာဖြစ်ပြီး၊ သမ္မာကျမ်းစာနှင့်မူမကိုက်ညီပါ။

၂။ ဗတ္တိဇံ၏အဓိပ္ပါယ်။ (ကောလောသဲ ၂း၁၂)၌ "ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့် ဗတ္တိဇံကိုခံ၍ ထိုသခင်နှင့်အတူ ထမြောက်တော်မူခြင်းသို့ရောက်ကြ၏။ ဆက်လက်၍(ရောမဩဝါဒစာ ၆း၃-၄)၌ ယေရှုခရစ်၌ (ထဲသို့ INTO)ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်

မူခြင်း၌ (ထဲသို့ INTO)ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိကြသလော၊ ထို့ကြောင့် အသေခံတော်မူခြင်း၌ (ထဲသို့INTO)ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့် အတူသင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူသည့်နည်းတူ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။" အထက်ပါကျမ်းစာအရ ဗတ္တိဇံသည် မြှုပ်နှံသင်္ဂြိုလ်ခြင်းဖြစ်၏။ ထို့ကြောင့် ရေဖျန်းခြင်း၊ ရေလောင်းခြင်းတို့သည် ကျမ်းစာနှင့်မကိုက် ညီကြောင်းသိသာသည်။

၃။ ဗတ္တိဇံသည် ရေ၌နစ်မြှုပ်ခြင်းသာဖြစ်သည်။ ဗတ္တိဇံသည် မြှုပ်နှံသင်္ဂြိုလ်ခြင်းသာမက တမန်တော်(၈)၏ သွန်သင်ချက်အရ ရေသုသာန်၌ သင်္ဂြိုလ်ခြင်းဖြစ်၏။ အဲသယောပိအမတ်ကြီး၏ဖြစ်ရပ်၌ "ထိုသို့လမ်း၌သွားကြစဉ် ရေရှိရာသို့ရောက်၍ အမတ်ကလည်း ဤအရပ်တွင် ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှာ၊ မည်သည့်အကြောင်းဆီးတားပါသနည်းဟုပြောဆိုလျှင် ဖိလိပ္ပုက သင်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင်ခံရသည်ဟုဆိုလေ၏။ အမတ်ကလည်း ယေရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟုဝန်ခံ၍ ရထားကိုရပ်စေခြင်းငှာ စီရင်ပြီးမှ ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍ ဗတ္တိဇံကိုပေး၏။ ရေထဲကတက်ကြလျှင် ထာဝရဘုရား၏ ဝိညာဉ်တော်သည် ဖိလိပ္ပုကိုဆောင်ယူတော်မူ၍ အမတ်သည် ဖိလိပ္ပုကို နောက်တဖန်မတွေ့မမြင်ရ။ ဝမ်းမြောက်ဝမ်းသာခြင်းနှင့် မိမိသွားရသော လမ်းကိုသွားလေ၏။" (တမန် ၈း၃၆-၃၉)

၄။ ဗတ္တိဇံသည် အပြစ်များမှ လွတ်စေခြင်းငှာဖြစ်၏။ "ပေတရုက လည်း သင်တို့၏အပြစ်ကိုလွတ်စေခြင်းငှာ၊ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမဖြင့်ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင်သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံကြရလိမ့်မည်။" (တမန် ၂း၃၈)ဟုဆိုခဲ့သည်။

၅။ ဗတ္တိဇံသည် ကယ်တင်ခြင်းပေးနိုင်၏။ "ယုံကြည်၍ဗတ္တိဇံကိုခံ သောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့" (မာကု ၁၆း၁၆)။ ထိုသို့သော ဥပမာအတိုင်းယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက် တော်မူသောအားဖြင့် ငါတို့ကိုကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော် ကိုယ်ကာယ၏အညစ်အကြေးဆေးကြောခြင်းကို မဆိုလို၊ ကိုယ်ကိုကိုယ် သိသော စိတ်ကြည်လင်၍ ဘုရားသခင်ရှေ့၌ဝန်ခံခြင်းကိုဆိုလိုသတည်း။ (၁ပေ ၃း၂၁)။ ဗတ္တိဇံသည် မည်သည့်အခါ၌ ကယ်တင်ပါသနည်း။ လူသည် နောင်တရလောက်အောင် သခင်ဘုရားကိုယုံကြည်ပြီး ကိုယ် တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဝန်ခံကာ ကိုယ်တော် မိန့်တော်မူသည်အတိုင်း၊ ဗတ္တိဇံကိုခံမှသာလျှင်ရမည်ဖြစ်၏။ (တမန် ၁၀း၄၈)။ ထိုသို့ပြုမှသာလျှင် ဗတ္တိဇံသည် ကယ်တင်ခြင်းကိုရစေမည် ဖြစ်၏။

၆။ ဗတ္တိဇံသည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်စေ၏။ "အဘယ် သို့နည်းဟူမူကား သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏။ ခရစ်တော်ထဲ၌ (ထဲသို့ INTO)ဗတ္တိဇံ ကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏။ (ဂလာတိ ၃း၂၆-၂၇၊ ရောမ ၆း၃-၄) ကိုလည်းဖတ်ပါ။

၇။ ဗတ္တိဇံသည် ယုံကြည်၊ နောင်တရ၊ ဝန်ခံသူကို အသင်းတော်သို့ဝင်ရောက်စေ၏။ "အကြောင်းမူကား ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှတို့သည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် တစ်ကိုယ်တည်းထဲသို့ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် တစ်စိတ်တစ်ဝိညာဉ်ထဲသို့လည်း သောက်ကြ၏" (၁ကော ၁၂း၁၃)။ ခရစ်တော်၏ ကိုယ်ခန္ဓာသည် အသင်းတော်ဖြစ်၏။ (ကောလောသဲ ၁း၁၈၊ ဧဖက် ၁း၂၂-၂၃)။

၈။ ဗတ္တိဇံအားဖြင့် အသစ်သောမွေးခြင်းကို ခံရ၏။ "ယေရှုကလည်း ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ ဟုငါအမှန်အကန်ဆို၏။" (ယော ၃း၅) ဟုမိန့်တော်မူ၏။

၉။ ဗတ္တိဇံခံခြင်း၌ ခရစ်တော်၏ အသေခံတော်မူခြင်း၊ မြှုပ်နှံသင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းကို ပုံဆောင်သည်။ 'ရောမ ၆' ကို ဖတ်ပါ။

အထက်ပါကျမ်းပိုဒ်များ၌လည်းကောင်း၊ အခြားသောကျမ်းပိုဒ်များ၌လည်းကောင်း၊ ဗတ္တိဇံသည် လူကိုကယ်တင်ခြင်းရစေရန် လိုအပ်သောအရာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သင်သည်ခရစ်တော်ဘုရားမိန့်တော်မူခဲ့သည့် ဗတ္တိဇံကိုခံယူပြီးပါပြီလား၊ မခံယူရသေးလျှင် ခံယူရန်လိုအပ်နေပြီမဟုတ်ပါလား။

* * * * *

# အခန်း (၂၂)
## ဗတ္တိဇံခံခြင်း၏ရည်ရွယ်ချက်

ဗတ္တိဇံဆိုသည်မှာ သမ္မာကျမ်းစာ၌ ပါသောစကားလုံးဖြစ်သည်။ ၎င်းကိုကျမ်းစာ၌ရိုးရိုးလေးဖော်ပြထားသော်လည်း လူများစွာက နားလည်မှုလွဲမှားနေကြသည်။ အထူးသဖြင့် ပြဿနာဖြစ်ရခြင်းမှာ ၎င်း၏ရည်ရွယ်ချက်ကို သဘောမပေါက်၍ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကမည်သို့သွန်သင်ထားသနည်း။

ပထမဦးစွာ ကျွန်ုပ်တို့ နားလည်ထားရမည်မှာ ဗတ္တိဇံသည် တစ်မျိုးတည်းသာရှိသည်(ဧဖက် ၄း၅)။ ကျမ်းစာ၌ဗတ္တိဇံများလည်းပါရှိသေးသည်။ ၎င်းတို့မှာ နှစ်ခြင်းဆရာ ယောဟန်၏ ဗတ္တိဇံ၊ ဒုက္ခဝေဒနာခံစားခြင်း၏ဗတ္တိဇံစသည်တို့ဖြစ်သော်လည်း၊ 'အေဒီ ၆၄' ၌ တမန်တော်ကြီး ရှင်ပေါလုက ဗတ္တိဇံတစ်မျိုးတည်းသာရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဤစစ်မှန်သော ဗတ္တိဇံမှာ မည်သည့်အရာဖြစ်ကြောင်း ရှင်ပေါလုကဆိုပါသနည်း။ အဖြေမှာလွယ်ပါသည်။ ၎င်းအဖြေကို တမန်တော်ဝတ္ထု၌ပါသောပြောင်း လဲခြင်းအသက်တာများကို လေ့လာခြင်းဖြင့်သိရှိနိုင်ပါသည်။ ထိုသို့လေ့လာရာ၌ ဗတ္တိဇံသည်လူဟောင်းကိုရေ၌ နစ်မြှုပ်ခြင်းဖြင့် အပြစ်များကို ဆေးကြောခြင်း၊ အပြစ်လွတ်ခြင်းအခွင့်ရခြင်းတို့ဖြစ်သည်။ ၎င်းတို့မှာ သခင်ခရစ်တော်က အမိန့်ပေးထားသည့်အတိုင်းသာဖြစ်ကြောင်းတွေ့ရ ပါသည် (တမန်တော် ၈း၂၇-၃၉၊ ၂၂း၁၆၊ တမန်တော် ၂း၃၈၊ ၁၀း၄၈)။

သမ္မာကျမ်းစာ၌ ဗတ္တိဇံနှင့်ပတ်သက်၍ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းကို သခင်ခရစ်တော်ကအမိန့်ပေးထားခဲ့ခြင်းမရှိကြောင်း သတိပြုရမည်။ ထိုသို့ခံယူရန်ကိုလည်း မည်သူကမှ ဟောကြား

မထားခဲ့ပါ။ သို့သော် သမ္မာကျမ်းစာ၌ ဗတ္တိဇံဖော်ပြချက်များကိုတွေ့သော် ရေ၌ ဗတ္တိဇံခံခြင်းဟုမဖော်ပြထားလျှင် ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံ၊ ယောဟန်၏ဗတ္တိဇံတို့ကိုဆိုလိုကြောင်းသိရမည်။ သို့သော် (ရှင်မာကု ၁၆း၁၆၊ တမန်တော် ၂း၃၈)တို့၌ ဖော်ပြထားသော ဗတ္တိဇံမှာ ရေအားဖြင့် ဗတ္တိဇံခံခြင်းကိုသာဆိုလိုကြောင်း သတိပြုရမည်။ ဤသို့သော ဗတ္တိဇံမျိုးကို (ဧဖက် ၄း၅)၌လည်း တွေ့ရသည်။

ဒုတိယသတိပြုရန်မှာ ဗတ္တိဇံခံရာ၌ လွဲမှားသောရည်ရွယ်ချက်ဖြင့်၊ ဗတ္တိဇံခံခြင်းမျိုးလည်း တွေ့ရပါသေးသည်။ ၎င်းမှာ လူတော်တော်များများက ကယ်တင်ခြင်းခံရပြီးမှ ဗတ္တိဇံခံရန်လိုသည်ဟု လွဲမှားစွာယူဆကြခြင်းဖြစ်သည်။ ၎င်းတို့ကပင် လူသည်ကယ်တင်ခြင်းခံရပြီးနောက် ဗတ္တိဇံခံယူခြင်းဖြင့်၊ အသင်းတော်ဘောင်သို့ဝင်ရောက်နိုင်သည်ဟု ယူဆရခြင်းဖြစ်သည်။ ဤအချက်နှစ်ချက်စလုံးမှာ ဗတ္တိဇံခံခြင်းကို လွဲမှားစွာနားလည်သဘောပေါက်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာအရ လူသည် ဝိညာဉ်ရေးရာအားဖြင့် ဗတ္တိဇံခံယူခြင်းမပြုမခြင်း ကယ်တင်ခြင်းမရနိုင်သေးကြောင်းထင်ရှားသည်။ ဂိုဏ်းဂဏအသင်းတော်တစ်ခုခုသို့ ဝင်ရောက်ရန်ဗတ္တိဇံခံခြင်းသည်လည်း သမ္မာကျမ်းစာနှင့်လုံးဝမကိုက်ညီပါ။ ထို့ကြောင့် လူတော်တော်များများသည် ကျမ်းစာနှင့်အညီ မှန်ကန်စွာဗတ္တိဇံခံယူခဲ့ပြီဟုအထင်ရှိခဲ့ကြသော်လည်း အကယ်စင်စစ် မဟုတ်မှန်ကြောင်း ထင်ရှားသည်။ လူသည် ရေ၌နှစ်မြှုပ်လျက် နှစ်ခြင်းခံခြင်းဖြင့် သူသည် စစ်မှန်စွာ ဗတ္တိဇံခံပြီဟု မဆိုလိုပါ။ သမ္မာကျမ်းစာက ဖော်ပြထားသော ဝိညာဉ်ရေးဆိုင်ရာဗတ္တိဇံမှာ စစ်မှန်သောရည်ရွယ်ချက်ဖြင့် ခံယူခြင်းသာဖြစ်သည်။ သမ္မာကျမ်းစာနှင့်မကိုက်ညီပဲ ရည်ရွယ်ချက်လည်း မှားယွင်းနေပါက သူ၏ဗတ္တိဇံခံခြင်းသည် အဓိပ္ပါယ်ကင်းမဲ့လျက်ရှိသည်။ ထိုအခါမျိုး၌ လူသည် တဖန်ပြန်၍ ရေအားဖြင့် ဗတ္တိဇံခံယူရရန်လိုအပ်

ပြီး ကယ်တင်ခြင်းရပြီး၍မဟုတ်၊ ကယ်တင်ခြင်းရရန် ပြန်လည်ခံယူရန် ဖြစ်သည်။ သို့မှသာ သူသည်သမ္မာကျမ်းစာက ဖော်ပြထားသော စစ်မှန်သည့် တစ်ခုတည်းသောဗတ္တိဇံကို ခံယူခြင်းဖြစ်သည်။

ယခုဆက်လက်၍ ကျမ်းစာကဖော်ပြထားသော ဗတ္တိဇံခံခြင်း၏ စစ်မှန်သောရည်ရွယ်ချက်များကို လေ့လာကြပါစို့။

၁။ လူသည်ယုံကြည်ခြင်း၊ နောင်တရခြင်း၊ နှုတ်ဖြင့်ဝန်ခံခြင်းပြုပြီးမှသာလျှင် ကယ်တင်ခြင်းရရန်အတွက် ဗတ္တိဇံခံယူရမည်။ သခင်ခရစ်တော်ကိုယ်တိုင်က ဤသို့မိန့်တော်မူခဲ့၏။ "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။" (မာကု ၁၆း၁၆)။ ခရစ်တော်ကိုယ်တိုင်က ကယ်တင်ခြင်းသည် ဗတ္တိဇံခံယူပြီးမှသာရသောအရာဖြစ်သောကြောင့်၊ ဗတ္တိဇံမခံမီရသောအရာမဟုတ်ကြောင်းထင်ရှားစွာမိန့်တော်မူခဲ့သည်။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရမည်ဖြစ်ပြီး၊ ယုံကြည်၍ဗတ္တိဇံကိုခံသောသူသာလျှင် ကယ်တင်ခြင်းခံရမည်ဖြစ်ကြောင်းထင်ရှား၏။ ဆက်လက်၍ရှင်ပေတရုကလည်း ဤသို့ဖော်ပြထား၏။ "ထိုသို့သောဥပမာအတိုင်း ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့် ငါတို့ကို ကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော် ကိုယ်ကာယ၏ အညစ်အကြေးဆေးကြောခြင်းကိုမဆိုလို။ ကိုယ့်ကိုကိုယ်သိသောစိတ်ကြည်လင်၍ ဘုရားသခင့်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသတည်း" (၁ပေ ၃း၂၁)။ ထိုသို့ဖော်ပြထားသဖြင့် ဗတ္တိဇံသည် ကယ်တင်ခြင်းမပေးနိုင်ဟု မည်သူကဆိုနိုင်ပါသနည်း။

၂။ ဗတ္တိဇံသည် အပြစ်များမှလွတ်ခြင်းအလို့ငှာဖြစ်၏။ ပေတရုက "သင်တို့၏အပြစ်ကိုလွတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်"ဟု (တမန်

၂း၃၈)တွင်ဖော်ပြခဲ့၏။

၃။ ဗတ္တိဇံသည် အပြစ်များကိုဆေးကြော၏။ ရှင်ပေါလုကိုပင်လျှင် အာနနိက "ယခုလည်း သင်သည်အဘယ်ကြောင့် ဆိုင်းလင့်၍နေသနည်း၊ ထလော့။ သခင်ဘုရားကို ပဌနာပြုလျက် ဗတ္တိဇံကိုခံ၍ သင်၏အပြစ် များကိုဆေးကြောလော့" (တမန် ၂၂း၁၆) ဟုပြောကြားခဲ့သည်။

၄။ ဗတ္တိဇံသည် လူကိုခရစ်တော်အား ယူတင်ဝတ်ဆောင်စေ၏။ ရောမသြဝါဒစာနှင့် ဂလာတိသြဝါဒစာ၌ "ယေရှုခရစ်၌ ဗတ္တိဇံကိုခံသော သူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ (ထဲသို့ INTO) ဗတ္တိဇံကိုခံကြ သည်ဟုသင်တို့မသိသလော" (ရောမ ၆း၃)။ "အဘယ်သို့နည်းဟူမူကား သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ခရစ်တော်၌ (ထဲသို့ INTO)ဗတ္တိဇံ ကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏" (ဂလာတိ ၃း၂၆-၂၇)။ အကယ်၍ လူသည်ဗတ္တိဇံမခံမီ ကယ်တင်ခြင်းခံရပြီဟုဆိုလျှင် လူသည်ခရစ်တော်ကို ယူတင်ဝတ်ဆောင်ခြင်းမရှိပဲ ၊ ခရစ်တော်အားဖြင့် မဟုတ်ပဲ ကယ်တင်ခြင်းခံနေရပြီဟုဆို လိုရာရောက်ပါသည်။ ထိုလွဲမှား မှုကို မိမိပြုမူခြင်းဖြင့် ဝန်ခံနေအောင် မှားယွင်းသော သွန်သင်ချက်များက ပို့ဆောင်ပေးနေပါသည်။

၅။ ဗတ္တိဇံသည်သခင်ဘုရား၏အသင်းတော်သို့ဝင်စေ၏။ အကြောင်း မူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ ငါတို့ရှိသမျှတို့သည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် တစ်ကိုယ်တည်း ထဲသို့ ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် တစ်စိတ်တစ်ဝိညာဉ်တည်း သို့လည်းသောက်ကြ၏" (၁ကော ၁၂း၁၃)။ တစ်ကိုယ်တည်းဟုဆိုရာ၌ အသင်းတော်ကိုဆိုလို၏(ကောလောသဲ ၁း၁၈)။ ဤဗတ္တိဇံမှာသန့်ရှင်း သောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းမဟုတ်ပဲ ရေအားဖြင့် ဗတ္တိဇံခံခြင်းကို

ဆိုလိုသည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံခြင်းသည် အသင်းတော်ဘောင်သို့မဝင်ရောက်စေနိုင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအားဖြင့်သာ နှုတ်ကပတ်တော်သွန်သင်ချက်ကို လိုက်နာပြီး၊ ဗတ္တိဇံခံခြင်းကသာလျှင် သင်းဝင်စေခြင်းဖြစ်ပါသည်။

၆။ ဗတ္တိဇံသည် သခင်ဘုရား၏ အသေခံခြင်း၊ မြှုပ်နှံသင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းကို ပုံဆောင်သည် (၁ကော ၁၅း၁–၄)။ အပြစ်သားသည် အပြစ်တရားနှင့်စုတေပြီး ခရစ်တော်ကဲ့သို့ ကားတိုင်၌ အသေခံတော်မူသကဲ့သို့ ဇာတိသဘောသေခြင်းဖြစ်သည်။ ခရစ်တော်သည် သင်္ချိုင်းဂူ၌ မြှုပ်နှံသင်္ဂြိုလ်ခြင်းခံသကဲ့သို့ လူသည်ရေသုသာန်၌ သင်္ဂြိုလ်ခံခြင်းဖြစ်၏။ ထို့နောက်သူသည် ခရစ်တော်၌ လူသစ်တစ်ဦးဖြစ်လာသည်(၂ကော ၅း၁၇)။ ခရစ်တော်သည် သင်္ချိုင်းဂူမှ ရှင်ပြန်ထမြောက်တော်မူသကဲ့သို့ဖြစ်သည်။ (ရောမ ၆း၁–၁၂)။

၇။ ဗတ္တိဇံသည် အသစ်မွေးဖွားခြင်းကိုဖြစ်စေ၏။ ခရစ်တော်က "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်ကို မဝင်ရဟုငါအမှန်အကန်ဆို၏" (ယော ၃း၅)ဟုမိန့်တော်မူခဲ့သည်။ ဤမိန့်တော်မူချက်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကိုမဆိုလိုပဲ ရေ၌ဗတ္တိဇံခံခြင်းကို အဓိကဆိုလိုခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့် နှုတ်ကပတ်တော်ကသွန်သင်ကာ၊ ဗတ္တိဇံကိုခံယူပြီးနောက် လူသည်ဘုရားသခင်၏နိုင်ငံတော် (သို့မဟုတ်) အသင်းတော်သို့ဝင်ရောက်ခြင်း ဖြစ်၏။ (၂ကော ၅း၁၇၊ ၁ပေ ၁း၂၀–၂၂)ကိုဖတ်ရှုလေ့လာပါ။

ဗတ္တိဇံခံခြင်းတစ်ခုတည်းကသာ ကယ်တင်ခြင်းမဟုတ်ပဲ၊ လူသည်ကယ်တင်ခြင်းဆုကျေးဇူးရအံ့သောငှာသာ၊ ဗတ္တိဇံကိုခံယူရခြင်းဖြစ်သည်။ သင်သည်ကျမ်းစာကဖော်ပြထားသော ဗတ္တိဇံကိုခံယူပြီးပါပြီလား။ သမ္မာတရားအတိုင်း မခံယူရသေးလျှင် ခံယူနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# အခန်း (၂၃)

## ကားတိုင်ပေါ်က ဓားပြတစ်ဦး

သမ္မာကျမ်းစာ၌ လူသိများသော ပုဂ္ဂိုလ်တစ်ဦးမှာ သခင်ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်၌ ရိုက်ထားခြင်းခံရသော ဓားပြတစ်ဦးဖြစ်သည်။ ခရစ်ယာန်ဘာသာရေးလောက၌ ဝိညာဉ်တော်ကယ်တင်ခြင်းရရန် ဗတ္တိဇံကအရေးမကြီးပါဟု ဆိုလေ့ရှိသူတို့သည် ဤလူဆိုး၏အကြောင်းကိုသက်သေပြပြောလေ့ရှိသည်။ ဗတ္တိဇံခံခြင်းကို မလုပ်လျှင်လည်းဖြစ်သည်ဟု ၄င်းတို့ကပြောပြီး "ကားတိုင်ပေါ်ကဓားပြသည်ဘယ်မှာဗတ္တိဇံခံခဲ့သနည်း" ဟုဆင်ခြေထုတ်ကြသည်။ မေးရမည်မှာ ထိုသူကိုသခင်ခရစ်တော်က ဘယ်လိုမိန့်တော်မူခဲ့သနည်းဟုမေးရမည့်အစား၊ ထိုလူဆိုးတို့သည်ပင် ဗတ္တိဇံမခံယူပဲ ကယ်တင်ခြင်းခံခဲ့ရသည်မဟုတ်ပါလားဟုပြောကြသည်။ ပဋိညာဉ်အသစ်၌မပါသော ဤအချက်ကို ပညာတတ်၊ ကျမ်းတတ်များကပင် ဆင်ခြေသုံးစရာအဖြစ် လက်ခံနေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ စင်စစ် သူတို့သည် ခုခံတိုက်ခိုက်ရန် အခြားအကြောင်းရှာမရသောအခါ ထိုလူဆိုးအကြောင်းကိုထပ်တလဲလဲပြောဆို၍သက်သေပြကြပြီး အခြားနည်းမရှိတော့သဖြင့် ဤကျမ်းပိုဒ်ကလေးဖြင့် ငြင်းချက်ထုတ်ကြခြင်းဖြစ်ပါသည်။ သူလုပ်ချင်ရာလုပ်နိုင်ရန် ကျမ်းစာ၌ပါသော ဤလူဆိုးအကြောင်းကို အကာအကွယ်ယူ၍ ပြောနေသည်မှာ မည်မျှအံ့သြဖွယ်ကောင်းပါသနည်း။

ထိုသူတို့သည် အောက်ပါအချက်အတော်များများကိုသတိမပြုမိခဲ့ကြပါ။

၁။ မည်သူကမျှ ထိုလူဆိုးသည်ဗတ္တိဇံခံကြောင်းသက်သေမပြနိုင်သကဲ့သို့ ဗတ္တိဇံမခံခဲ့ကြောင်းလည်း သက်သေမပြနိုင်ပါ။ ကျမ်းစာက "ထိုအခါ ယေရုရှလင်မြို့မှစ၍ယုဒပြည်သူပြည်သား ယောဒန်မြစ်နားမှာနေသောသူအပေါင်းတို့သည် ယောဟန်ထံသို့ထွက်သွား၍ မိမိတို့အပြစ်များကိုဖော်ပြလျက် ယောဒန်မြစ်၌ဗတ္တိဇံကိုခံကြ၏" (မဿဲ ၃း၅-၆)။ အထက်ပါကျမ်းစာအရ အဆိုပါဓားပြသည် ယောဟန်ပေးသောဗတ္တိဇံကိုခံသောသူများအနက် တစ်ဦးအပါအဝင် ဖြစ်ကောင်းဖြစ်ပေမည်။ ထိုသို့ဆိုသော် အချို့က ထိုသူမှာ သူခိုးဖြစ်သည်မဟုတ်ပါလားဟုဆိုပေမည်။ မှန်ပါသည်။ သင်ကြားဖူးကောင်းကြားဖူးပါလိမ့်မည်။ ဗတ္တိဇံခံပြီးမှဆိုးသွမ်းသွားသောသူများလည်းရှိရာ ဓားပြသည်လည်း အဆိုပါလူဆိုးမျိုးဖြစ်ကောင်းဖြစ်ပေမည်။ သို့သော်သိမှတ်ရမည်မှာ အဆိုပါဓားပြသည် ဗတ္တိဇံကိုမခံရပဲနှင့် ကယ်တင်ခြင်းခံရသဖြင့် ယနေ့တွင် လူများသည် ကယ်တင်ခြင်းခံရဖို့ ဗတ္တိဇံခံရခြင်းကအရေးမကြီးဟု သတ်မှတ်၍မရကြောင်း သတိပြုရမည်။

၂။ အဆိုပါဓားပြသည် ခရစ်တော်ကဲ့သို့ပင်မောရှေ၏ပညတ်တရားလက်အောက်၌ပင်ရှိနေခဲ့သည်။ သို့သော် ခရစ်တော်၏ပညတ်ချက်အောက်၌မူ၊ လူများစွာကို အပြစ်များစွာမှပြစ်လွှတ်ခဲ့ပါသည်။ ဤသို့ပြစ်လွှတ်ရန်လည်း ကိုယ်တော်၌ အခွင့်အာဏာရှိပါသည်။ ထို့ကြောင့်ဤဓားပြသည် ကယ်တင်ခြင်းခံရသည်၊ မခံရသည်ကိုအငြင်းမပွားလိုပါ။

ဤအချက်ကမေးခွန်းတစ်ခုအဖြစ်မေးရန်ပင်မလိုပါ။ မေးရမည့်မေးခွန်းမှာ ဤစားပြသည် မည်သည့်ပညတ်တော်အောက်၌ ရှိနေသည်ဆိုသည့်အချက်သာဖြစ်ပါသည်။

၃။ အဆိုပါစားပြသည် ခရစ်တော်အသေမခံမီ တစ်ဖက်အခြမ်း၌အသက်ရှင်နေသည်။ အဆိုပါစားပြက ကိုယ်တော်အား တောင်းဆိုနေချိန်မှာ ကိုယ်တော်သည် လောက၏အပြစ်များအတွက် မသေဆုံးသေးပဲအသက်ရှင်နေသေးချိန်ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ကယ်တင်ခြင်းနှင့်ပတ်သက်၍ အဘယ်ကြောင့်ထိုစားပြကို ဥပမာအဖြစ် ယူအပ်ပါသနည်း။

၄။ ခရစ်တော်သည် ကားတိုင်ပေါ်၌အသေခံတော်မူရာ၌၊ သူ၏အသွေးတော်ဖြင့် ပဋိညာဉ်သစ်ကိုတံဆိပ်ခတ်ခဲ့ပါသည်။ "စာချုပ်တည်လျှင် စာချုပ်သောသူသည် ကေန်သေရမည်မှန်ပြီ၊ အကယ်၍မသေလျှင် ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏။" (ဟေဗြဲ ၉း၁၇)။ ထို့ကြောင့် အသက်သေဆုံးခြင်းမရှိသေးသောကာလတွင် ကိုယ်တော်၌အပြစ်များကို လွှတ်ပိုင်ခွင့်ရှိသဖြင့် "သင်၏အပြစ်များမှလွတ်ပြီ"ဟုပြောနိုင်ပါသည်။ ကိုယ်တော်သေဆုံးပြီးမှသာလျှင် ကိုယ်တော်၏ပဋိညာဉ်သည် တရားဝင်ဖြစ်လာပါသည်။ ထို့ကြောင့်လည်း တပည့်တော်များအား "သင်တို့သည် လောကီနိုင်ငံအရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြားလော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။" (မာကု ၁၆း၁၅-၁၆)။ အဆိုပါစကားကို ကိုယ်တော်သည် မည်သည့်အချိန်၌ပြောခဲ့သနည်း။ သေဆုံး၍ရှင်ပြန်ထမြောက်

တော်မူပြီးမှလော၊ မသေဆုံးမီကလော၊ သေဆုံးပြီး၍ ရှင်ပြန်ထမြောက်ပြီးမှသာဖြစ်သည်မဟုတ်ပါလော။ ထိုအခါ တပည့်တော်များက မည်သည့်တရားကိုဟောကြသနည်း။ ကိုယ်တော်မိန့်တော်မူခဲ့သော ဧဝံဂေလိတရားကိုသာ ဟောကြသည်မဟုတ်ပါလော။ တမန်တော်ဝတ္ထုပါသော ပြောင်းလဲခြင်းဟူသမျှတွင် တမန်တော်တို့သည် ဧဝံဂေလိတရားကိုသာ ဟောခဲ့ကြပါသည်။ ဓားပြအကြောင်းတစ်လုံးမှမဟောခဲ့ကြပါ။ ထိုသို့ ဧဝံဂေလိတရားကို ဟောပြောသည်ကိုကြားနာပြီးနောက် လူတို့သည် ယုံကြည်ကာ နောင်တရပြီး၊ နှုတ်ဖြင့်ဝန်ခံလျှက် သူတို့အပြစ်များမှ လွတ်စေခြင်းငှာ ဗတ္တိဇံကိုခံယူကြပါသည်။

၅။ ကိုယ်တော်၏ပဋိညာဉ်တရားသစ်မှာ ချိုးဖျက်၍လည်းမရ၊ ပြောင်းလဲ၍လည်းမရပါ။ ကိုယ်တော်မိန့်တော်မူချက်များမှာ အသွေးတော်ဖြင့် တံဆိပ်ခတ်ပြီးဖြစ်ပါသည် (ဗျာဒိတ် ၂၂း၁၈–၁၉၊ ဂလာတိ ၁း၆–၉)။

၆။ ကိုယ်တော်၏ ပဋိညာဉ်တရားသစ်မှာ ရိုးရိုးရှင်းရှင်းလေးဖြစ်ပါသည်။ နားလည်းလိုသူများအတွက် သဘောပေါက်ရန်လွယ်ပါသည်။ နားမလည်ချင်ယောင်ဆောင်သူအတွက်သာလျှင်ခက်ခဲပါသည်။ နားလည်မှုလွဲမှားရန် ဆန္ဒရှိသူမှသာ အကူအညီလိုအပ်ပေမည်။

၇။ သေခါနီးမှ ကယ်တင်ခြင်းရလိုသူအဖို့ ကားတိုင်ပေါ်မှ၊ ဓားပြ၏ပုံစံနှင့် နှိုင်း၍မရပါ။ ဓားပြသည် သူ့လက်ထက်က ပညတ်အတိုင်းသာ စီရင်ခြင်းခံရပြီးမှ သင်နှင့်ကျွန်ုပ်မှာ ခရစ်တော်၏ပညတ်သစ်အတိုင်း စီရင်ခြင်းခံရမည်ဖြစ်ပါသည်။ လူသည် သူ့သဘောသူ့ဆန္ဒအရ ဗတ္တိဇံ မခံပဲနှင့်လည်း ကယ်တင်ခြင်းခံရနိုင်သည်ဟုပြောသော်လည်း ခရစ်တော်

အသေခံတော်မူပြီးနောက် ယုံကြည်သူများ မည်သူမျှဤသို့မပြု လုပ်ပဲမနေကြပါ။ ကိုယ်တော်၏မိန့်တော်မူသောစကားများကိုသာ ကျွန်ုပ်တို့က နာခံရမည်ဖြစ်ပါသည်။ "ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့၊ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့.." (မာကု ၁၆း၁၆)။ ကျွန်ုပ်သည် သမ္မာကျမ်းစာကိုအထူးသေချာစွာလေ့လာခဲ့ရာ ဤသို့ပင်တွေ့ရှိခဲ့ပါသည်။ အကယ်၍ လူတို့သည် ဘုရားသခင်မိန့်မှာသောအရာများကို ရှောင်ရှားလှည့်ပတ်ရန်ကြိုးစားသည့်နည်းတူ၊ ဘုရားသခင်၏အလိုတော်များကို ကြိုးစားလိုက်လျှောက်လျှင် ကိုယ်တော်ရင်ချပေးသနားတော်မူသော ကယ်တင်ခြင်းဆိုင်ရာမိန့်မှာချက်များအားဖြင့် အတူတကွအကျိုးခံစားရပေမည်ဖြစ်သည်။

သတိပြုရန်အချက်မှာ ဗတ္တိဇံတစ်ပါးတည်းကသာ ကယ်တင်သည်ဟု လုံးဝမဆိုလို၊ ထို့တူအခြားသောအရာတစ်ခုခုကသာ ကယ်တင်သည်ဟုမဆိုလိုပါ။ လူသားကယ်တင်ခြင်းရရန်အတွက် ဘုရားသခင်လိုအပ်သောအချက်များကို အလေးအနက်ပြုနေခြင်းဖြစ်သည်။ ယုံကြည်ခြင်းနှင့် နောင်တရခြင်းအမှုတို့ပါဝင်နေသည့်နည်းတူ ဗတ္တိဇံခံခြင်းအမှုသည်လည်း ပါဝင်နေကြောင်းသာဖြစ်ပါသည်။

* * * * *

# အခန်း (၂၄)
## ကလေးသူငယ်များအား ဗတ္တိဇံပေးခြင်း

ဘာသာရေးလောက၌ ကလေးသူငယ်များအားဗတ္တိဇံပေးခြင်း ထုံးစံသည် အထူးကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသောလုပ်ငန်းဖြစ်၏။ သို့သော် ဤသွန်သင်ချက်သည် သမ္မာကျမ်းစာ၌လုံးဝမပါသော အလေ့ အထဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းစာ ရေးသားပြီးနောက် နှစ်ပေါင်းများစွာ ကြာမှ စတင်ပေါ်ပေါက်လာသော ဓလေ့တစ်ခုသာဖြစ်၏။ အသင်းတော် ၏သမိုင်း၌ ကလေးသူငယ်ဗတ္တိဇံကို စတင်ရေးသားခဲ့သူမှာ 'အော်ရိဂန်' ဆိုသောပုဂ္ဂိုလ်ဖြစ်သည်။ နှစ်ပေါင်း(၆၀၀)အကြာတွင် 'ကာသိုလစ်' အသင်းတော်စတင်ပေါ်ပေါက်လာသောအခါ၊ ၎င်းကဤဓလေ့ကို လက်ခံ ကျင့်သုံးခဲ့သည်။ နောင်နှစ်ပေါင်းများစွာ ကြာသောအခါ ရေ၌ဗတ္တိဇံ ခံခြင်းအစား ရေဖြန်းလျက် ဗတ္တိဇံခံခြင်းကို အစားထိုးလာကြသည်။ ဤအချက်သည်ပင်အသင်းတော်များ ကွဲပြားခြင်း၏မူလဖြစ်သည်။ ရေ ဖြန်းခြင်း ဗတ္တိဇံကိုလက်ခံသောသူတို့က ဆက်လက်ကျင့်သုံးကြကာ၊ ရောမကာသိုလစ်အသင်းတော်အဖြစ် တည်ရှိလာသည်။ ရေဖြန်းခြင်းကို ငြင်းပယ်ကာ ယနေ့ထိရေ၌နှစ်ခြင်းဖြင့်သာ ဗတ္တိဇံခံသောသူများက ဂရိ(ခေါမ)အော်သိုဒေါ့၊ ကာသိုလစ်အသင်းတော်ဟု အမည်ခံခဲ့ကြသည်။

ကလေးသူငယ်ဗတ္တိဇံခံခြင်းကို ကျင့်သုံးသောသူများက၊ လူသည် မွေးစကပင် အပြစ်ပါလျက်ရှိသည်ဟု ယုံကြည်လက်ခံကြသည်။ ကလေး သူငယ်အားလုံးသည် လောကထဲသို့မွေးဖွားလာရာ၌ အာဒံ၏အပြစ်ကြောင့် အပြစ်ပါလျက်ရှိသည်ဟုသွန်သင်ကြသည်။ မှန်ပါသည်။ လူတိုင်းသည် အပြစ်၏အကျိုးအပြစ်ကိုဆပ်ပေးကြရမည်ဖြစ်သော်လည်း မည်သူတစ်စုံ

တစ်ယောက်ကမျှ အခြားသူတစ်ဦး၏အပြစ်ကို အမွေဆက်ခံနိုင်ခြင်း မရှိပါ။ (၁ယော ၃း၄)၌ "ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း ဖြစ်သတည်း။" ဟုဖော်ပြထား၏။ မွေးကာစကလေးငယ်က ဤသို့ ဒုစရိုက်အပြစ်ကို မည်သို့ကျူးလွန်နိုင်ပါမည်နည်း။ လွန်ခဲ့သော နှစ်ပေါင်း များစွာက ပရောဖက်တစ်ပါးက ဤသို့ရေးသားခဲ့သည်။ "ပြစ်မှားသောသူ သည် အသေခံရမည်။ သားသည် အဖ၏အပြစ်ကိုမခံရ။ အဖသည် သား၏အပြစ်ကို မခံရ။ တရားသောသူသည် တရားစွာပြုခြင်းအကျိုးကို လည်းကောင်း၊ မတရားသောသူသည် မတရားစွာပြုခြင်း အပြစ်ကို လည်းကောင်းခံရလိမ့်မည်" (ယေဇကျေလ ၁၈း၂၀)။ သခင်ခရစ်တော် ကလည်း "ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ" (မဿဲ ၁၈း၃) ဟူ၍လည်းကောင်း၊ "ယေရှုကလည်း ထိုသူငယ်တို့ကို ရှိစေတော့၊ ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်၊ ကောင်းကင်နိုင်ငံ တော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သည်။" (မဿဲ ၁၉း၁၄)ဟူ၍ လည်းကောင်း မိန့်တော်မူထားပါသည်။

ထို့ကြောင့်ခရစ်တော်သည် ကလေးသူငယ်များအား ဖြူစင်ခြင်း၊ သန့်ရှင်းခြင်း၊ အပြစ်နှင့်ကင်းစင်ခြင်း၊ အပြစ်မှလွတ်ကင်းခြင်းရှိကြောင်း ဖော်ပြထားပါသည်။ အကယ်၍သာ ကလေးသူငယ်များ၌ အပြစ်ပါနေ သည်ဆိုလျှင် ကိုယ်တော်က လူသည်ပြောင်းလဲ၍ ကလေးသူငယ်ကဲ့သို့ မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မဝင်ရဟုကလေးများကိုဦးစားပေး ပမာဆောင်၍ပြောခဲ့မည်မဟုတ်ပါ။ ကလေးသူငယ်များ၌ အပြစ်ရှိသည် ဟုကိုယ်တော်ကသတ်မှတ်ခဲ့လျှင် ကောင်းကင်နိုင်ငံတော်သည် အဘယ် သို့ထိုသူတို့၏ နိုင်ငံဖြစ်နိုင်ပါမည်နည်း။

ကလေးငယ်သည် ဤလောက၌ အပြစ်ကင်းမဲ့စွာမွေးဖွားလာခြင်းသာဖြစ်၏။ သူသည်အပြစ်နှင့်ပြည့်ဝသော ဤလောကသို့မွေးဖွားလာသော်လည်း၊ သူသည်အပြစ်၏အခကို ပေးဆပ်ရမည်မှန်သော်လည်း မွေးဖွားလာရာ၌ အပြစ်လုံးဝမရှိပါ။ သူသည်ဘုရားသခင်၏ရှေ့၌ဆက်လက်၍ သန့်ရှင်းစင်ကြယ်လျက်ပင် ကြီးပြင်းလာပြီး၊ နောက်ဆုံး အဆိုးအကောင်းကွဲပြား၍ သိသောအခါမှသာ အပြစ်တရားဝင်လာပါတော့သည်။ အမှားအမှန်ကို ကွဲပြားသိတတ်လာသောအခါမှသာ သူပြုမူသည့်အပြစ်များအတွက် သူ၌တာဝန်ရှိလာပါတော့သည်။ ထိုအချိန်ကျမှသာ သူသည် သခင်ဘုရား၏အမိန့်တော်ကို နာခံရမည်သာဖြစ်၏။

ဘုရားရှင်၏သမ္မာကျမ်းစာ၌ပါသော ကယ်တင်ခြင်းအစီအစဉ်ဇယားတွင် ပါဝင်သမျှသည် အမှန်တရားသာဖြစ်သည်။ ဤအစီအစဉ်၌ ကလေးသူငယ်များအကြုံးမဝင်ပါ။ သူတို့သည်အပြစ်နှင့်ကင်းစင်လျက်ရှိ၍ ဘုရားသခင်၏ရှေ့တော်၌စိတ်ချရပါသည်။ ဓမ္မရာဇဝင်ဒုတိယစောင် (၁၂း၂၂-၂၃)၌ ဒါဝိဒ်၏သားဖြစ်သူ သေဆုံးသွားသောအခါ၌ ဒါဝိဒ်မင်းကြီးက သူ့ထံသို့ သူငယ်သည်ပြန်မလာနိုင်ပဲ သူသည်သူငယ်ရှိရာသို့သွားရမည် ဟုမိန့်တော်မူခဲ့ပါသည်။

ကလေးငယ်၏ ဝိညာဉ်ကောင်းရာမွန်ရာရောက်ရေးကို မည်သည့်မိဘကစွမ်းဆောင်နိုင်ပါမည်နည်း။ သူလုံးဝနားလည်ခြင်းမရှိ၊ အဓိပ္ပါယ်လည်း မသိသောဗတ္တိဇံကိုခံခြင်းဖြင့် ကလေးငယ်အတွက်အဘယ်ကျေးဇူးရှိပါသနည်း။ ကိုယ်တော်က ဗတ္တိဇံခံရန် မိန့်တော်မူခဲ့သောသူများမှာသမ္မာတရားကို ကြားနာ၍ သဘောပေါက်သောသူများဖြစ်ခြင်း(မဿဲ ၂၈း၁၉၊ ရောမ ၁၀း၁၇)၊ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်နိုင်သော အရွယ်ဖြစ်ခြင်း(ရောမ ၁၀း၁၀၊ ဟေဗြဲ ၁၁း၆)၊ သူတို့အပြစ်များအတွက်နောင်

တရနိုင်အောင် အသိတရားရှိသောအရွယ်ဖြစ်ခြင်း (လုကာ ၁၃း၃၊ တမန် ၁၇း၃၀) နှုတ်ဖြင့်ဝန်ခံနိုင်လောက်သော အရွယ်ရောက်ခြင်း (ရောမ ၁၀း၁၀၊ မဿဲ ၁၀း၃၂)၊ သူတို့အပြစ်များမှလွတ်ရန် ဗတ္တိဇံခံနိုင်သောအရွယ်ဖြစ်ခြင်း(မာကု ၁၆း၁၆၊ တမန် ၂း၃၈)၊ ၄င်းတို့မှာ သမ္မာတရား၌ ကိုယ်တော်သွန်သင်သော ဗတ္တိဇံဖြစ်သည်။ ကလေးငယ်သည် ဤအရာများကိုပြုလုပ်နိုင်ပါသလား။ လုံးဝ မပြုလုပ်နိုင်ပါ။ ကလေးငယ်သည် ဆုတောင်းနိုင်ပါသလား၊ သခင်ဘုရား၏ ညစာ(ပွဲတော်) ဝင်ရောက်ယူနိုင်ပါသလား၊ သူတစ်ပါးကို သွန်သင်ခြင်း၊ သခင်ဘုရား၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းခြင်းစသည်တို့ပြုလုပ်နိုင်ပါသလား၊ လုံးဝမလုပ်နိုင်ပါ။ ဤအရာများသည် ခရစ်ယာန်တိုင်းလုပ် ဆောင်ရမည့်အရာများသာဖြစ်၏။ ထို့ကြောင့်ဘုရားသခင်၏အလိုတော်၌ ကလေးသူငယ်များအကြုံးမဝင်ပါ။ အရွယ်ရောက်ပြီးသူများ၊ ဘုရားသခင်ရှေ့တော်၌စစ်ကြောခံနိုင်သူများ၊ အပြစ်သားများသာဖြစ်၏။

နောက်ဆုံးပြောရလျှင် ကလေးငယ်များအား ဗတ္တိဇံပေးခြင်းသည် ဗတ္တိဇံလုံးဝမဟုတ်ပါ။ ဘာသာရေးသမားများစွာကဖြန်းခြင်း၊ ရေလောင်းခြင်းကို ဗတ္တိဇံဟုပြောဆိုကြသော်လည်း ၄င်းသည်ဗတ္တိဇံလုံးဝမဟုတ်ပါ။ သမ္မာကျမ်းစာကဖော်ပြသောဗတ္တိဇံမှာ ရေ၌နစ်မြှုပ်ခြင်းသာဖြစ်၏။ ရှင်ပေါလုကဤသို့ဖော်ပြခဲ့သည်။ "ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့် ဗတ္တိဇံကိုခံ၍ ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ရောက်ကြ၏" (ကောလောသဲ ၂း၁၂)။ "ယေရှုခရစ်၌(ထဲသို့)ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံကြသည်ဟု သင်တို့မသိသလော၊ ထို့

ကြောင့် အသေခံတော်မူခြင်း၌(ထဲသို့) ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူသည့်နည်းတူ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း" (ရောမ ၆း၃-၄)။ တမန်တော်ဝတ္ထု(၈)၌ ဖိလိပ္ပုက အဲသယောပိအမတ်ကို ရေ၌ဗတ္တိဇံပေးသောအခါ မည်သို့ဖြစ်သနည်း။ သူသည်ရေ၌နှစ်မြှုပ်သင်္ဂြိုလ်ခြင်းဖြင့်သာဗတ္တိဇံပေးခဲ့ပါသည်။ ဒုတိယအချက်မှာ ဗတ္တိဇံခံခြင်းသည် စစ်မှန်သောရည်ရွယ်ချက်ရှိရမည်။ ခရစ်တော်ကလူသည် ယုံကြည်၍ ဗတ္တိဇံခံခြင်းဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရ၏(မာကု ၁၆း၁၆)။ ရှင်ပေတရုကလည်း လူသည်နောင်တရ၍ အပြစ်များမှလွတ်ခြင်းငှာ ဗတ္တိဇံခံရမည်ဟုဖော်ပြထား၏(တမန် ၂း၃၈)။ ဆက်လက်၍ ခရစ်တော်ကလည်း ဗတ္တိဇံကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌သာ ခံယူရမည်ဟုသွန်သင်ခဲ့သည် (မဿဲ ၂၈း၁၉)။ နောက်ဆုံး၌ ဗတ္တိဇံတစ်မျိုးတည်းသာရှိကြောင်း (ဧဖက် ၄း၅)၊ ၎င်းမှာလည်း ရေ၌နှစ်မြှုပ်သင်္ဂြိုလ်ခြင်း၊ ခရစ်တော်ကိုယူတင်ဝတ်ဆောင်လျက် အသင်းတော်၌ သင်းဝင်စေခြင်းဖြင့်သာဖြစ်ကြောင်း ဖော်ပြထားပါသည်။ (ဂလာတိ ၃း၂၆-၂၇) (၁ကော ၁၂း၁၃)။

ထို့ကြောင့် ကလေးငယ်များသည် ဗတ္တိဇံခံရန်မလိုပါ။ သို့သော် သူတို့မိဘများမှာ သခင်ဘုရား၏အမိန့်တော်ကို နာခံရန်လိုပါသည်။ သင်သည် ဝိညာဉ်ရေးရာ၌ စစ်မှန်သောဗတ္တိဇံကို ခံပြီးပါပြီလား။

* * * * *

# အခန်း (၂၅)
## လူသည်ထပ်မံ၍ ဗတ္တိဇံခံရန်လိုပါသလား

သမ္မာကျမ်းစာက ဗတ္တိဇံခံရန် တိကျစွာသွန်သင်ထားပါသည်။ ဤသို့သွန်သင်ရခြင်းမှာ အကြောင်းများစွာရှိပါသည်။ ဗတ္တိဇံသည် ကယ်တင်ခြင်းရစေသည် (၁ပေ ၃း၂၁)။ အပြစ်များမှ လွတ်စေသည် (တမန် ၂း၃၈)။ ခရစ်တော်ထဲသို့ ပို့ဆောင်စေသည်(ရောမ ၆း၃-၄)။ အသင်းဝင်စေသည် (၁ကော ၁၂း၁၃)။ သို့သော် ဗတ္တိဇံမှာ တစ်မျိုးသာရှိကြောင်း ကျမ်းစာကသွန်သင်ထားသည် (ဧဖက် ၄း၅)။ ယခုမေးရန်ရှိသည်မှာ လူသည်တစ်ကြိမ်ဗတ္တိဇံခံယူပြီးလျှင် ထပ်မံဗတ္တိဇံခံရန် လိုအပ်ပါသလား။

လူသည်သမ္မာကျမ်းစာအရ ကိုက်ညီစွာဗတ္တိဇံခံယူပြီးဖြစ်လျှင် ထပ်မံဗတ္တိဇံခံရန်မလိုအပ်တော့ပါ။ ပြုလုပ်ရန်လည်းမဖြစ်နိုင်ပါ။ လူသည် ကျမ်းစာနှင့်အညီ တစ်ကြိမ်သာလျှင် ဗတ္တိဇံခံလျှင်လုံလောက်ပါသည်။

လူသည်မည်သို့ကျမ်းစာနှင့်အညီ ဗတ္တိဇံခံယူနိုင်ပါသနည်း။ လူထောင်ပေါင်းများစွာတို့သည် သမ္မာကျမ်းစာနှင့်အညီ ဗတ္တိဇံခံယူပြီးပြီဟု ယူဆကြသော်လည်း အမှန်စင်စစ်မူ ၎င်းတို့၏ဗတ္တိဇံခံခြင်းသည်မဟုတ်မမှန်သေးပါ။ ဤအချက်ကို အောက်တွင်ရှင်းလင်းဖော်ပြထားပါသည်။

၁။ ကလေးသူငယ်များအား ရေဖြန်းမင်္ဂလာပေးခြင်းသည် ဗတ္တိဇံဟု မခေါ်ဆိုနိုင်ပါ။ ရေဖြန်းခြင်းသည် ဗတ္တိဇံမဟုတ်ပါ။ သမ္မာကျမ်းစာကို အခြေမခံသောလူတို့၏ တီထွင်မှုသာဖြစ်ပါသည်။ သမ္မာကျမ်းစာကမူ ဗတ္တိဇံသည် ရေ၌နှစ်မြှုပ်ခြင်း ဖြစ်ကြောင်းပါရှိပါသည်။ (ကောလော

သဲ ၂း၁၂၊ ရောမ ၆း၃-၄)။ ထိုအကြောင်းကို (တမန် ၈း၂၆-၃၉)၌ လည်း ဖော်ပြထားပါသည်။ ဒုတိယအနေဖြင့်ဖော်ပြရလျှင် သမ္မာကျမ်းစာ၌ ကလေးသူငယ်များဗတ္တိဇံခံယူရန် လုံးဝသွန်သင်မထားပါ။ ကလေးသူငယ်များသည် အပြစ်နှင့်ကင်းစင်ကြောင်းကိုသာဖော်ပြထားပါသည်။ (မဿဲ ၁၈း၁-၃)။ နောက်ဆုံးကျမ်းစာသွန်သင်ချက်မှာ သခင်ဘုရားကို နာခံရန် လူသည်သမ္မာတရားကို ကြားနာပြီး သူကိုယ်တိုင်က သဘောပေါက်ရမည်(ရောမ ၁၀း၁၇)။ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ရန်အရွယ်ရောက်ပြီးဖြစ်ရမည် (ယော ၃း၁၆)။ သူ့အပြစ်များမှ နောင်တရရန် အရွယ်ရောက်ပြီးဖြစ်ရမည်။ (တမန် ၁၇း၃၀)။ သူ၏နှုတ်မှ သခင်ယေရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံနိုင်သော အရွယ်ဖြစ်ရမည်။ (မဿဲ ၁၀း၃၂)။ သူ၏အပြစ်များမှပြေလွှတ်ခြင်းခံရန် အရွယ်ရောက် သိရှိနားလည်ပြီးသူဖြစ်ရမည် (တမန် ၂း၃၈)။ အထက်ပါအချက်များကိုလေ့လာခြင်းဖြင့် မည်သည့်ရှုထောင့်ကမဆို ကလေးသူငယ်များအား ရေဖြန်းခြင်းသည် သခင်ဘုရားက သွန်သင်ထားသောဗတ္တိဇံပေးခြင်းမဟုတ်ကြောင်း ထင်ရှားပါသည်။ (မာကု ၁၆း၁၅-၁၆)

၂။ အလားတူပင်အရွယ်ရောက်ပြီးသူများကို ရေဖြန်းခြင်းသည်လည်း ဝိညာဉ်ရေးရာအရ သမ္မာကျမ်းစာအရဗတ္တိဇံပေးခြင်းမဟုတ်ပါ။ သမ္မာကျမ်းစာကဖော်ပြထားသော ဗတ္တိဇံဆိုသည်မှာ ရေ၌နစ်မြှုပ်ခြင်းသာဖြစ်၍ ရေဖြန်းခြင်းကိုဗတ္တိဇံဟုမခေါ်နိုင်ပါ။ ဤသို့ခေါ်ဆိုခြင်းသည် ယုတ္တိလည်းမရှိပါ။ ယနေ့အချို့အဘိဓာန်များ၌ ဗတ္တိဇံဆိုသောစကားကို အနက်ဖွင့်ရာ၌ ရေဖြန်းခြင်း၊ ရေလောင်းခြင်းဟု ဖွင့်ဆိုထားခြင်းမှာ ယနေ့ခေတ်သုံးစကားအနေဖြင့် ကျမ်းပြုသူက သုံးစွဲထားခြင်းသာဖြစ်ပါသည်။

သူ၏အနက်ဖွင့်ဆိုချက်မှာ သမ္မာကျမ်းစာအရဖွဲ့ဆိုခြင်းမဟုတ်ပါ။ သခင်ခရစ်တော်က "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီဟုမိန့်တော်မူခဲ့ပါသည်။" (မဿဲ ၂၈း၁၈-၂၀)။ ကိုယ်တော်မိန့်တော်မူခဲ့ရာ၌၊ ရေဖြန်းခြင်း၊ ရေလောင်းခြင်းတို့ မပါဝင်ရာ ၄င်းကိုဗတ္တိဇံဟုလက်ခံသောသူတို့သည် သခင်ဘုရား၏သွန်သင်ချက်ထက် လူ၏သွန်သင်ချက်ကိုလိုက်နာကျင့်သုံးနေခြင်းသာဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်သည် ရေဖြန်းခြင်းခံယူခဲ့လျှင် သူသည် ဗတ္တိဇံခံခြင်းမဟုတ်ပါ။ ထို့ကြောင့် သူသည် ထပ်မံ၍ ဗတ္တိဇံခံယူခြင်းထက် ဝိညာဉ်ရေးရာအရ၊ ကျမ်းစာအရ ဗတ္တိဇံခံရန်သာ ပို၍အရေးကြီးပါသည်။

၃။ ဂိုဏ်းဂဏအသင်းတော်တစ်ခုခုသို့ ဝင်ရောက်ရန်အတွက် ရေ၌နစ်မြုပ်လျက် ဗတ္တိဇံခံခြင်းသည်လည်း ကျမ်းစာနှင့်ညီသော ဗတ္တိဇံခံခြင်းမဟုတ်ပါ။ ရေ၌နစ်မြုပ်လျက် ဗတ္တိဇံခံခြင်းမှာ မှန်ကန်သော်လည်း ဤမျှနှင့်မလုံလောက်ပါ။ မှန်ကန်သောရည်ရွယ်ချက်အတွက်သာဖြစ်ရမည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌သာဗတ္တိဇံခံယူရမည် (မဿဲ ၂၈း၁၉-၂၀)။ လူသည် သမ္မာကျမ်းစာနှင့်အညီ ဗတ္တိဇံခံယူခဲ့လျှင် လူတို့တည်ထောင်သောအသင်းတော်၌သာအဆုံးသတ်သွားမည်မဟုတ်ပဲ သူ၏အပြစ်များမှ ဖြေလွှတ်ခြင်းခံရန်အတွက် ဗတ္တိဇံခံယူခြင်းသာဖြစ်ပြီး၊ သခင်ဘုရားသည်သူ့အား သူ၏အသင်းတော်၌ သင်းဝင်စေမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သခင်ခရစ်တော်၏အခွင့်အာဏာအမိန့်တော်အတိုင်း လိုက်နာခြင်းကြောင့်

သာဖြစ်သည်။ အကယ်၍တစ်စုံတစ်ယောက်သည် ရေ၌နှစ်မြှုပ်လျက် ဗတ္တိဇံကိုခံခဲ့သော်လည်း ဂိုဏ်းဂဏအသင်းတော်တစ်ခုခု၌ပါဝင်နေလျှင် မှန်ကန်သောရည်ရွယ်ချက်အတွက် ထပ်မံဗတ္တိဇံခံရန်လိုအပ်ပါသည်။ သို့မှသာသူသည် စစ်မှန်သောဗတ္တိဇံကိုခံယူလျက် အတွေ့အကြုံခံစားရမည်သာဖြစ်ပါသည်။

ထို့ကြောင့်ဗတ္တိဇံသည် အထူးအရေးပါလျှက်၊ မှန်ကန်စွာလုပ်ဆောင်ရန်လိုအပ်ပါသည်။ သို့မဟုတ်လျှင် ဗတ္တိဇံလုံးဝမမည်ပါ။ ကျွန်ုပ်ကိုလူပေါင်းများစွာက ဗတ္တိဇံခံယူပြီးပါပြီဟု ပြောကြသော်လည်း တကယ်ဆိုလျှင် သူတို့သည် စစ်မှန်သောဗတ္တိဇံကိုခံယူခဲ့ခြင်းမဟုတ်ပါ။ သို့သော်သူတို့သည် ရေဖြန်းခြင်းမှာ ဗတ္တိဇံမဟုတ်ကြောင်း၊ စစ်မှန်သောဗတ္တိဇံခံယူခြင်းဖြင့်လည်း ဂိုဏ်းဂဏအသင်းတော်ဘောင်သို့ဝင်ရန်မဟုတ်ကြောင်း သဘောပေါက်ခဲ့လျှင် ၄င်းတို့သည် စစ်မှန်သော၊ သမ္မာကျမ်းစာက ဖော်ပြသော ဗတ္တိဇံကို ဝမ်းသာစွာပြန်လည် ခံယူကြမည်သာဖြစ်၏။ သို့မှသာ ၄င်းတို့သည် သမ္မာကျမ်းစာအတိုင်း ဗတ္တိဇံခံယူပြီးကြောင်း ပြောနိုင်ပါသည်။ အလားတူဖြစ်ရပ်ကို တမန်တော် (၁၉)၌တွေ့နိုင်ပါသည်။

သင်သည် ဝိညာဉ်ရေးရာအရ ကျမ်းစာနှင့်အညီ ဗတ္တိဇံခံယူပြီးပါပြီလား။ အကယ်၍မခံယူရသေးလျှင် "ယခုလည်းသင်သည်အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း၊ ထလော့၊ သခင်ဘုရားကို ပဌနာပြုလျက် ဗတ္တိဇံကိုခံ၍သင်၏အပြစ်များကိုဆေးကြောလော့" (တမန်တော် ၂၂း၁၆)။

* * * * *

# အခန်း (၂၆)
# ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိခြင်း

သမ္မာကျမ်းစာက ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိနိုင်ကြောင်း ထင်ရှားစွာ ဖော်ပြထားပါသည်။ တနည်းဆိုရလျှင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဖြစ်၏။ ရှင်ပေါလုက "ထို့ကြောင့် လူမည်သည်ကား ပညတ်တရား၏အကျင့်မရှိပဲ၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တတ်သည်ဟုယူရ၏" (ရောမ ၃း၂၈)။ ပညတ်တရားဟုဆိုရာ၌ မောရှေ၏ ပညတ်ကို ကျမ်းစာကဆိုလိုပါသည်။ ဆက်လက်၍၄င်းကပင် "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏" (ရောမ ၅း၁)ဟုဆိုထားသည်။ အထက်ပါကျမ်းချက်မျိုး ဒါဇင်လိုက်တွေ့နိုင်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်ကြောင်း မည်သူမျှမငြင်းနိုင်ပါ။

ထိုသို့ဆို၍လည်း ကယ်တင်ခြင်းရရန်မှာ ယုံကြည်ခြင်းတစ်ခုတည်းနှင့်သာ ပြည့်စုံပြီဟုမဆိုလိုပါ။ ဘာသာရေးလောက၌ လူအတော်များများသည် "အားဖြင့်သာ"ဆိုသည့် စကားကို ကျမ်းချက်များ၌ ထည့်၍ဖတ်ပြီး ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်းသာလိုသည်ဟုသတ်မှတ်ကြပါသည်။ ဤအချက်မှာမမှန်ကန်ပါ။ ကယ်တင်ခြင်းသည်ယုံကြည်ခြင်းတစ်ခုတည်းပေါ်၌သာမူမတည်ပါ။ ရှင်ယာကုပ်က "လူသည် ယုံကြည်ခြင်း အားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ဟုသင်တို့သိမြင်ကြ၏" ဟု(ယာကုပ် ၂း၂၄)၌ ဆိုထားပါသည်။

သို့ဖြစ်လျှင် ကယ်တင်ခြင်းရရန် ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်ဟု ကျမ်းစာကဖော်ပြထားသည်မှာ ဘာကိုဆိုလိုပါသနည်း။ ယုံကြည်ခြင်းဟုဆိုရာ၌ သခင်ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း ယုံကြည်လက်ခံခြင်းသာမက၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လိုက်လျှောက်ပြီး၊ အလိုတော်အတိုင်း အသက်ရှင်ကာ အမှုတော်ကိုထမ်းရွက်လျက် ကိုယ်တော်၏ပညတ်တော်များကိုလိုက်နာ၊ နာခံလျက်လုပ်ဆောင်ခြင်းများပါ ပါဝင်ပါသည်။ ဤသို့ဆို၍ ယုံကြည်ခြင်းကိုဖယ်ရှားခြင်းလည်းမဟုတ်၊ ဘုရားသခင်၏ကျေးဇူးတော်ကို ငြင်းပယ်ခြင်းလည်းမဟုတ်ပါ။ ယုံကြည်ခြင်းနှင့်နာခံမှုတို့ဖြင့် ဘုရားသခင်ချပေးတော်မူသော ကယ်တင်ခြင်းကို လှမ်းယူလက်ခံရန်အရေးကြီးသည်။ ကယ်တင်ခြင်းအတွက် ကိုယ်တော်ရှင်မိန့်တော်မူသော လုပ်ဆောင်ရမည့်အရာများကို လုပ်ဆောင်ခြင်းအမှုမှာ "ကယ်တင်ခြင်းသည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်သည်" ဟူသောအချက်ကို ပြောင်းလဲပစ်ခြင်းမရှိပါ။

ယောဟ ၃း၁၆ ၌ ခရစ်တော်က "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဟုဖော်ပြထားပါသည်။ ဤကျမ်းချက်ကို ရွတ်ဆိုသည်နှင့် လူက ကိုယ်တော်ကို ယုံကြည်လျှင် ပျက်စီးရာသို့မရောက်၊ ထာဝရအသက်ကိုရပြီဟု ဆိုကြပါသည်။ မှန်ပါသည်။ သို့သော် ကိုယ်တော်က "သားတော်ကို ယုံကြည်ရုံမျှသာ" ဟုမဆိုထားပါ။ ဘာကိုယုံကြည်ရမည်နည်း၊ သခင်ခရစ်တော်ကို ယုံကြည်ဖို့လိုပါသည်။ ယခုမေးသင့်သည့်မေးခွန်းမှာ "သင်သည်သခင်ခရစ်တော်ကို ယုံကြည်ပါပြီလား၊ သင်ကယုံကြည်ပါသည်

ဟုဖြေပါမည်။ ထိုသို့ယုံကြည်လျှင် ကိုယ်တော်မိန့်တော်မူသော အရာကို လိုက်နာရပါမည်။ သို့မှသာ ယုံကြည်နာခံရာရောက်ပေမည်။ ကိုယ်တော်၏သွန်သင်ခြင်းအတိုင်း မလိုက်နာပဲ ယုံကြည်ခြင်းရှိပါသည်ဟုဆိုလျှင် သင်၏ယုံကြည်ခြင်းသည်အသေဖြစ်ပါသည်။

သတိပြုရန်မှာ ယော ၃း၁၆ ၌ ယောဟန်က "သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ့အပေါ်၌ ဘုရားသခင်၏အမျက်တော်တည်နေသည်" ဟုရေးသားထားပါသည်။ ပထမလေ့လာရမည့်အချက်မှာ သူက 'ယုံကြည်ရုံမျှ'ဟုမသုံးထားပါ၊ မယုံကြည်သောသူသည် ဘယ်သို့ဖြစ်မည်ကိုနောက်ဆုံးအပိုဒ်၌ မိန့်တော်မူထားပါသည်။ ထိုအချက်အား 'သားတော်ကိုနာမခံသူသည်'ဟု (Revised Standard Version) ဘာသာပြန်၌ ရေးသားထားပါသည်။ တနည်းဆိုသော် သားတော်ကို ယုံကြည်၍ နာခံသူတို့သည်သာ ထာဝရအသက်ကိုရမည်ဖြစ်ပြီး မယုံကြည်သောသူ(သို့မဟုတ်) မနာခံသောသူမူကား အသက်ကိုမတွေ့ရပါ။ ရောမဩဝါဒစာ၌ ရှင်ပေါလုက "အဘယ်သို့နည်းဟူမူကား သင်သည်သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (ရောမ ၁၀း၉)ဟုဖော်ပြထားပါသည်။ ဆက်လက်၍ ၄င်းကယုံကြည်ခြင်းနှင့် နှုတ်ဖြင့်ဝန်ခံခြင်းသည် လိုအပ်ကြောင်း၊ တဆက်တည်းဖော်ပြထားပါသည်။ ထိုသို့နှုတ်ဖြင့်ဝန်ခံ၍ ယုံကြည်သောသူသည် ကိုယ်တော်မိန့်တော်မူသည့်အတိုင်း မလုပ်ပဲနေပါမည်လား၊ (တမန် ၈း၂၆-၃၉)ကိုလေ့လာလျှင် ဖိလိပ္ပုက အဲသယောပိအမတ်ကို တရားဟောပြီးနောက် ရေရှိရာအရပ်သို့ရောက်သောအခါ ဖိလိပ္ပုက သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ဗတ္တိဇံကိုခံရသည်

ဟုဆိုလျှင် အမတ်က ရထားကိုရပ်စေခြင်းငှာ စီရင်ပြီးမှ ဖိလိပ္ပုသည် အမတ်နှင့်တကွ ရေထဲသို့ဆင်း၍ ဗတ္တိဇံကိုပေးလေသည်။ အမတ်သည် ဤနေရာ၌ မည်သို့ပြုပါသနည်း၊ ခရစ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကြောင်း နှုတ်ဖြင့်ဝန်ခံရုံမျှသာကမ၊ သခင်ဘုရားမိန့်တော်မူသည့် အတိုင်း လိုက်နာ နာခံခဲ့ပါသည်။ ထို့ကြောင့် သူသည် ကယ်တင်ခြင်း ရရှိခဲ့ပါသည်။

(တမန် ၁၆း၃၁)၌ ပေါလုနှင့်သိလတို့က ထောင်မှူးအား၊ "သခင်ယေရှုခရစ်ကိုယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့်အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" ဟုပြောခဲ့သည်။ လူအတော်များများက ကျမ်းစာကို ဤနေရာ၌သာရပ်တန့်လိုက်တတ်ကြပါသည်။ ၎င်းမှာမှားပါသည်။ ထောင်မှူးသည် မည်သို့သောသူဖြစ်ပါသနည်း။ သူသည်ဦးစွာမယုံကြည်သူဖြစ်ပါသည်။ ထို့ကြောင့် သူသည် ပထမဆုံးခရစ်တော်ကိုယုံကြည်ရန်လိုအပ်နေပါသည်။ ထို့ကြောင့်ပေါလုနှင့်သိလတို့သည် ထိုသူမှစ၍ သူ၏အိမ်၌ရှိသမျှသောသူတို့အား သခင်ဘုရား၏နှုတ်ကပတ်တရားတော်ကိုဟောကြ၏။ (ရောမ ၁၀း၁၇)။ ကြားနားယုံကြည်ပြီးနောက် ထောင်မှူးသည် သူ၏နောင်တရခြင်းကို ပေါလုနှင့်သိလတို့၏ဒဏ်ရာများကို ဆေးကြောခြင်းဖြင့်ပြသကာ သူနှင့်အိမ်သူအိမ်သားအပေါင်းတို့သည် ချက်ချင်း ဗတ္တိဇံကိုခံယူခဲ့ကြပါသည်။

အလားတူ အမိန့်တော်မျိုးကို ကျမ်းပိုဒ်ပေါင်းများစွာ၌ တွေ့ရပါသည်။ တနေရာ၌ ကိုယ်တော်က "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့၊ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။" (မာကု ၁၆း၁၆)ဟုမိန့်ကြားထားပါသည်။ ပေတရုကလည်း လူအပေါင်းတို့အား "သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ၊ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြ

လော့၊ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်" (တမန် ၂း၃၈)ဟုဟောကြားခဲ့ပါသည်။ ကိုယ်တော်က တစ်နေရာ၌ ယုံကြည်ရုံမျှသာရှိပါ၊ ကယ်တင်ခြင်းခံရလိမ့်မည်ဟုဆိုပြီး၊ အခြားတစ်နေရာ၌ ကယ်တင်ခြင်းအတွက်နောင်တရပါဟူသော ပုံစံမျိုးဖြင့် ကယ်တင်ခြင်းအတွက် လိုအပ်ချက်များဖြင့် (၂)မျိုးမပြောခဲ့ပါ။ လူသည် ကိုယ်တော်ကိုစစ်မှန်စွာ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်လျှင် ကိုယ်တော်စေခိုင်းသည်ကို လုပ်ရန်ဝန်မလေးတော့ပါ။ ဤသို့လိုက်နာဖော်ပြခြင်းသည်သာ သူယုံကြည်ခြင်းကို ထုတ်ဖော်သက်သေပြခြင်းဖြစ်ပါသည်။ (ဟေဗြဲ ၁၁)၌ ဘုရားသခင်၏လူတို့သည် သမိုင်းတစ်လျှောက် သူတို့ယုံကြည်ခြင်းကို မည်သို့ဖော်ပြခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ သခင်ဘုရားက ယနေ့လည်း ဤသို့ပင်ပြုစေလိုပါသည်။ တစ်ရွေးသားမျှ လျှော့ပေါ့မိန့်တော်မမူခဲ့ပါ။

ထို့ကြောင့် ယုံကြည်ခြင်းနှင့်စပ်လျဉ်း၍ ဤနေရာ၌ နိဂုံးမချုပ်မီ ဤသို့မေးလိုပါသည်။ သင်သည် ခရစ်တော်ကိုဘယ်မျှယုံကြည်ပါသနည်း။ ကိုယ်တော်က တစ်ကြိမ်၌ ဤမေးခွန်းကိုမေးခဲ့ဖူးပါသည်။ "ငါ့စကားကိုနားမထောင်ပဲလျက် ငါ့ကိုသခင်သခင်ဟု အဘယ့်ကြောင့်ခေါ်ကြသနည်း" (လုကာ ၆း၄၆)။ သင်သည်ယုံကြည်ခြင်းရှိရုံမျှနှင့် လုံလောက်ပြီဟုတရားသေစွဲကိုင်ထားလျှင် ကိုယ်တော်ကသင့်ကို အထက်ပါအတိုင်းမေးပါလိမ့်မည်။ ကျမ်းစာအချို့ကိုပစ်ပယ်ပြီး တလွဲဖတ်ကာ ကျမ်းစာနှင့်မကိုက်ညီသော အယူဝါဒကို မစွဲကိုင်ပါနှင့်၊ ကိုယ်တော်ကို ယုံကြည်ပြီး ကိုယ်တော်မိန့်တော်မူသည့်အတိုင်း နာခံလုပ်ဆောင်ခြင်းဖြင့်သာလျှင် သင်၏ယုံကြည်လုပ်ဆောင်မှုက သင့်ကိုကယ်တင်ခံရစေမည်သာဖြစ်ပါသည်။

* * * * *

# အခန်း (၂၈)
## ဓမ္မသစ်ကျမ်းစာ၌ပါသောစည်းလုံးခြင်း

လောကကြီးသည် ဘာသာရေးအရကွဲပြားခြားနားနေပါသည်။ ကာသိုလစ်အယူဝါဒ၊ ပရိုတက်စတဲ့န်အယူဝါဒ၊ ဂိုဏ်းဂဏအယူဝါဒများ၊ ဝိနည်းများ၊ ကိုယ်ခန္ဓာများစသည်တို့ဖြစ်ပါသည်။ အားလုံးကသခင်ဘုရား၏အမှုတော်ကို ထမ်းဆောင်နေကြသည်ဟုဆိုပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် တစ်နေရာ၌ တစ်ခုခုလွဲမှားနေကြောင်းသိထားကြပါသည်။ ထို့ကြောင့်လည်း ပြဿနာအဖြေကိုရှာရန် ခရစ်ယာန်များတစ်စုတစ်လုံးတည်းဖြစ်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ ကွန်ဖရင့်များ၊ စည်းဝေးများ၊ ညှိနှိုင်းဆွေးနွေးပွဲများကို ဘာသာရေးဂိုဏ်းအသီးသီးမှ ခေါင်းဆောင်များက ပြုလုပ်ကျင်းပလျက်တူညီသော အခြေခံတစ်ရပ်ပေါ်မှုတည်၍ စည်းလုံးရေးရရန်ကြိုးစားနေခဲ့ကြပါသည်။ ဤသို့ ပုဂ္ဂိုလ်များစည်းလုံးမှုကို လိုလားနေကြခြင်းမှာ အလွန်ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်သော်လည်း၊ သူတို့တရားသေစွဲကိုင်ထားသော ဝိနည်းကျင့်စဉ်များ၊ ယုံကြည်မှုများ၊ အမည်နာမများ၊ သွန်သင်ချက်များ၊ လုပ်ထုံးများကို မစွန့်ပယ်ခဲ့လျှင် အချည်းနှီးသာဖြစ်ပါသည်။ သမ္မာကျမ်းစာကိုသာ စွဲကိုင်ကာ ကျမ်းစာကသွန်သင်သည့်အတိုင်း စတင်လုပ်ဆောင်လျှင် စည်းလုံးညီညွတ်မှုကို တစ်ခဲနက်ရနိုင်ပါသည်။

ဘုရားသခင်သည် ဝိဝါဒကွဲပြားခြင်းများ၊ သင်းခွဲခြင်းများကို မုန်းတီးတော်မူပါသည်။ ဤအချက်ကိုကျမ်းစာ၌ ရှင်းလင်းစွာတွေ့ရပါသည်။ ဥပမာပြရလျှင် ကောရိန္သုအသင်းတော်ရှိ သခင်ဘုရား၏ အသင်းတော်၌သင်းခွဲခြင်းများကို တွေ့လာရသော် ရှင်ပေါလုက အရေးတကြီး

ဤသို့သွန်သင်ခဲ့ပါသည်။ "ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကား တညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားပဲ၊ စိတ်သဘောတသံ တသမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း၊ ငါတို့သခင် ယေရှုခရစ်၏နာမတော်ကို အမှီပြု၍ သင်တို့ကိုငါနှိုးဆော်တောင်းပန် ပါ၏။ အကြောင်းမူကား ငါ့ညီအစ်ကိုတို့ သင်တို့သည်အချင်းချင်း မသင့်ရန်တွေ့ခြင်းရှိသည်ကို၊ ခလောဲအိမ်သားအချို့တို့သည် ပြောကြ ၏။ သင်တို့က ငါသည်ပေါလုတပည့်ဖြစ်၏။ ငါသည်အာပေါလုတပည့် ဖြစ်၏။ ငါသည်ကေဖတပည့်ဖြစ်၏။ ငါသည်ခရစ်တော်တပည့်ဖြစ်၏ ဟုအသီးသီးပြောကြသောကြောင့် ငါဆိုရ၏။ ခရစ်တော်သည် ကွဲပြား သလော။ ပေါလုသည်သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံ ပြီလော၊ သို့မဟုတ် သင်တို့သည် ပေါလုနာမ၌ ဗတ္တိဇံကိုခံကြပြီလော။ ကရိပ္ပုနှင့်ဂါယုမှတစ်ပါး၊ သင်တို့တွင် အဘယ်သူအားမျှ ဗတ္တိဇံကိုငါမပေး သည်ဖြစ်၍ ဘုရားသခင်၏ကျေးဇူးတော်ရှိပါ၏။ သို့ဖြစ်၍ ပေါလုသည် မိမိနာမ၌ ဗတ္တိဇံကို ပေးသည်ဟု အဘယ်သူမျှဆိုစရာအကြောင်းမရှိ။ သတေဖန်၏ အိမ်သူအိမ်သားတို့ အားလည်း ဗတ္တိဇံကိုပေးပြီ။ ထိုမှတပါး အခြားသောသူအား ဗတ္တိဇံပေးသည်ကို ငါမမှတ်မိ။ ဗတ္တိဇံပေးစေခြင်းငှာ၊ ခရစ်တော်သည် ငါ့ကို စေလွှတ်တော်မူသည်မဟုတ်။ ဧဝံဂေလိတရားကို ဟောစေခြင်းငှာ စေလွှတ်တော်မူ၏။ သို့သော်လည်း ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို အချည်းနှီးမဖြစ်စေခြင်းငှာ နှုတ်ပညာကို အခွင့်မပေးပဲ နေတော်မူ၏။ (၁ကော ၁း၁၀-၁၇)။

အထက်ပါကျမ်းစာ၌ သင်သည်ရှင်ပေါလု၏ စည်းလုံးညီညွတ် ရန်အတွက် တောင်းပန်ချက်ကိုတွေ့ရမည်။ ကွဲပြားခြားနားခြင်းနှင့် ပတ် သက်၍ သူကအောက်ပါမေးခွန်း(၃)ခုဖြင့် မေးထား၏။ ပထမမေးခွန်း

မှာ "ခရစ်တော်သည် ကွဲပြားခြားနားသလော "အဖြေမှာအားလုံးသိသည့် အတိုင်း ကိုယ်တော်သည်ကွဲပြားခြားနားခြင်း လုံးဝမရှိပါ။ ဒုတိယမေး ခွန်းမှာ "ပေါလုသည် သင်တို့အတွက် လက်ဝါးကပ်တိုင်မှာအသေခံ ပြီလော။" အဖြေမှာအားလုံးသိသည့်အတိုင်း ခရစ်တော်ကသာ အသေခံ ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးမေးခွန်းမှာ "သင်တို့သည် ပေါလု၏နာမ၌ ဗတ္တိဇံကို ခံကြပြီလော။" ဤမေးခွန်း၏အဖြေမှာ အားလုံးသိသည့် အတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ လူ၏နာမ၌ ဗတ္တိဇံမခံယူကြပဲ သခင်ခရစ်တော်၏နာမ၌သာ ဗတ္တိဇံခံယူကြခြင်းဖြစ်ပါသည်။ ဤအဖြေ အားလုံးကို နိဂုံးချုပ်သော် လူအားလုံးသည် ခရစ်တော်၌ တစ်လုံးတစ်ဝ တည်းရှိရန်သာဖြစ်၏။ ရိုးရိုးရှင်းရှင်းလေးဖြစ်ပါသည်။

ရှင်ပေါလုကဆက်လက်၍ ဤပြဿနာသည် ကောရိန္တုအသင်း တော်၌ ဖြစ်ပေါ်နေရာ သူ၏နာမ၌ မည်သူကိုမျှ ဗတ္တိဇံမပေးခဲ့သည် ဖြစ်၍ သူသည်ပျော်ရွှင်လျက်ရှိ၏။ ထို့ကြောင့်လည်း သူကဗတ္တိဇံပေးရန် စေလွှတ်ခြင်းခံရခြင်းမဟုတ်၊ ဧဝံဂေလိတရားကိုဟောစေခြင်းငှာစေလွှတ် တော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့၏။ သဘာဝအတိုင်းပြောရလျှင် သူ့ လက်ဖြင့် ဗတ္တိဇံပေးခဲ့သူများရှိသော်လည်း အများသောသူတို့မှာ အခြား သောသူများ၏လက်ဖြင့် ဗတ္တိဇံခံခဲ့ခြင်းဖြစ်၏။ ဤသို့ဆို၍ ပေါလုသည် ဗတ္တိဇံတရားကို ဆန့်ကျင်၍ဟောနေခြင်းမဟုတ်။ အကယ်၍ ဟုတ်ခဲ့လျှင် သူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဗတ္တိဇံကိုယ်တိုင်ပေးခဲ့မည်မဟုတ် ပါ။ သို့သော်ကျမ်းစာပါအချက်အရ သူသည် လူအချို့ကို ဗတ္တိဇံပေးခဲ့ ရသဖြင့် ပျော်ရွှင်လျက်ရှိကြောင်းတွေ့ရသည်။ ရှင်ပေါလုက ဆက်လက် ၍ ဤသို့ဖော်ပြထား၏။ "ညီအစ်ကိုတို့ သင်တို့ခံရပြီးသော ဆုံးမဩ ဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်းအကြောင်းကို

ပြုတတ်သောသူတို့ကိုမှတ်၍ ရှောင်ကြလော့ဟုငါသတိပေး၏။ အကြောင်းမူကား ထိုသို့သောသူတို့သည် ငါတို့သခင်ခရစ်တော်၏အမှုကို မဆောင်ရွက်ပဲလျက် မိမိတို့၏အမှုကိုသာဆောင်ရွက်၍ လောကဝတ်စကားနှင့်ချော့မော့သောစကားအားဖြင့် စိတ်ကောင်းသောသူတို့ကို လှည့်ဖြားတတ်ကြောင်း" (ရောမ ၁၆း၁၇-၁၈)။ ဤနေရာ၌တမန်တော်ရှင်ပေါလုက သင်းခွဲခြင်းကိုပြုသောသူတို့အား မှတ်သားထားရန်နှင့် ရှောင်ရှားရန်သတိပေးထားပါသည်။ အဘယ်ကြောင့်နည်း။ ထိုသူတို့သည် သခင်ခရစ်တော်၏အမှုကို မဆောင်ရွက်ပဲ လောကဝတ်စကားနှင့်ချော့မော့သောစကားအားဖြင့် စိတ်ကောင်းသောသူတို့ကို လှည့်ဖြားတတ်သောကြောင့်ဖြစ်၏။ တနည်းပြောရလျှင် ရှင်ပေါလုက ထိုသူတို့အား ထောက်ခံခြင်းပြုရန်၊ ချီးမွမ်းခြင်းပြုရန်၊ ပါဝင်ခြင်းပြုရန်တို့ကို ပေါလုမပြောကြားခဲ့ပါ။ ဤအချက်ကိုထောက်ခံသော အခြားကျမ်းပိုဒ်ပေါင်းများစွာလည်းရှိသည်။ အထက်ပါအချက်များအရ ဘုရားသခင်၏လူဟုဆိုသောသူတိုင်းသည်လည်း စစ်မှန်သောဘုရားသခင်၏ လူများမဟုတ်သကဲ့သို့ ကျမ်းစာအတိုင်း သွန်သင်နေပါသည်ဟုဆိုသောသူတိုင်းသည်လည်း စစ်မှန်စွာသွန်သင်နေခြင်းလည်း ဟုတ်ချင်မှဟုတ်ပေမည်။ ဤနည်းဖြင့် လူပေါင်းများစွာသည် တလွဲဆုံးဖြတ်လျက်လှည့်ဖြားမှုခံနေခြင်းမှာ သတိပေးချက်များကို သတိမမူမိကြ၍ဖြစ်ပါသည်။

ခရစ်တော်သည် တပည့်တော်အားလုံး စိတ်တစ်လုံးတစ်ဝတည်းစည်းလုံးညီညွတ်ကြရန် ဆုတောင်းခဲ့ပါသည်။ ကိုယ်တော်၏ဆုတောင်းချက်မှာ "ထိုသူတို့အဖို့ကိုသာ" ကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို

လောကီသားတို့သည် ယုံကြမည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဖကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။" (ယော ၁၇:၂၀-၂၁)။ ဤနေရာ၌ ခရစ်တော်သည် တမန်တော်များအတွက်သာ ဆုတောင်းနေခြင်းမဟုတ်ပဲ သူတို့ဟောပြောခြင်းအားဖြင့် ယုံကြည်သော သူတို့အတွက်ပါ ဆုတောင်းခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်က ဤသို့ဆုတောင်းတော်မူခဲ့သည်။ "ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ရန်" မည်မျှတစ်လုံးတစ်ဝတည်းဖြစ်ရမည်နည်းဆိုသော် သူနှင့်ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ဖြစ်၏။ သို့မှသာ စစ်မှန်သော စည်းလုံးညီညွတ်ခြင်းဖြစ်မည်။

ရှင်ပေါလုက ဆက်လက်၍ သူ၏သွန်သင်ချက်များ၌ စည်းလုံးညီညွတ်ခြင်းနှင့်ပတ်သက်၍ ဤသို့ဖော်ပြထားပါသည်။ "ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည်ခံရသည်နှင့်အထိုက်အလျောက် ကျင့်ဆောင်မည်ဖြစ်ကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသော ငါသည် သင်တို့ကို တိုက်တွန်းနှိုးဆော်ပါ၏။ အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့် မေတ္တာစိတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍၊ အသင့်အတင့်ပေါင်းဖော်ခြင်း၊ အဖွဲ့အစည်းအားဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘောမခြားမနား၊ တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ၊ ကြိုးစားအားထုတ်ကြလော့။ သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းတပါးထံသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသော

ငါတို့၏အဖဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပေါ်မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့အထဲ၌လည်းရှိတော်မူ၏။" (ဧဖက် ၄း၁–၆)။ တစ်မျိုးတွင် ဘယ်နှစ်ခုစီရှိသနည်း။ တစ်ခုစီရှိပါသည်။ တစ်ခုသည်မည်မျှရှိသနည်း။ တစ်ခုတည်းသာရှိ၏။ သို့ဖြစ်ရာ ယနေ့အသင်းတော်များစွာနှင့် ယုံကြည်ခြင်းအမျိုးမျိုး၊ မြော်လင့်ခြင်းအမျိုးမျိုးစသည်နှင့် မည်သို့အသင်းတော်တစ်ခုတည်းဖြစ်လာနိုင်မည်နည်း။ ဘုရားသခင်နှင့်ခရစ်တော်ကဲ့သို့ တစ်လုံးတစ်ဝတည်းမည်သို့ဖြစ်နိုင်မည်နည်း။ လုံးဝမဖြစ်နိုင်ပါ။

မိတ်ဆွေတို့ ဘုရားသခင်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာတစ်အုပ်တည်းသာပေးခဲ့သည်။ ၎င်းကို ကျွန်ုပ်တို့ကဖတ်၍ ယုံကြည်ပြီး သွန်သင်ချက်များကို အရှိကိုအရှိအတိုင်းလိုက်နာဆောင်ရွက်ခဲ့လျှင် ယနေ့ ကျွန်ုပ်တို့၌ သွန်သင်ချက်တစ်ခု၊ အသင်းတော်တစ်ခု၊ ခံယူသောအမည်တစ်ခု၊ တူညီသောဝတ်ပြုကိုးကွယ်မှုတစ်ခု၊ ဟောကြားသောဒေသနာတစ်ခုသာရှိပေမည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား မကွဲပြားစေဘဲ စည်းလုံးစေမည်သာဖြစ်သည်။ ခရစ်တော်က ကျွန်ုပ်တို့အား ကွဲပြားခြားနားစေရန် ဆုတောင်းခဲ့ခြင်းမဟုတ်ပဲ သူ၌ တစ်လုံးတစ်ဝတည်းဖြစ်ရန် ဆုတောင်းခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်အတိုင်းသာ လုပ်ဆောင်လျှင် တစ်လုံးတစ်ဝတည်းရှိနေကြမည်ဖြစ်ပြီး၊ ထိုသို့မလုပ်ဆောင်သရွေ့မူကား ဘယ်သောအခါမှတစ်လုံးတစ်ဝတည်းရှိကြမည်မဟုတ်ပါ။

* * * * *

# အခန်း (၂၈)
## စမ္မသစ်ကျမ်း၌ပါသော ဝတ်ပြုကိုးကွယ်ခြင်း

စမ္မသစ်ကျမ်း၌ ဝတ်ပြုကိုးကွယ်ခြင်း(၃)မျိုးကို ဖော်ပြထားပါသည်။ ပထမတစ်မျိုးမှာ အဓိပ္ပါယ်ကင်းမဲ့စွာ ဘာမှမသိပဲ ကိုးကွယ်ခြင်းမျိုးဖြစ်ပါသည်။ အဆိုပါဝတ်ပြုကိုးကွယ်မှုမျိုးနှင့်စပ်လျဉ်း၍ ရှင်ပေါလုက (တမန်တော် ၁၇း၂၂-၃၁)၌ အာရေတောင်ပေါ်တွင်နတ်ဘုရားတို့အား ဝတ်ပြုကိုးကွယ်ခြင်းအား ဥပမာပေး၍ဟောပြောခဲ့ပါသည်။ ဒုတိယဝတ်ပြုကိုးကွယ်မှုမျိုးမှာ အချည်းနှီးသော ဝတ်ပြုကိုးကွယ်ခြင်းမျိုးဖြစ်သည်။ ဤဝတ်ပြုကိုးကွယ်မှုမျိုးမှာ လူတို့၏သွန်သင်ချက်များအပေါ်မူတည်၍ ဝတ်ပြုကိုး ကွယ်နေခြင်းကိုဆိုလိုသည်။ (ရှင်မဿဲ ၁၅း၉)၌ ခရစ်တော်က "လူတို့ စီရင်သောပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကို အချည်းနှီးကိုးကွယ်ကြ၏။" ဟုအတိအလင်း မိန့်တော်မူခဲ့ပါသည်။ တတိယတစ်မျိုးမှာ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းမျိုးဖြစ်၏။ ဤဝတ်ပြုကိုးကွယ်မှုမျိုးမှာ ဘုရားသခင်အလိုတော်ရှိသော ဝတ်ပြုကိုးကွယ်ခြင်းမျိုးဖြစ်၏။ သခင်ခရစ်တော်က "ဘုရားသခင်သည်နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း၊ ကိုးကွယ်ရမည်ဟုမိန့်တော်မူ၏။" (ယော ၄း၂၄)။ ဤနေရာ၌သိမှတ်ရန်မှာ ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်မှု၌ အဓိကဦးတည်ချက်မှာ ဘုရားသခင်သာဖြစ်ရမည်။ ကိုယ်တော်ကကျွန်ုပ်တို့အား သူ့ကို ဝတ်ပြုကိုးကွယ်ရန်အတင်းအဓမ္မမတိုက်တွန်းသော်လည်း၊ ကျွန်ုပ်တို့က စစ်မှန်စွာဝတ်ပြုကိုးကွယ်လိုလျှင် နံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ဝတ်ပြုကိုးကွယ်ရမည်သာဖြစ်၏။ နံဝိညာဉ်နှင့် ဝတ်ပြုကိုးကွယ်ရမည်ဆိုသည်မှာ စိတ်ရောကိုယ်ပါ သေချာစွာသဘောပေါက်

နားလည်ပြီး ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။ သစ္စာနှင့်ဝတ်ပြုကိုးကွယ်ရမည်ဟုဆိုခြင်းမှာ ကျွန်ုပ်တို့က ဓမ္မသစ်ကျမ်း၌ သွန်သင်ထားသော သစ္စာနှင့်ပြည့်စုံသည့်သမ္မာတရားအတိုင်း ဝတ်ပြုကိုးကွယ်ခြင်းသာ ဖြစ်ပါသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်မှုသည် မှန်ကန်ပြီး ဘုရားရှင်လက်ခံသောဝတ်ပြုကိုးကွယ်ခြင်းဖြစ်ပေမည်။

ကိုယ်တော်ကိုသစ္စာနှင့်ဝတ်ပြုကိုးကွယ်ရမည်ဟုဆိုထားရာ၊ မည်သည်ကိုဆိုလိုကြောင်း လေ့လာရပေမည်။ ၎င်းကို ဓမ္မသစ်ကျမ်း၌သာ တွေ့နိုင်ပါသည်။ ဘုရားရှင်ကလည်း သူ့ကိုသစ္စာနှင့်ဝတ်ပြုကိုးကွယ်ရန် အလိုတော်ရှိရာ ကျမ်းစာ၌ပင်လျှင် သူအလိုရှိသော ဝတ်ပြုကိုးကွယ်ခြင်းကိုဖော်ပြထားပေသည်။ ဓမ္မသစ်ကျမ်းကိုလေ့လာရာ၌ ကနဦးခရစ်ယာန်များ ဘုရားရှင်ကိုဝတ်ပြုကိုးကွယ်ရာ၌ ထင်ရှားသိသာသောအချက်(၅) ချက်ကိုတွေ့ရပေသည်။

၁။ ၎င်းတို့သည် စုဝေးလျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာကြပါသည်။ (တမန် ၂၀း၇)၌ ရှင်ပေါလုကဤသို့သော အစည်းအဝေး၌ တရားဟောပြောခဲ့ကြောင်း တွေ့ရသည်။ ခရစ်တော်ကလည်း ကျွန်ုပ်တို့အား ကျမ်းစာကိုစေ့စေ့ကြည့်ရှုရန် ဖော်ပြထားပါသည်။ (ယော ၅း၃၉)။ ပေါလုကလည်း တိမောသေအား ကျမ်းစာကိုလေ့လာရန်ညွှန်ကြားခဲ့ပါသည်။ (၂တိ ၂း၁၅)။ ဤသည်ကိုထောက်၍ ဝတ်ပြုကိုးကွယ်ခြင်း၌ ကျမ်းစာကိုမလေ့လာလျှင်၊ မပြည့်စုံကြောင်းတွေ့ရပါသည်။ ဤအချက်မှာ မှန်ကန်ပါသည်။ ဤနည်းဖြင့်သာ ဘုရားသခင်က ကျွန်ုပ်တို့အား ဘာပြောလိုသည်ကို သိနိုင်မည်ဖြစ်ပါသည်။

၂။ ၎င်းတို့သည် ဘုရားသခင်ထံဆုတောင်းရန် စည်းဝေးကြပါသည်။ (တမန် ၂း၄၂)၌ "ထိုသူများတို့သည် တမန်တော်တို့၏ ဆုံးမဩဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို

အမြဲဆောင်ရွက်၍ နေကြ၏။" ရှင်ပေါလုက မခြားမလပ် ပဌနာပြုရန် (၁သက်သာ ၅း၁၇)၌ဖော်ပြထားရာ ဤအမှုသည် ဝတ်ပြုရာ၌မပါလျှင် မဖြစ်သောအရာဖြစ်ကြောင်းသိသာပါသည်။ ခရစ်တော်ကလည်း (လုကာ ၁၈း၁)၌ လူတို့သည်အားမလျှော့ပဲ ကြိုးစား၍ဆုတောင်းရန်သွန်သင်ထားပါသည်။ ဆုတောင်းခြင်းမှာ လူကဘုရားသခင်အား စကားပြောခြင်းဖြစ်၍ ဝတ်ပြုကိုးကွယ်ခြင်း၌ ၎င်းမပါဝင်လျှင် မပြည့်စုံကြောင်းထင်ရှားပါသည်။

၃။ ၎င်းတို့သည် ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းရန် ဓမ္မတေးများသီဆိုရန် စုဝေးကြပါသည်။ ဤအချက်ကိုအထောက်အကူပြုသောကျမ်းပိုဒ်များရှိသည့်အနက် တစ်ခုကိုဦးစွာလေ့လာကြပါစို့။ 'ဆာလံ' သီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍သီချင်းဆိုကြလော့" (ဧဖက် ၅း၁၉)။ ဆက်လက်၍ (ကောလောသဲ ၃း၁၆) ၌လည်း ဖော်ပြထားပါသည်။ ဤတွင်သတိပြုပါ။ အတီးအမှုတ်နှင့် သီချင်းဆိုခြင်းတို့မှာ ခြားနားလှသောကဏ္ဍနှစ်ရပ်ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၌လိုအပ်သော ဘုရားသခင်ညွှန်ကြားသည့် ပုံစံမှာ သီချင်းဆိုခြင်းအမှုဖြစ်ပါသည်။ (ဟေဗြဲ ၁၃း၁၅)တွင် ဘုရားသခင်အား ချီးမွမ်းရာတွင် နှုတ်ခမ်းမှထွက်ပေါ်လာသည့် အသီးအမြစ်တည်းဟူသော သီဆိုသံအားဖြင့် ပူဇော်ချီးမွမ်းမှုကို အလွန်ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့ကြောင့် ဘုရားသခင်၏လိုလားချက်သည် သွေးအေးပြီးအသက်မရှိ၊ နှလုံးသားမဲ့သော လူတို့လက်ဖြင့် ထုလုပ်သည့်တူရိယာများမှ အတီးအမှုတ်မဟုတ်ပါ။

၄။ ၎င်းတို့သည် သခင်ဘုရား၏ညစာ(ပွဲတော်မင်္ဂလာ)ကို ပါဝင်ရန် စုဝေးကြပါသည်။ (မဿဲ ၂၆း၂၆–၂၈)၌ခရစ်တော်က မုန့်သည် သူ၏ကိုယ်ခန္ဓာတော်ကိုလည်းကောင်း၊ ခွက်ဖလားသည် သူ၏အသွေးတော်ကို

ရည်ညွှန်းကြောင်းဖော်ပြခဲ့ပါသည်။ ရှင်ပေါလုက (၁ကော ၁၁)၌ ခရစ်ယာန်တို့သည် မုန့်နှင့်စပျစ်ရည်ခွက်ဖလားကို သုံးဆောင်ရာ၌ ကိုယ်တော်၏ခန္ဓာကိုယ်နှင့်အသွေးတော်ကို သတိရ အမှတ်ရစေရန် ဖြစ်ကြောင်း သွန်သင်ထားပါသည်။ (တမန် ၂၀း၇)၌ ကနဦးခရစ်ယာန်များသည် ရက်သတ္တပတ်၏ ပထမနေ့(တနင်္ဂနွေ)တွင် ညစာပွဲတော်ကိုဝင်ရောက်ရန် စုဝေးကြကြောင်း သာဓကတွေ့ရပါသည်။ (ဟေဗြဲ ၁၀း၂၅)၌ ဤသို့စည်းဝေးခြင်းအမှုကို မရှောင်လွှဲရန် သွန်သင်ထားပါသည်။

၅။ ၎င်းတို့သည် ခံစားရသော ကောင်းကြီးမင်္ဂလာများအနက် ပေးလှူရန်စုဝေးကြပါသည်။ ရှင်ပေါလုက ကောရိန္သုအသင်းတော်အား "ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာတဘို့ကိုထုတ်၍ စုထားကြလော့" ဟု(၁ကော ၁၆း၂)၌ သတိပေးထားပါသည်။ သတိပြုရန်အချက်(၂)ချက်မှာ ဤသို့အလှူတော်ငွေပေးလှူခြင်းကို ပထမနေ့ရက်၌ ပြုလုပ်ရန်ဖြစ်ပြီး၊ ဒုတိယအချက်မှာ မိမိတို့ကောင်းစားသည့်အတိုင်း ပေးလှူရန်ဖြစ်ပါသည်။ မည်၍မည်မျှ ပေးလှူရမည်ဟုမသတ်မှတ်ထားပါ။ လွတ်လပ်စွာပေးလှူနိုင်သော်လည်း မိမိတို့ကောင်းစားသည့်အတိုင်း ပေးလှူရမည်ဖြစ်ပြီး၊ လူတိုင်း၌ မိမိတို့မည်မျှကောင်းကြီးခံစားရသည်ကို ဆုံးဖြတ်ရန် အသီးသီး၏တာဝန်သာဖြစ်ပါသည်။

အထက်ပါဝတ်ပြုခြင်းမှာ သမ္မာကျမ်းစာက ဖော်ပြထားသောဝတ်ပြုခြင်းမျိုးဖြစ်ပါသည်။ ကနဦးခရစ်ယာန်များသည် ဤသို့ဝတ်ပြုခြင်းကို သခင်ဘုရား၏နေ့ရက်(တနင်္ဂနွေနေ့)တိုင်း၌ ပြုလုပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်များသည်လည်း ယနေ့ဤသို့ပင် ဝတ်ပြုရမည်မဟုတ်ပါလော။

* * * * *

# အခန်း (၂၉)
## ရက်သတ္တပတ်၏ ပထမနေ့ရက်

တစ်ပတ်တွင်(၇)ရက်ရှိပါသည်။ အဆိုပါနေ့များအနက် မည်သည့်နေ့သည် ခရစ်ယာန်များ၏ ဝတ်ပြုကိုးကွယ်ရာနေ့ဖြစ်ပါသနည်း။ နေ့ရက်တစ်ရက်ကို ဝတ်ပြုကိုးကွယ်ရန် သတ်မှတ်ထားပါသလား။ သမ္မာကျမ်းစာက မည်သို့သွန်သင်ထားပါသနည်း။

ကျွန်ုပ်တို့အားလုံးသိသည့်အတိုင်း ပညတ်တရားလက်အောက်၌ ယုဒလူမျိုးများ၏ ဝတ်ပြုကိုးကွယ်ရာနေ့မှာ သတ္တမဥပုသ်နေ့ဖြစ်ပါသည်။ အခြားဘာသာများ၌လည်း ဝတ်ပြုရာနေ့များရှိပါသည်။ အစ္စလမ်ဘာသာဝင်တို့ကသောကြာနေ့ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့က အခါတော်နေ့ရက်များစသည်ဖြင့် ရှိပါသည်။ ခရစ်ယာန်များ၌လည်း သတ်မှတ်သောနေ့ရှိပါသလား။ သို့မဟုတ် မည်သည့်နေ့ရက်၌မဆို ဝတ်ပြုကိုးကွယ်နိုင်ပါသလား။

အချို့ကယုဒပညတ်လက်အောက်၌ရှိသည်အတိုင်း သတ္တမဥပုသ်နေ့၌ဝတ်ပြုရမည်ဟုညွှန်ပြပြောဆိုကြသော်လည်း သတိပြုရန်မှာ အဆိုပါဝတ်ပြုရန်နေ့မှာ ဣသရေလလူမျိုး၊ ယုဒလူမျိုး(ဂျူး)များအတွက် သတ်မှတ်ထားခဲ့ခြင်းဖြစ်ပါသည်။ (ထွက်မြောက်ရာ ၂၀း၁-၁၇)။ ယနေ့ကျွန်ုပ်တို့ခေတ်ကာလပညတ်သစ်အောက်၌ အကျုံးမဝင်ပါ။ (ယော ၁း၁၇)။ ပညတ်ဟောင်းမှာ ပြီးပြည့်စုံပြီဖြစ်၍ ကွယ်ပျောက်ခဲ့ပြီးဖြစ်ပါသည်။ (မဿဲ ၅း၁၇-၁၉)။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် သတ္တမနေ့ ဥပုသ်နေ့ကိုစောင့်ထိန်းခဲ့ပါသည်။ ကိုယ်တော်သည် မောရှေ၏ပညတ်တရားလက်အောက်၌ အသက်ရှင်၍ သေဆုံးခဲ့သောကြောင့်ဖြစ်သည်။ သတိပြုလေ့လာလျှင် တစ်ကြိမ်တစ်ခါမျှပင် အဆိုပါဥပုသ်နေ့ကို စောင့်ထိန်းရန် ခရစ်တော်ကအမိန့်မပေးခဲ့ကြောင်းတွေ့ရပေမည်။

တမန်တော်များကလည်း မသွန်သင်ခဲ့ရုံမျှမက သတ္တမနေ့ဥပုသ်ကို မစောင့်ထိန်းခဲ့ကြပါ။ ရှင်ပေါလုသည် ဥပုသ်နေ့တိုင်း ဗိမာန်တော်များသို့ သွားရောက်ခဲ့သော်လည်း ဝတ်ပြုကိုးကွယ်ရန် သွားခဲ့ခြင်းမဟုတ်ပါ။ မည်သည့်အတွက် သွားခဲ့ပါသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသွန်သင်ရန်သာဖြစ်ပြီး တမန်တော်ဝတ္ထု၌ တစ်ကြိမ်တွင် သူ၏ဗိမာန်တော်သို့လာရခြင်း၏ စစ်မှန်သောရည်ရွယ်ချက်ကို ယုဒလူတို့သိသွားသောအခါ သူ့ကို လက်ခံကြိုဆိုခြင်းမပြုတော့ကြောင်း တွေ့ရပါသည်။ အချို့ကလည်း ဝတ်ပြုရာနေ့ကို ရောမကာသိုလစ်အသင်းတော်ကပြောင်းလဲခဲ့သည်ဟုဆိုကြပါသည်။ ကာသိုလစ်များကလည်း ကျမ်းစာကို ပေးခဲ့သည်ဟုဆိုကြ၏။ အဆိုပါအချက်(၂)ချက်လုံးမမှန်ပါ။ သမ္မာကျမ်းစာက ခရစ်တော်၏ ပညတ်သစ်လက်အောက်၌နေသောသူတို့အား သတ္တမနေ့ဥပုသ်ကိုစောင့်ထိန်းရန် ဖော်ပြခြင်းလည်းမရှိ၊ သွန်သင်ခြင်းလည်းမရှိပါ။ သမိုင်းကလည်း ဤသို့သွန်သင်မထားပါ။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို စစ်မှန်စွာခွဲခြားလေ့လာလျှင် (၂တိ ၂း၁၅) မောရှေ၏ပညတ်ဟောင်းနှင့် ခရစ်တော်၏ပညတ်သစ်တို့ကို ကွဲပြားစွာသိနိုင်မည်ဖြစ်ပြီး၊ မောရှေ၏ပညတ်ဟောင်းချုပ်ငြိမ်းခဲ့သည်နှင့်အမျှ ဥပုသ်ပညတ်လည်းကွယ်ပျောက်ခဲ့ကြောင်း တွေ့ရပါမည် (၂ကော ၃း၆–၁၆)။ ခရစ်တော်၏ပညတ်သစ်အောက်၌ ဝတ်ပြုရာနေ့သစ်၊ ရက်သတ္တပတ်၏ပထမနေ့ရက် ပေါ်ပေါက်လာခြင်းကို တွေ့နိုင်မည်ဖြစ်ပါသည်။ (တမန် ၁၅း၁၃–၂၉)ကိုလေ့လာလျှင် တပါးအမျိုးသား ခရစ်ယာန်များတို့သည် ဥပုသ်နေ့လက်အောက်၊ မောရှေ၏ပညတ်တရားလက်အောက်မှ သန့်ရှင်းသော ဝိညာဉ်တော်ကလွတ်မြောက်စေခဲ့ကြောင်းတွေ့နိုင်ပါသည်။

ယခုအောက်တွင် ပထမနေ့ရက်နှင့်စပ်ဆိုင်သော အချက်အချို့ကိုဖော်ပြလိုပါသည်။ ပထမအချက်မှာ ပထမနေ့ရက်သည် ခရစ်ယာန်ဥပုသ်နေ့မဟုတ်ပါ။ ငြိမ်သက်စွာအနားယူရာနေ့၊ စောင့်ထိန်းရမည့်နေ့၊

သန့်ရှင်းမြင့်မြတ်သောနေ့မျိုးလည်းမဟုတ်ပါ။ သခင်ဘုရားက ခရစ်ယာန်များအား ဝတ်ပြုကိုးကွယ်နိုင်ရန် စုဝေးစေသောနေ့သာဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်း၌ပါသော ဥပုသ်နေ့မျိုးလုံးဝမဟုတ်ပါ။

သမ္မာကျမ်းစာက အဆိုပါနေ့နှင့်ပတ်သက်၍ မည်သို့ဖော်ပြထားပါသနည်း။

၁။ သခင်ခရစ်တော်သည် သင်္ချိုင်းမှ ပထမနေ့ရက်တွင် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့၏(မဿဲ ၂၈း၁–၇)။ ထမြောက်တော်မူပြီးနောက် အဆိုပါနေ့ရက်တွင် တပည့်တော်များအား (၂)ကြိမ်တိုင် ကိုယ်ထင်ရှားပြတော်မူခဲ့ပါသည်။ (ယော ၂၀း၁–၁၉၊ ၂၆)

၂။ သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခြင်းကိုပင်တေကုတ္တေပွဲနေ့ဖြစ်သည့်ပထမနေ့ရက်၌ တမန်တော်များခံယူခဲ့ကြရသည် (တမန် ၂း၁–၄)။ ကျွန်ုပ်တို့မည်သို့သိနိုင်ပါသနည်း။ ပင်တေကုတ္တေပွဲနေ့သည် အမြဲတမ်းရက်သတ္တပတ်၏ပထမနေ့ရက်၌သာကျရောက်ခဲ့ပါသည်။

၃။ ပထမဆုံးဧဝံဂေလိတရားကို အဆိုပါပထမနေ့ရက်၌ တမန်တော်များက ဟောကြားခဲ့ပါသည်။ (တမန် ၂)

၄။ အသင်းတော်သည် ပထမနေ့ရက်၌ စတင်တည်ဆောက်ခြင်းခံခဲ့ရသည်။ (တမန် ၂း၃၈–၄၇)

၅။ တပည့်တော်များသည် ပထမနေ့ရက်၌ စုဝေးကြသည်။ "ခုနစ်ရက်တွင် ပထမနေ့ရက်၌ မုန့်ကိုဖဲ့ခြင်းငှာစည်းဝေးကြသောအခါ ပေါလုသည် နက်ဖြန်နေ့၌ ထွက်သွားမည်ဖြစ်၍ သန်းခေါင်တိုင်အောင် ဟောပြောလျက်နေလေ၏" (တမန် ၂၀း၇)။ အကယ်၍သတ္တမနေ့ဥပုသ်သည် ဝတ်ပြုရာနေ့ဖြစ်လျှင် ပေါလုသည် အဘယ်ကြောင့် အဆိုပါနေ့၌ ဝတ်ပြုစည်းဝေးခြင်းမပြုပဲ၊ ပထမနေ့ရက်၌သာ စည်းဝေးခဲ့ပါသနည်း။ အဖြေမှာ သင်ယခုလောက်ဆိုလျှင် သိပြီးဖြစ်ပေမည်။

၆။ ခရစ်ယာန်များသည် ပထမနေ့ရက်၌ လှူဒါန်းရန်စုထားဘို့ သွန်သင်ထားပါသည်။ "သန့်ရှင်းသူတို့အဖို့ လှူဒါန်း၍ စုထားခြင်း

အမှုမှာ ဂလာတိပြည်၌ အသင်းတော်များကို ငါမှာထားသည့်အတိုင်း သင်တို့ပြုကြလော့။ ငါရောက်လာသောအခါ လှူဒါန်း၍ စုထားစရာ မရှိစေခြင်းငှာ၊ ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးသီးကောင်းစားသည့် အတိုင်း၊ မိမိတို့ဥစ္စာတဘို့ကိုထုတ်ထား၍ စုထားကြလော့.." (၁ကော ၁၆း၁-၂)။ ဤနေရာ၌ ရှင်ပေါလုက ပရိသတ်စည်းဝေးရာ ပထမနေ့ရက် သည် အလှူတော်ငွေကို စုသိမ်းရာနေ့ဖြစ်ကြောင်းထင်ရှားစွာဖော်ပြ ထားပါသည်။ အကယ်၍ လှူဒါန်းစရာများကို အိမ်များ၌သာ သိမ်းထား လျှင် သူရောက်လာမှလိုက်လံကောက်ခံစုသိမ်းနေရမည်ဖြစ်သည်။ အကယ်၍ ဝတ်ပြုရာနေ့သည် သတ္တမနေ့(စနေနေ့)ဖြစ်ခဲ့လျှင် ပေါလုက အလှူတော်ငွေများကို ပထမနေ့၌ စုသိမ်းထားရန် အဘယ့်ကြောင့် မှာထားခဲ့ပါသနည်း။ ခရစ်ယာန်များစုဝေးလျက် စုဆောင်းထားရန် နေ့မှာ(သတ္တမနေ့)ဟုသတ်မှတ်ခဲ့လျှင် ပေါလု၏သွန်သင်ချက်များနှင့် လွဲချော်နေမည်မဟုတ်ပါလား။

၇။ ခရစ်ယာန်များသည် ထုံးစံရှိသည့်အတိုင်း အချင်းချင်းစည်းဝေး ခြင်းအမှုကိုမလွဲရှောင်ရန် သွန်သင်ထားပါသည်(ဟေဗြဲ ၁၀း၂၅)။ ဤနေ့ မှာရက်သတ္တပတ်၏ပထမနေ့ရက်ဖြစ်ပါသည်။ ယောဟန်ကငင်းကို သခင် ဘုရား၏နေ့ဟုခေါ်ခဲ့ပါသည်(ဗျာဒိတ် ၁း၁၀)။ ဤနေ့သည် ဝတ်ပြုရာနေ့၊ ကိုယ်တော်ကို ပထမဦးစားပေးရာနေ့ဖြစ်ပါသည်။ (မဿဲ ၆း၃၃)

ပညတ်ဟောင်းကို ဆုပ်ကိုင်ထားသူတို့သည် (ရောမ ၇း၁-၇၊ ၂ကော ၃၊ ဧဖက် ၂၊ ကောလောသဲ ၂၊ ဟေဗြဲ ၈း၇-၁၀)ကိုဖတ်ရန်၊ လေ့လာရန်လိုပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် မောရှေ၏ပညတ် တရားဟောင်းလက်အောက်၌မရှိပဲ၊ ခရစ်တော်၏ ပညတ်သစ်အောက် ၌သာရှိကြောင်း တွေ့နိုင်ပါမည်။ ကိုယ်တော်က သတ်မှတ်တော်မူရာ နေ့ရက်၌ ဝတ်ပြုခြင်းကိုသာ ကိုယ်တော်ကလက်ခံမည်ဖြစ်သည်။ အခြားနေ့ဖြင့်အစားထိုး၍မရပါ။

* * * * *

# အခန်း (၃၀)
## ချည်နှောင်လျက်ရှိသောပညတ်

သမ္မာကျမ်းစာသည် အဓိကအပိုင်းကြီးနှစ်ပိုင်း ခြားနားနေပါသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ဟူ၍ဖြစ်ပါသည်။ "ဓမ္မ"ဟူသောဝေါဟာရမှာ ပဋိညာဉ် သို့မဟုတ် ပညတ်ပင်ဖြစ်ပါသည်။ ဤသည်တွင် ဘုရားသခင်သည် ရွေးကောက်ခဲ့သော လူမျိုးအတွက် ပညတ်ထားခဲ့ကြောင်း သိရပါသည်။ ထို့နောက် ပညတ်သစ်ကိုထပ်မံပေး၍ ပထမပညတ်ကို ဟောင်းစေလျှက် ချည်နှောင်မှု (အသက်ရှင်အကျုံးဝင်မှု)မှ ပယ်ရှားစေခဲ့သည်။ သတိပြုရန်အချက်မှာ ဤပညတ်နှစ်ခုစလုံးသည် တစ်ချိန်တည်းတွင် တစ်ပြိုင်နက်တည်း ချည်နှောင်မှုလုံးဝမရှိနိုင်ကြောင်းပင်ဖြစ်သည်။

သမ္မာကျမ်းစာလေ့လာရာတွင် ပညတ်ဟောင်း(မောရှေ၏ပညတ်တော်)သည် ယနေ့ကျွန်ုပ်တို့အပေါ်၌ ချည်နှောင်ခြင်းလုံးဝမရှိကြောင်း ထင်ရှားပါသည်။ 'ထွက်မြောက်ရာကျမ်း အခန်း၂၀' တွင် ပညတ်တော်(ဟောင်း)ကို ဣသရေလအမျိုးသားများအတွက် ဘုရားပေးခဲ့ကြောင်း တွေ့ရသည်။ (တရားဟောရာကျမ်း ၅း၁–၃)ကိုဖတ်ကြည့်ပါစို့။ "တဖန် မောရှေသည် ဣသရေလအမျိုးသားအပေါင်းတို့ကိုခေါ်၍ အိုဣသရေလအမျိုးသားတို့ ယနေ့သင်တို့အား ငါဟောပြောသောစီရင်ထုံးဖွဲ့ချက်တို့ကို သင်တို့သည် သွန်သင်၍ကျင့်ခြင်းငှာ သတိပြုမည်အကြောင်း နားထောင်ကြလော့။ ငါတို့ဘုရားသခင်ထာဝရဘုရားသည် ဟောရပ်တောင်၌ ငါတို့နှင့်ပဋိညာဉ်ပြုတော်မူ၏။ ထိုပဋိညာဉ်တရားကို ထာဝရဘုရားသည် ငါတို့ဘိုးဘေးများနှင့် ပြုတော်မူသည်မဟုတ်။ ယနေ့ပင်အသက်ရှင်၍ ဤအရပ်၌ ရှိသမျှသောငါတို့နှင့်ပြုတော်မူ၏။" ပညတ်တော်(၁၀)ပါး

ကိုဆက်လက်ပေးခဲ့သည်။ ထို့ကြောင့်ဤပညတ်(ပဋိညာဉ်ဟောင်း)သည် တပါးအမျိုးသားများကိုပေးသည်မဟုတ်ပါ။ ဣသရေလလူမျိုးကိုသာပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုပညတ်သည် မည်သည့်အချိန်တိုင်အောင်အကျိုးဝင်ချည်နှောင်လျက်ရှိပါသနည်း။ ယနေ့တိုင်ချည်နှောင်လျက်ရှိနေပါသေးသလား။ ကျမ်းစာလေ့လာကြည့်ကြပါစို့။

ခရစ်တော်သည် မောရှေ၏ ပညတ်အောက်၌အသက်ရှင်ပြီး အသေခံခဲ့ပါသည်။ ထိုပညတ်နှင့်ပတ်သက်၍ "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာ ငါလာသည်ဟုမထင်ကြနှင့်၊ ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်၊ ပြည့်စုံစေခြင်းငှာ ငါလာသတည်း။ ငါအမှန်ဆိုသည်ကား၊ ကောင်းကင်နှင့်မြေကြီးမပျက်စီးမှီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မှီ မပျက်စီးရ။" (မဿဲ ၅း၁၇–၁၈)ဟု ခရစ်တော်ပြောထားသည်။ ဤတွင်အချို့သောလူတို့သည် ပညတ်တော်၏အကျိုးဝင်မှုဆက်လက်တည်ရှိမည်ဟုနားလည်ကြသည်။ ကျမ်းစာသွန်သင်ချက်သည် ထိုသို့မဟုတ်ပါ။ ပညတ်တော်(ပဋိညာဉ်)နှင့်ပတ်သက်၍ ကိုင်တွယ်နိုင်သော အချက်နှစ်ခုရှိ၏။ ဖျက်ဆီးပစ်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းဟူ၍နှစ်မျိုးဖြစ်၏။ ခရစ်တော်သည် ပညတ်တော်ကိုဖျက်ဆီးရန်မဟုတ်၊ ဖြည့်စွက်ရန်လာရခြင်းဖြစ်သည်ဟုပြောပါသည်။ တဆက်တည်းမှာပင် ပြည့်စုံခြင်းမရောက်မီ ပညတ်တော်၏မည်သည့်အပိုင်းမှပျက်စီးပယ်ရှားခြင်းသို့မရောက်ဟု ခရစ်တော်ပြောထားသည်။ ဤတွင် 'မရောက်မှီ'ဟူသော အချိန်ကန့်သတ် ချက်ကိုတွေ့ရ၏။ ပညတ်တော်သည် မည်သည့် 'မရောက်မှီ'တိုင်အောင်အကျိုးဝင်နေမည်နည်း။ ပြည့်စုံခြင်းသို့မရောက်မှီ၊ တနည်းဆိုသော်ပြည့်စုံခြင်းသို့ရောက်သည်အထိဖြစ်သည်။ ဤသို့ဆိုရာတွင် အားလုံးသောအရာပျက်စီးပျောက်ကွယ်သွားမည့် ခရစ်တော်ဒုတိယလာခြင်းအချိန်ကို

ဆိုလိုသည်မဟုတ်ပါ။ များမကြာမီအတွင်း ပဋိညာဉ်သစ်ပြည့်စုံလာသည့် အချိန်ကိုပြောထားပါသည်။ ထိုအချိန်ကား အဘယ်ခါ၌ ဖြစ်ခဲ့သနည်း။

ကားတိုင်ပေါ်တွင် အသက်မထွက်မီခရစ်တော်သည် "အမှုပြီး ပြီဟုမိန့်တော်မူလျက်.." (ယော ၁၉း၃၀)ဟူ၍ပြောသွား၏။ တချိန်တည်း တွင် ဗိမာန်တော်ရှိကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင် စုတ်ကွဲခဲ့သည်ဟု (မဿဲ ၂၇း၅၁)၌တွေ့ရသည်။ သွယ်ဝိုက်ကာ ပညတ် တော်ပြီးစီးကုန်ဆုံးသွားကြောင်း ဖော်ပြခြင်းဖြစ်၏။ ပေါလုကလည်း "ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သောလက် မှတ်ကိုချေ၍ လက်ဝါးကပ်တိုင်မှာရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။" (ကော ၂း၁၄)ဟုပြောထားသည်။ ခရစ်တော်သည် ပညတ်တော်(ဟောင်း)ကို ကားတိုင်၌ ရိုက်ထားခဲ့သည်။

ယောဟန်၏ ဖော်ပြချက်ကိုကြည့်ကြပါစို့။ "အကြောင်းမူကား ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း။" (ယော ၁း၁၇)။ မောရှေအားဖြင့်ပေးသောတရား၊ ယေရှုအားဖြင့်ပေးသောတရား၊ ဤတရား နှစ်ခု၏ခြားနားမှုကိုသတိပြုပါ။ မောရှေ၊ ဧလိယနှင့် ခရစ်တော်တို့ရှေ့ မျှောက်တွင် ဘုရားသခင်၏ပြောဆိုချက်ကိုလည်းကြည့်ကြပါစို့။ "ဤ သူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ၏စကား ကိုနားထောင်ကြလော့" (မဿဲ ၁၇း၅)။ ပြီးခဲ့သောအချိန်ကာလများတွင် ဘုရားသခင်သည် ပရောဖက်များအားဖြင့် စကားပြောခဲ့သော်လည်း ယခုအခါ ကျွန်ုပ်တို့အား သားတော်အားဖြင့် စကားပြောကြားသည်။ (ဟေဗြဲ ၁း၁-၂)

ဟေဗြဲစာရေးဆရာက "အမွေခံစေခြင်းငှာ အခွင့်ပေး၍စာချုပ်

သည်အမှုမှာလည်း စာချုပ်တည်လျှင် စာချုပ်သောသူသည် ကေန်သေရမည်မှန်ပြီ။ အကယ်၍မသေလျှင် ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏..." (ဟေဗြဲ ၉း၁၆–၁၇)ဟုဖော်ပြထားသည်။ ဆက်လက်ပြီး "ဒုတိယဝတ်ကိုတည်စေခြင်းငှာ ပထမဝတ်ကိုပယ်၏။ ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ကိုယ်တော်ကို တစ်ခါတည်းပူဇော်သောအားဖြင့် ငါတို့သည်စင်ကြယ်ခြင်းသို့ရောက်ကြ၏" (ဟေ ၁၀း၉–၁၀)ဟုတင်ပြထားသည်။ ပထမဝတ်သည်အဘယ်နည်း။ ပဋိညာဉ်ဟောင်း(ပညတ်တော်ဖြစ်သည်။ ဒုတိယဝတ်ကားအဘယ်နည်း။ ပဋိညာဉ်သစ်(ခရစ်တော်၏ပညတ်သစ်)ဖြစ်ပါသည်။ ထို့ကြောင့် ပဋိညာဉ်သစ်၏အကျိုးဝင်မှုရောက်ရှိလာစေရန်၊ ပဋိညာဉ်ဟောင်းကို ပယ်လိုက်တော်မူသည်။

ပဋိညာဉ်ဟောင်း(ပညတ်တော်ဟောင်း)သည် ဆက်လက်အကျိုးမဝင်တော့ကြောင်း '၂ကော ၃' ကိုဖတ်၍ မသိနိုင်သောသူမည်သူရှိသနည်း။ ပေါလုသည် ပဋိညာဉ်ဟောင်း(ပညတ်တော်)ကို "အသက်ကိုသတ်သည့်ကျမ်းဟောင်းတရား"ဟုခေါ်ပြီး၊ ပဋိညာဉ်သစ်(ခရစ်တော်၏ပညတ်)ကိုမူ "အသက်ရှင်စေသောဝိညာဉ်တရား"ဟုခေါ်ထားပါသည်။ ခရစ်တော်ထံမှ ပညတ်တော်သို့ပြန်လှည့်သောသူအား မိုက်မဲလှကြောင်း ဂလာတိစာစောင်တစ်လျှောက်လုံး၌ ဖော်ပြထားသည်။ "ပညတ်တရားအားဖြင့်ဖြောင့်မတ်ရာသို့ရောက်သမျှသောသင်တို့သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ကြပြီ။ (ဂလာတိ ၅း၄)။ 'ဂလာတိ၄း၂၁မှ ၃၁' တိုင်အောင်ဖတ်ကြည့်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့သည် မောရှေ၏ပညတ်တော်(ပဋိညာဉ်ဟောင်း)လက်အောက်၌မရှိပဲ ခရစ်တော်၏ပညတ်(ပဋိညာဉ်သစ်)လက်အောက်၌ အသက်ရှင်နေကြပါသည်။ ဤအတွက်ကြောင့် ယနေ့ပြောင်းလဲခြင်းအတွက် ကားတိုင်ပေါ်မှစားပွဲကို ဥပမာအဘယ်သို့ယူအပ်မည်

နည်း။ ထို့အတူဆယ်ဖို့တစ်ဖို့လှူတန်းခြင်းကိစ္စ၊ အတီးအမှုတ်နှင့်သီဆို ဝတ်ပြုမှုကိစ္စ၊ ဥပုသ်နေ့ကိစ္စ စသည့်ကိစ္စမျိုးများတွင်လည်း ပညတ်တော် (ပဋိညာဉ်ဟောင်း)သို့ ပြန်လည်ဝင်ရောက်နာခံရန် အကြောင်းမရှိပါ။ ပညတ်တော်သည် ယနေ့အကျုံးမဝင်သောကြောင့် သူတစ်ပါးအား သား မယားပြစ်မှားခြင်း၊ သူများအသက်သတ်ခြင်း စသည့်အမှုများပြုနိုင်သည် ဟုမဆိုပါ။ ခရစ်တော်ပညတ်(ပဋိညာဉ်သစ်)တွင်လည်း ထိုအမှုများကို ကိုယ်ထိလက်ရောက်ရုံသာမက စိတ်ဖြင့်သော်လည်း လွန်ကျူးခွင့်လုံးဝ မပြုကြောင်းပါဝင်နေပါသည်။ ပဋိညာဉ်ဟောင်းကို နာခံခြင်းမဟုတ်၊ ပဋိညာဉ်သစ်ကိုနာခံလိုက်လျှောက်ခြင်းဖြစ်၏။ မောရှေနှင့် ပရောဖက်တို့ကို နာခံခြင်းမဟုတ်၊ ခရစ်တော်ကိုနာခံခြင်းပေတည်း။

ဓမ္မဟောင်းသည် ဘုရားသခင်၏စကားတော်ဖြစ်သည်။ သို့သော် ယနေ့ချည်နှောင်အကျုံးဝင်မှုမရှိ။ ခရစ်တော်၏ပညတ်(ပဋိညာဉ်သစ်လက်အောက်၌ ယနေ့ကျွန်ုပ်တို့အသက်ရှင်နေကြ၏။ ကျွန်ုပ်တို့သည် ယေရှုခရစ်အား ယုံကြည်ခြင်း၊ အရှင်သခင်အဖြစ်စေ့စေ့ကြည့်ရမည် ဖြစ်သည်။ ကယ်တင်ခြင်းအတွက် ခရစ်တော်လာရောက်အသေခံသည် ဖြစ်၍ အဘယ်ကြောင့်ဓမ္မဟောင်း သွန်သင်ချက်ကို နာခံလိုက်လျှောက် ရန် လိုလားကြသနည်း။ သမ္မာကျမ်းစာကို လေ့လာသည့်အခါ ပေါလု၏အကြံပြုချက်ကိုအသုံးပြုပါ။ (၂တိ ၂း၁၅)။ မှန်ပါသည်။ နှုတ်ကပတ်တော်ကို မှန်ကန်စွာပိုင်းခြား လေ့လာတတ်ဖို့ အင်မတန်လိုအပ်ပါသည်။ ထိုအချက်ကို အလေးထားသော် ယနေ့မည်သည့်ပညတ်ကအကျုံးဝင် နေသည်၊ ချည်နှောင်လျက်ရှိနေသည်ကို အခက်အခဲကင်းမဲ့စွာနှင့်သိရှိ နိုင်ပါသည်။

* * * * *

# အခန်း (၃၁)
# သန့်ရှင်းသော ဝိညာဉ်တော်၏အတိုင်းအဆ

လူအတော်များများက နိမိတ်လက္ခဏာများ ယနေ့ထိဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ယုံကြည်လျက်ရှိပါသည်။ ထိုသူများမှာ ပထမရာစုနှစ်က တမန်တော်များလက်ထက် ခံယူခဲ့ရသော သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းမျိုးကို ယနေ့လည်း ဘုရားသခင်၏သားသမီးတို့ခံကြရသည်ဟု သွန်သင်သောသူများဖြစ်ပါသည်။ ထိုသို့သွန်သင်ခံယူနေကြခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏အတိုင်းအတာကို ကောင်းစွာမသိရှိ၊ သဘောမပေါက်၍သာဖြစ်ပါသည်။

၁။ ခရစ်တော်သည် ဝိညာဉ်တန်ခိုးကို အတိုင်းအဆမရှိခံယူခဲ့ရသည်။ "ဘုရားသခင်စေလွှတ်တော်မူသောသူသည် ဘုရားသခင်၏စကားတော်ကို ပြောဆိုတတ်၏။ ထိုသူအားဘုရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည်မရှိပဲ ပေးတော်မူ၏"(ယော ၃း၃၄)။ ထို့ကြောင့်ကိုယ်တော်သည် အရာခပ်သိမ်းကို တတ်နိုင်တော်မူ၏။ ကျိုးသောသူကိုကုသနိုင်ခြင်း၊ မျက်စေ့မမြင်သောသူကို မြင်ပြန်စေခြင်း၊နှုတ်အသောသူကို စကားပြောစေခြင်း၊ နားမကြားသူကို ကြားစေခြင်း၊ လူစုများကိုကျွေးမွေးခြင်း၊ ရေပေါ်၌လမ်းလျှောက်ခြင်း၊ သေသောသူကိုထမြောက်ရှင်ပြန်စေခြင်းတို့ဖြစ်သည်။ ထိုမျှမက ကိုယ်တော်တိုင်၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့သည်။ အဘယ့်ကြောင့်နည်း။ နှုတ်ကပတ်တော်သည် တိကျကြောင်း ယုံကြည်စိတ်ချစေရန် ဖော်ပြခြင်းဖြစ်ပါသည်။

၂။ "သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံ" ဓမ္မသစ်ကျမ်း၌ ဤဖြစ်ရပ်မျိုး(၂)ခုသာတွေ့ရသည်။ ပထမမှာ တမန်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ဗတ္တိဇံခံယူကြသည်(တမန် ၂)။ ဤသို့မဖြစ်မီ

ခရစ်တော်က သူတို့အားကြိုတင်၍ သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်ကို စေလွှတ်တော်မူမည်ဖြစ်ကြောင်း ကတိပြုတော်မူခဲ့သည် (ယော ၁၆း၁၃) ကိုယ်တော်သည် သူတို့နှင့် ခွဲခွာသွားရမည်ဖြစ်၍ တမန်တော်များမှာ ဦးဆောင်လမ်းညွှန်မည့်သူ လိုနေသေးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကိုစေလွှတ်လျက် သူတို့အား လမ်းညွှန်၊ ဦးဆောင်သွန်သင်စေခြင်းဖြစ်ပါသည်။ သူတို့သည် ဝိညာဉ်တန်ခိုးကိုခံရပြီးမှ အမျိုးမျိုးသောဘာသာ စကားနှင့်ပြောဆိုခြင်း၊ လူနာများကိုချမ်းသာပေးနိုင်ခြင်း၊ သေသောသူကို ရှင်ပြန်စေခြင်း၊ သူတပါးပေါ်သို့လက်တင်ခြင်းဖြင့် အံ့သြဘွယ်နိမိတ် များပြနိုင်သောတန်ခိုးကို ခံယူစေခဲ့ကြရပါသည်။ ဒုတိယဖြစ်ရပ်မှာ တပ်မှူးကော်နေလိနှင့် အိမ်သူအိမ်သားတို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံကြရခြင်းမှာ တပါးအမျိုးသားတို့လည်း ယုဒလူမျိုးများကဲ့သို့ပင် ဘုရားရှင်ကလက်ခံတော်မူကြောင်း သက်သေထင်ရှားစေလို၍ဖြစ်ပါသည်(တမန် ၁၀နှင့်၁၁)။ ထိုသူတို့သည် ဝိညာဉ်တန်ခိုးကိုခံရပြီး အခြားသော ဘာသာများနှင့်ပြောဆိုနေသည်ကိုသိသော် ပေတရုက "ငါတို့ကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ကို ခံရသော ဤသူတို့ကိုဗတ္တိဇံမပေး စေခြင်းငှာ အဘယ်သူသည် ရေကိုမြစ်တားနိုင်သနည်း" (တမန်၁၀း၄၇)ဟုဆိုလျက် နာမတော်၌ ဗတ္တိဇံကိုခံစေသည်။ ထိုအကြောင်းကို ပေတရုကဆက်၍ဤသို့ပြောကြားခဲ့သည်။ "ငါသည်ဟောပြောစပြုစဉ်၊ သန့် ရှင်းသောဝိညာဉ်တော်သည် ရှေးဦးစွာငါတို့အပေါ်သို့ သက်ရောက်တော်မူသည့်နည်းတူ ထိုသူတို့အပေါ်သို့လည်း သက်ရောက်တော်မူ၏။" (တမန် ၁၁း၁၅)။ ဤနေရာ၌ ပေတရုက တပ်မှူးကော်နေလိ၏ အိမ်သူအိမ်သားတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အခြားသောယုံကြည်သူများကဲ့သို့ ရသည်ဟုမဆိုပဲ သူတို့(တမန်တော်)တို့ကဲ့သို့ခံယူရကြသည်ဟု ဖော်ပြထားပါသည်။ အစအဦးက တမန်တော်များခံယူရသကဲ့သို့ သူတို့လည်း ခံယူခဲ့ကြရကြောင်း ထင်ရှားပေါ်လွင်ပါသည်။

၃။ လက်တင်ခြင်း၏ ဝိညာဉ်တော်ဆုကျေးဇူးအတိုင်းအဆ။ ။

တမန်တော်များမှာ လူနည်းစုသာဖြစ်ရာ လုပ်ဆောင်စရာလည်းများစွာရှိနေပြီး၊ လူကနည်းနေသဖြင့် အခြားသူများအပေါ်သို့ လက်ကိုတင်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုခံယူစေခဲ့ခြင်း ဖြစ်ပါသည်။ ပထမဦးစွာ ပုဂ္ဂိုလ်(၇)ဦးအပေါ်၌ လက်တင်၍ဆုတောင်းခဲ့သည် (တမန် ၆း၃-၇)။ ဤသို့ဖြင့် ဖိလိပ္ပုကဲ့သို့သောသူတို့သည် ရှမာရိပြည်သို့သွားရသောအခွင့် နှင့်တန်ခိုးနိမိတ်လက္ခဏာပြနိုင်သောအခွင့်ကိုရခဲ့သည်။ သူ့ကြောင့် သမ္မာတရား၌ ယုံကြည်သူများပေါ်ပေါက်လာသော်လည်း ထိုသူတို့သည် ဖိလိပ္ပုကဲ့သို့သော တန်ခိုးမျိုးကိုမခံရကြပါ။ နောက်ပိုင်းတွင် ယေရုရှလင်မြို့မှ ပေတရုနှင့်ယောဟန်(တမန်တော်များ)သည် ဖိတ်ခေါ်ခြင်းခံရကာ၊ လူများပေါ်၌လက်ကိုတင်လျက် ဝိညာဉ်တန်ခိုးများခံယူစေခဲ့ကြပါသည် (တမန် ၈း၁၄-၁၇)။ တမန်တော်များနှင့် တမန်တော်များလက်တင်ခံရသူတို့သာလျှင် ဤဝိညာဉ်အတိုင်းအဆကိုရခဲ့ကြသည်။

၄။ သန့်ရှင်းသောဝိညာဉ်တော်၏ သာမန်အတိုင်းအဆ။ ။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရသူများ၊ တမန်တော်များလက်တင်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရသောအတိုင်းအဆတို့ကို ရသောသူများမှလွဲ၍ ကျန်သောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးကို သာမန်အတိုင်းအဆကိုသာရရှိကြသည်။ ဤသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးကိုခံကြရသော်လည်း နိမိတ်လက္ခဏာများပြနိုင်သောတန်ခိုးကိုမူမရကြပါ။ ပေတရုက ပင်တေကုတ္တေပွဲနေ့တွင် လူများအား "သင်တို့၏အပြစ်ကိုလွတ်စေခြင်းငှာ၊ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်" (တမန် ၂း၃၈)။

သတိပြုရန်မှာ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းအခွင့်ကို ကတိတော်အတိုင်း သခင်ဘုရားကိုယ်တိုင် ချီးမြှင့်သဖြင့် တမန်တော်

များသည် ခံရကြ၏။ သမ္မာတရားလမ်း၌ လမ်းပြဦးဆောင်ရန်အတွက် သော် လည်းကောင်း၊ နှုတ်ကပတ်တော်ကိုပြည့်စုံစေရန်လည်းကောင်း၊ ဓမ္မသစ်ကျမ်းကိုရေးသားရန် ညွှန်ကြားဖို့ရန်လည်းကောင်း၊ ဘုရားရှင်က ချပေးတော်မူခြင်းဖြစ်ပါသည်။ တပ်မှူးကော်နေလိနှင့် သူ၏အိမ်သူ အိမ်သားတို့ဖြစ်ရပ်တွင်မူ ရေ၌ဗတ္တိဇံမခံမီ သူတို့သည်ဝိညာဉ်တန်ခိုး ကိုခံရကြသည်။

လက်ကိုတင်လျက် ဝိညာဉ်ဆုကျေးဇူးခံယူစေခြင်းအခွင့်ကိုလည်း တမန်တော်များကသာလျှင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ တမန်တော်များ သေဆုံးပြီးနောက် မိမိတို့လက်တင်ခံခဲ့ရသူများလက်ထက်တွင် ဝိညာဉ် တန်ခိုးအတိုင်းအဆမှာ ချုပ်ငြိမ်းသွားခဲ့ပါသည်။ ထိုဆုကျေးဇူးမျိုးလည်း မလိုအပ်တော့ပါ။ အကြောင်းမူကား လူတို့အားသမ္မာတရားမှန်ကို ပြသ သွန်သင်ရန် ဓမ္မသစ်ကျမ်းစာသည် ရေးသားပြုစုပြီးဖြစ်နေသောကြောင့် ဖြစ်ပါသည်။ (ယာကုပ် ၁း၂၅၊ ၂တိ ၃း၁၆-၁၇)။

သို့သော်ယနေ့သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရသည်ဟု ဆိုကာ နိမိတ်လက္ခဏာများပြနေသူများမှာ အဘယ်သို့နည်း။ ထိုသူတို့မှာ တလွဲသွန်သင်ခံရသူများ၊ လှည့်ဖြားခံရသူများ၊ သို့မဟုတ် ယောင်ဆောင် နေသူများသာဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏အလိုတော်အတိုင်း မပြုကျင့်ကြသည်ဖြစ်၍ ဝိညာဉ်တော်က သူတို့ကိုမည်သို့လမ်းပြနိုင်ပါ မည်နည်း။ ဝိညာဉ်တော်ကသူတို့ကို သမ္မာကျမ်းစာ၌မပါသော အသင်း တော်များ၌ပါဝင်ခြင်း၊ လူတို့တီထွင်သောအမည်များကို ခံယူခြင်း စသည်တို့ကို ဖြစ်နေစေပါသလား။ လုံးဝမဖြစ်နိုင်ပါ။ အကယ်၍သူတို့ သည်ခရစ်တော်နှင့်တမန်တော်များသာ ပြုလုပ်နိုင်သောတန်ခိုးများကို ပြုလုပ်နိုင်သည်ဆိုပါက အဘယ့်ကြောင့်ဘာမှမလုပ်ပဲ စကားအားဖြင့်သာ ပြောနေကြပါသနည်း။ မိတ်ဆွေ သူတို့၏လွဲမှားသောအယူဝါဒများဖြင့် လှည့်စားမခံမိစေပဲ သမ္မာကျမ်းစာကိုသာ သင်၏လမ်းညွှန်အဖြစ်ခံယူ လေ့လာပါ။ သမ္မာတရားမှန်ကိုတွေ့ရပါလိမ့်မည်။

# အခန်း (၃၂)
## အခြားသောဘာသာစကား

"အခြားသောဘာသာစကားဖြင့်ပြောသည်" ဟုပြောကြားလျက်ရှိသော ဘာသာရေးကိုင်းရှိုင်းသူများရှိနေကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ရပ်တစ်ခုဖြစ်သည်ဟု ထိုသူများပြောကြပါသည်။ ထိုစကားကိုကြားရသူတို့သည် နားမလည်နိုင်ပါ။ ပြောသောသူမိမိပင်လျှင်နားမလည်ပါ။ ဘုရားသာလျှင်နားလည်သည်ဟုပြောကြပါသည်။ ကျမ်းစာမည်သည့်နေရာ၌မျှ ထိုသို့သွန်သင်ခြင်းမရှိ။ ထိုသူများသည်လှည့်ဖြားခံနေရခြင်းသာဖြစ်၏။ မည်သည့်ဘာသာစကားကိုမျှ သုံးနေခြင်းမဟုတ်ပါ။ စိတ်အားကြီးမှုမှ ထွက်ပေါ်လာသော အဓိပ္ပါယ်မဲ့သံထွက်ရေရွတ်ခြင်းများသာဖြစ်ပါသည်။

သမ္မာကျမ်းစာသည် အခြားသောဘာသာစကားအကြောင်းကိုသွန်သင်ပါသည် (၁ကော ၁၄း၂)။ ထိုသို့ဆိုသော် ပြောဆိုသူကိုယ်တိုင်နားမလည်မသိခြင်းမဟုတ်ပါ။ ပြောဆိုသူသည် နားလည်၍ ကြားနာသူနားမလည်ခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြောဆိုသူ၏ သိရှိနားလည်မှုသည်အသီးသီးခြင်းမရှိဖြစ်လာပါသည်။ ပြောဆိုသူသည် ဘုရားအားပြောကြားခြင်းဖြစ်၍ မိမိကိုယ်မိမိ(သိရှိနားလည်မှုဖြင့်) ဆောက်တည်ပါသည်။ ကြားနာသူအတွက်မူ မသိနားမလည်သောကြောင့် အဓိပ္ပါယ် မရှိဖြစ်ရပါသည်။ (၁ကော ၁၄း၄)

"ဘာသာစကား"ဟုဖော်ပြထားရာတွင် နားလည်နိုင်သောစကားလုံးများသာဖြစ်ပါသည်။ ပေါလုက "သင်တို့တွင်နားလည်လွယ်သောစကားကို နှုတ်ဖြင့်မမြွက်လျှင်၊ မြွက်သောစကားကို အဘယ်သို့သိနိုင်

မည်နည်း။ အာကာသကောင်းကင်ကိုပြောသောသူကဲ့သို့ဖြစ်လိမ့်မည်" (၁ကော ၁၄း၉)။ ဆက်လက်ပြီး "အဘယ်ကြောင့်နည်းဟူမူကား အခြားသောဘာသာစကားဖြင့် ငါဆုတောင်းလျှင် ငါ့စိတ်နှလုံးဆုတောင်းသော်လည်း၊ ငါ့ဉာဏ်သည် အကျိုးကိုမပေး။ သို့ဖြစ်လျှင်အဘယ်သို့ပြုရမည်နည်း။ စိတ်နှလုံးနှင့်လည်းကောင်း၊ ဉာဏ်နှင့်လည်းကောင်းဆုတောင်းရမည်။ စိတ်နှလုံးနှင့်လည်းကောင်း၊ ဉာဏ်နှင့်လည်းကောင်းသီချင်းဆိုရမည်။" (၁ကော ၁၄း၁၄-၁၅)။ ဤနေရာတွင် အခြားသောဘာသာစကားသည် နားဆင်နေသူများ နားမလည်ခြင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပေါလုက မိမိဆုတောင်းနေသော်လည်း ကြားနာနေသောသူတို့အတွက် မသိနားမလည်သောကြောင့် အဓိပ္ပါယ်မရှိဖြစ်သွားသည်။ သီချင်းဆိုခြင်းသည်လည်း ထို့အတူပင်ဖြစ်သည်။ ထို့ကြောင့်ဆုတောင်းခြင်းနှင့် သီဆိုခြင်းသည် နာမ်ဝိညာဉ်နှင့်အသိနားလည်မှုဖြင့်ပြုရန်စိတ်ထက်သန်ခြင်းဖြစ်၏။

ဘာသာစကားဟုပေါလုပြောသောအခါ၊ လူတို့အသုံးပြုသောစကားတစ်ရပ်ဖြစ်ကြောင်း ထင်ရှားပါသည်။ ပေါလု၏ ဤအခြားသောဘာသာစကားအပေါ်ထားရှိသော သဘောထားကိုကြည့်ကြပါစို့။ "သို့မဟုတ် သင်သည်စိတ်နှလုံးနှင့်ကျေးဇူးတော်ကိုချီးမွမ်းသောအခါ၊ မတတ်သောလူစုအဝင်ဖြစ်သောသူသည် သင်၏စကားကိုနားမလည်သောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းခြင်းသို့လိုက်၍ အာမင်ဟုအဘယ်သို့ဝန်ခံနိုင်မည်နည်း။ သင်သည်ကျေးဇူးတော်ကို ကောင်းမွန်စွာချီးမွမ်းသည်မှန်စေတော့။ အခြားသောသူမူကား၊ တည်ဆောက်ခြင်းအကျိုးမရှိ။ ငါသည်သင်တို့ရှိသမျှထက်အခြားသော ဘာသာစကားဖြင့်ဟောပြောသောအရာကိုထောက်၍ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း၏။ သို့သော်လည်း အသင်းတော်၌အခြားသောဘာသာစကားဖြင့်၊ စကားတစ်သောင်းကို ပြောနိုင်သည်

ထက်၊ သူတပါးတို့ကိုသွန်သင်ခြင်းငှာ စကားငါးခွန်းကို ဉာဏ်နှင့်တကွ ပြောနိုင်သောအခွင့်ကို သာ၍အလိုရှိ၏" (၁ကော ၁၄:၁၆–၁၉)

ဆက်လက်ပြီး တမန်တော်၏သတိပေးချက်မှာ "ပညတ္တိကျမ်းစာ၌ လာသည်ကား၊ အခြားတပါးသောလျှာ၊ အခြားတပါးသောနှုတ်နှင့် ဤလူမျိုးတို့ကို ငါပြောမည်။ သို့သော်လည်း သူတို့သည် နားမထောင်ကြဟု ထာဝရဘုရားမိန့်တော်မူ၏။ သို့ဖြစ်၍ အခြားသောဘာသာစကားတို့သည် ယုံကြည်သောသူတို့အား နိမိတ်လက္ခဏာဖြစ်သည်မဟုတ်။ မယုံကြည်သောသူတို့အား နိမိတ်လက္ခဏာဖြစ်သတည်း။ ပရောဖက်ပြုခြင်းအမှုမူကား၊ မယုံကြည်သောသူတို့အဖို့မဟုတ်၊ ယုံကြည်သောသူတို့အဘို့ဖြစ်သတည်း" (၁ကော ၁၄:၂၁–၂၂)။

"အခြားသောဘာသာစကားဖြင့်ဟောပြောသောသူရှိလျှင် နှစ်ယောက်ဖြစ်စေ၊ အများဆုံးဆိုသော် သုံးယောက်ဖြစ်စေ၊ တစ်ယောက်နောက်တစ်ယောက်ပြော၍၊ တစ်ယောက်သောသူသည် အနက်ကိုဖော်ပြစေ။ စကားပြန်မရှိလျှင် ဟောပြောသောသူသည် အသင်းတော်၌ တိတ်ဆိတ်စွာနေ၍ မိမိအားလည်းကောင်း၊ (ပြောဆိုနေသူနားလည်ခြင်းရှိသည်) ဘုရားသခင်အားလည်းကောင်းပြောစေ" (၁ကော ၁၄:၂၇–၂၈)။ အခြားသောဘာသာစကားသည် နားထောင်နေသူသိကျွမ်းမှုမရှိသောဘာသာရပ်တစ်ခုခု၏စကားဖြစ်ပါသည်။ ထို့ကြောင့်အခြားသောဘာသာစကားနှင့်ပြောကြားသူရှိလျှင် စကားပြန်နှင့်တစ်ယောက်တစ်လှည့်ပြောပြီး အနက်ကိုဖော်ပြရမည်ဖြစ်၏။ ဘာသာပြန်မရှိလျှင်အခြားသောဘာသာစကားရှင်သည် တိတ်ဆိတ်စွာနေရမည်။ တနည်းဆိုသော် ထိုသူသည် မိမိကိုယ်မိမိဆုတောင်းရန်ဖြစ်သည်။

အခြားသောဘာသာစကားဖြင့် ပြောနိုင်သောတန်ခိုးကို မည်သူရရှိသနည်း။ တမန်တော်များက ရရှိခဲ့ပါသည်။ သူတို့အပေါ်ထားခဲ့သော

"သန့်ရှင်းသောဝိညာဉ်၏ဗတ္တိဇံ"တည်းဟူသော ကတိတော်၏ရလာဒ်ဖြစ်ပါသည် (တမန် ၂း၆)။ တပါးအမျိုးသားများကိုပါ ဘုရားသခင်လက်ခံကြောင်းပြသခြင်းအားဖြင့် ကောနေလိနှင့်အိမ်သူအိမ်သားများလည်းရရှိခဲ့ပါသည်(တမန် ၁၀)။ နောက်ထပ်၍ အခြားသောဘာသာစကားပြောဆိုနိုင်သောတန်ခိုးရရှိသောသူများမှာ တမန်တော်တို့၏ လက်တင်ခံရသူများဖြစ်သည်။ (တမန် ၁၉း၁–၇)။ ထိုသူများအပြင်မရှိတော့ပါ။ ရှိလျှင် ကျမ်းစာကဖော်ပြထားမည်ဖြစ်ပါသည်။ အဘယ်ကြောင့် ထိုသူများ ဤတန်ခိုးကိုရရှိခဲ့သနည်း။ နယ်အရပ်ရပ်သို့သွားရောက်ကာ ခြားနားသောစကားများလေ့လာခြင်းမရှိပဲ၊ သမ္မာတရားသွန်သင်နိုင်ရန်အတွက်ဖြစ်သည်။ ထိုသို့ပြောဆိုနိုင်ခြင်းသည် မည်သည့်အချိန်အခါအထိအတိုင်းအတာရှိခဲ့သနည်း။ ဓမ္မသစ်ကျမ်းကိုအတည်တကျရေးသားပြီးသည်အထိဖြစ်ခဲ့သည်။ ပေါလုသည် ဤပြောဆိုနိုင်ခွင့်တန်ခိုးကို ကွယ်ပျောက်လိမ့်မည်ဟု (၁ကော ၁၃း၈–၁၀)တွင် ထင်ထင်ရှားရှားဖော်ပြထားပါသည်။ ထို့ကြောင့် ယနေ့ထိုအမှုကို မပြုနိုင်ပါ။ ထိုတန်ခိုးသည်လည်း ယနေ့မလိုအပ်တော့ပါ။ အတည်တကျဖြစ်နေပြီဖြစ်သော သမ္မာကျမ်းသည် ရှိနေပြီဖြစ်၏။

"အခြားသောဘာသာစကားပြောကြားသည်" ဟုပြောဆိုနေသူတို့သည် မိမိတို့လစ်လျူရှုမိနေသောအချက်များရှိသည်။

၁။ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကတိတော်သည် ထိုသူတို့အတွက်မဟုတ်ပါ။

၂။ တမန်တော်များသာလျှင် လက်တင်ခြင်းဖြင့် ထိုတန်ခိုးကို လက်ဆင့်ကမ်းနိုင်သည်။ ယနေ့တမန်တော်များမရှိတော့သဖြင့် မည်သူကမျှ ထိုတန်ခိုးကိုမရရှိပါ။

၃။ အခြားသောဘာသာစကားပြောဆိုမှုတိုင်းသည် လူသုံးဘာသာရပ်စကားတစ်ခုခုသာဖြစ်ခဲ့သည်။

၄။ အခြားသောဘာသာစကားပြောခြင်းသည် မယုံကြည်သူများအတွက်သာဖြစ်သည်။ (ယနေ့ယုံကြည်သူစည်းဝေးများ၌ ထိုအမှုကိုလုပ်ဆောင်နေကြသည်ဖြစ်၏။)

၅။ ယနေ့ထိုသို့ပြောဆိုသူတို့သည် မိမိကိုယ်တိုင်နားမလည်ကြ၊ ကြားနာသူတို့လည်း နားမလည်သောရေရွတ်မှုတို့ကို ဘုရားသခင်နားလည်ဖို့မည်သို့မြော်လင့်ကြသနည်း။ ဓမ္မသစ်၌တွေ့ရသောအရာမှာထိုသို့မဟုတ်ပါ။ ယနေ့ထိုကဲ့သို့သောတန်ခိုးကိုမည်သူမျှမပိုင်နိုင်ပါ။

၆။ ပင်တေကုတ္တေပွဲနေ့၌ တမန်တော်တို့ပြောဆိုသွားသောဘာသာစကားပြောခြင်းပုံစံအတိုင်း မည်သူမျှယနေ့မပြောနိုင်ကြပါ။ မည်သူမဆိုယနေ့ဘာသာပြန်များနှင့်သာပြောဆိုနေရပါသည်။ နားလည်သလိုပြောဆိုရာ ကြားနာသူသည် သိကျွမ်းသောဘာသာစကားဖြင့် ခံယူကြားနာရသော ဤ"အခြားသောဘာသာစကား" နှင့်ယနေ့လုပ်ဆောင်ကျင့်သုံးမှုတို့မှာ ကွာခြားလှပါသည်။

အချုပ်အနေနှင့်မြောက်များစွာသောလူတို့သည် လှည့်ဖြားမှုကိုခံနေရကြပါသည်။ မိမိကျမ်းစာ၌ မိမိကိုယ်တိုင်ဖတ်၍ ဤအချက်အလက်များ မည်သို့ရှိကြောင်းကိုလေ့လာကြပါ။ ယနေ့လူများအား၊ ပေးအပ်ခြင်းမရှိသော၊ တန်ခိုးနိမိတ်တစ်ရပ်ကို မိမိ၊ သို့မဟုတ်၊ တစ်ဦးတစ်ယောက်ကပိုင်ဆိုင်ပါသည်ဟု အလှည့်ဖြားမခံကြပါနှင့်။

* * * * *

# အခန်း (၃၃)

## ဘာသာရေးဘွဲ့နာမများ

ဂုဏ်ပြိုင်ခြင်း၊ ရာထူးမက်မောခြင်း၊ မြှောက်စားခံလိုခြင်း၊ အရေးပေးမှုကိုလိုလားခြင်း၊ ဘွဲ့နာမများမက်မောခြင်း၊ အာဏာလိုလားခြင်းစသည်ဖြင့် လူသည်အချည်းနှီးသာဖြစ်၏။ ဘုရားသခင်လိုလားသည့်ခရစ်ယာန်တစ်ဦးဖြစ်ခြင်းကို တင်းတိမ်ရောင့်ရဲမှုမရှိ၊ ပို၍သာလိုလားကြသည်။ မိမိတို့ပြုလုပ်မှုတို့ကိုပေါ်လွင်စေချင်သည်။ အမည်နာမအမျိုးမျိုးတို့ကို ဖန်တီးကြသည်။ လုပ်ဆောင်မှုများကို ပြုပြင်တီထွင်ကြသည်။ မိမိနှစ်သက်ရာပုံစံသို့စီမံကြသည်။ ထို့ကြောင့် ဘုရားသခင်၏သားသမီးများဟုကြွေးကြော်နေကြသည့်လူအများ၌ ဘုရားသခင်၏သွန်သင်ခြင်းလုံးဝမရှိသော ဘွဲ့နာမ၊ အမည်နာမ၊ ရာထူးအဆင့်စသည်ဖြင့် ကွဲပြားလျက်တွေ့ရသည်။ ထိုသို့အမည်ဘွဲ့နာမများကို ဘုရားသခင်အလိုမရှိကြောင်း ပေါ်ဆ၍သတိလက်လွတ်ဖြစ်နေကြကုန်ပြီ။

ထိုအမှုနှင့်ပတ်သက်သောအချက်အချို့ကိုလေ့လာကြပါစို့။

၁။ ရယ်ဗရင့်(REVEREND)–သိက္ခာရဆရာကြီး၊ များစွာသော ဘာသာရေးခေါင်းဆောင်တို့သည် ဤဘွဲ့နာမကိုအသုံးပြုနေကြပါသည်။ အသုံးပြုရုံတင်မရောင့်ရဲသဖြင့် အထူးသိက္ခာရဆရာတော်ကြီး(THE RIGHT REVEREND)၊ သာ၍ထူးကဲသောသိက္ခာရဆရာတော်ကြီး(THE MOST REVEREND)စသည်ဖြင့် တိုးချဲ့ခွဲခြားအသုံးပြုနေကြပါသည်။ ထိုအသုံးအနှုန်းမှာ ဘုရားသခင်ကိုခေါ်ဝေါ်သောအသုံးအနှုန်းဖြစ်ကြောင်း သတိမမူ

ကြတော့ပေ။အင်္ဂလိပ်စကားလုံး"ရယ်ဗရင့်"သည် ကျမ်းစာ၌တစ်ကြိမ်သာ ပါရှိ၏။ (ဆာလံကျမ်း ၁၁၁း၉)တွင်ဖြစ်ပြီး၊ ဘုရားသခင်ကို အသုံးပြု ခေါ်ဝေါ်ထားသော ဘွဲ့နာမဖြစ်၏။ မေးခွန်းကောင်းတစ်ခုမှာ အသင် ဟာ ဘုရားသခင်ပါလား၊ ရယ်ဗရင့်ဟုအခေါ်ခံနေသူများမှာ ဘုရားဖြစ် သလား။ ဤဘွဲ့နာမကို လူသားများအပေါ်အသုံးပြုခြင်းသည် ရှက်ဖွယ် ဖြစ်၏။ ဘုရားသခင်၏ နာမကိုဆွဲယူအသုံးပြုခြင်းမလုပ်သင့်ပါ။

၂။ ဖာသာ(FATHER)-အဖ၊ ထောင်ပေါင်းများစွာသော ဘာသာရေး ခေါင်းဆောင်များအား ဖာသာဟုခေါ်ဝေါ်နေကြသည်။ ဖာသာတင်မက သေး၊ သန့်ရှင်းသောဖာသာ(HOLY FATHER)စသည်ဖြင့်လည်း သုံးနေ ကြလေပြီ။ ထိုဘွဲ့ကို ခံယူသူတို့သည် အခြားသောအမည်ဖြင့် မိန့်ခွန်း တင်ခြင်း၊ မိတ်ဆက်ခြင်းများပြုလျှင် ပြောင်လှောင်သည်ဟုထင်မှတ် ကြ၏။ ထိုခံယူသူတို့၊ အသုံးပြုသူတို့သည် ခရစ်တော်၏စကား "မြေ ကြီးပေါ်မှာ အဘယ်သူကိုမျှအဖ(ဖာသာ)ဟူ၍ မခေါ်ဝေါ်ကြနှင့်" (မဿဲ ၂၃း၉)ကိုမှတ်မိကြဖို့သင့်ပါသည်။ ဤနည်းတူ "ရယ်ဗီ၊မာစတာ" (Rabbi & Master)တို့ကိုလည်း ခရစ်တော်ကတားမြစ်ပါသည်။ ဤနာမများကို အသုံးပြုခြင်းသည် ဘုရားသခင်တားမြစ်သောအရာကို ဖွတ်တရွတ် ဆန့်ကျင်နေခြင်းပင်ဖြစ်သည်။

၃။ ပါစတာ(PASTOR)-သင်းအုပ်၊ ဂိုဏ်းဂဏအများစုတွင် သင်းအုပ် (PASTOR)ဟူသော ဘွဲ့နာမဖြင့် အသင်းတော်တစ်ခု၌ တရားဟောဆရာ ဖြစ်ကြောင်းဖော်ပြတတ်ကြသည်။ အသင်းတော်တစ်ခုတွင် သင်းအုပ်

(PASTOR)ဟူ၍ ကျမ်းစာ၌ အသုံးပြုထားခြင်းမရှိပါ။ သင်းအုပ်များ (PASTORS)ဟူ၍သာ တွေ့ရှိရပါသည်။ ထိုသူများသည် (၁တိ ၃)နှင့် (တိတု ၁)တွင်ပါသော အရည်အချင်းများဖြင့် ပြည့်စုံကြ၍၊ မိမိအသင်းတော်မှ ရွေးကောက်သောသူများဖြစ်၏။ ထိုသူများကို ဘီးရှော့များ (BISHOPS)၊ သင်းလူကြီးများ(ELDERS)၊ သိုးထိန်းများ(SHEPHERDS)၊ ပရက်စ်ဗီတား(PRESBYTERS)ဟူ၍လည်း ခေါ်ဝေါ်ထားပါသည်။ အသင်းတော်၌ အမြဲတစေ သင်းအုပ်များ(PASTORS)၊ (ဝါ) သင်းလူကြီးများ (ELDERS) စသည်ဖြင့် ကျမ်းစာ၌ဖော်ပြထားခြင်းတွေ့ရသည်။ တစ်ဦးတစ်ယောက်တည်းက အသင်းတော်တစ်ခုကို ကိုင်တွယ်နေမှုသည် ယနေ့ ဘာသာရေးလောကတွင်ပြုလုပ်ကျင့်သုံးနေသော အမှုဖြစ်သည်။ သမ္မာကျမ်းစာနှင့်မကိုက်ညီပါ။

၄။ ဒေါက်တာ–(DOCTOR)၊ ပညာရေးပိုင်းတွင် ဤဘွဲ့နာမကို ခံယူသုံးစွဲနေသောကြောင့် ဘာသာရေးတွင် အသုံးပြုရန်မဟုတ်ပါ။ ဘာသာရေးလောကမှာ ဤဘွဲ့နာမကိုသုံးခြင်းသည် လွဲမှားခြင်းတစ်ရပ်သာဖြစ်၏။ ထိုသို့ရာထူးအဆင့်အတန်းမြှော်ကိုးခြင်းပုံစံမျိုးကို ယေရှုတားမြစ်ပါသည်။ (မဿဲ ၂၀း၂၅–၂၈)

၅။ ပုပ်–(POPE)။ ဤဘွဲ့နာမသည်လည်း ကျမ်းစာ၌ ပါဝင်ခြင်းမရှိ။ အသင်းတော်ကို လူသားအုပ်စိုးမှု၊ လူသားခေါင်းဆောင်မှုကို ကျမ်းစာ၌မသင်ထားပါ။ ဘုရားသခင်၏အလိုတော်မဟုတ်ပါ။ ကျမ်းစာ၌ ခရစ်တော်သာလျှင်အသင်းတော်၏ဦးခေါင်းဖြစ်ကြောင်း ထင်ထင်ရှားရှားဖော်ပြ

ထားပါသည်။ (ကော ၁း၁၈၊ ဖေက် ၁း၂၂–၂၃)။ လူသားခေါင်းဆောင်မှုကို လက်ခံလျှင် ခရစ်တော်အသက်ရှင်လျက် အုပ်စိုးနေခြင်းကို ငြင်းဆန်ခြင်းပင်ဖြစ်၏။

အထက်ပါဘွဲ့နာမများနည်းတူ သမ္မာကျမ်းစာက တားမြစ်သော ယနေ့ဘာသာရေးလောက၌ သုံးစွဲနေသောဘွဲ့နာမများ၊ များစွာရှိသေးသည်။ ဥပမာအချို့မှာ ဘုရားသခင်၏မိခင်(MOTHER OF GOD)၊ ယဇ်ပရောဟိတ်(PRIEST)၊ ဘိရှော့(BISHOP)၊ သာသနာပိုင်ချုပ်(ARCH-BISHOP)၊ သမ္မတ(PRESIDENT)၊ တာဝန်ခံသင်းအုပ်(PASTOR IN CHARGE) စသည်တို့ဖြစ်ကြသည်။ လူများတီထွင်အသုံးပြုနေသော ဘွဲ့နာမများကို ဘုရားသခင်တားမြစ်နေသည် မဟုတ်ပါလား။ အဘယ်ကြောင့် မမြင်ကြပါသနည်း။ အဘယ်ကြောင့်ဘုရားသခင်ကိုဆန့်ကျင်နေချင်ကြသနည်း။ တစ်ခုတည်းသောအဖြေမှာ ဂုဏ်ပကာသနကိုလိုလားနေသောကြောင့်ပင်ဖြစ်ကြပါသည်။

အဘယ်ကြောင့် ဘာသာရေးလောက ကွဲပြားနေသနည်း။ တစ်လုံးတစ်ဝတည်းသို့ ရောက်ရှိနိုင်ရန် ဤဘွဲ့နာမများကို ဘာသာရေးခေါင်းဆောင်များ လိုလားစွာပယ်ဖျက်ကြမည်ဟု သင်ထင်ပါသလား။ မာနထားကြသည်။ မိမိကိုယ်မိမိ သိပ်ချစ်ကြသည်။ ဘုရားအလိုတော်မရှိသော ဘွဲ့နာမများကို ဘေးဖယ်လျက် ဘုရားသခင်စကားရှိသည်အတိုင်း ဆက်ကပ်အပ်နှံကြမည်လား။ လုပ်ဆောင်လိမ့်မည်မဟုတ်ပါ။ သတိမမူပဲ အမှားအယွင်းများကို လုပ်မိနေသောသင့်အား လေးနက်စွာစဉ်းစားဆင်ခြင်စေချင်သည်။ သင်သည် မျက်စိအပိတ်ခံရပြီး မသိနားမလည်ပဲ ဤသမ္မာကျမ်းစာနှင့် မညီသောအမှုများကို လုပ်ဆောင်ကောင်းလုပ်ဆောင်

နေပေမည်။ သင်သည် သာမန်လူတန်းစားဖြစ်၍ ဘုန်းကြီးလူစားအား အလေးပေးသော်ပေးနေရပေမည်။ ဤလူစားနှစ်မျိုးသည်လည်း ကျမ်းစာ အသုံးအနှုန်းမဟုတ်ပါ။ အသင်မျက်စိဖွင့်ကြည့်ဖို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်ုပ်ပြောသောစကားများကို မယူပါနှင့်။ ကိုယ်တိုင်ကျမ်းစာဖွင့်ဖတ်ပါ၊ သိက္ခာတော်ရဆရာကြီးပေတရု၊ ဒေါက်တာပေါလု၊ သင်းအုပ်ကြီးယောဟန်၊ စသည်ဖြင့်ပါမပါကိုဆန်းစစ်ကြည့်ပါ။ တရားဟောဆရာတစ်ဦးအား အဖ၊ ပုပ်၊ သာသနာပိုင်စသည်ဖြင့်ခေါ်ဝေါ်ထားပါသလား။ တရားဟောဆရာများကို ဆရာများကဏ္ဍ(CLERGY)၊ အသင်းသားများကို သာမန်လူစားကဏ္ဍ(LAITY)ဟူ၍ ခွဲခြားဖော်ပြထားပါသလား။ သမ္မာကျမ်းကိုဖွင့်ကြည့်လျှင် အမှန်တရား(သမ္မာတရား)ကို သင်တွေ့ရပေမည်။

သမ္မာကျမ်းစာ၌ ဘာသာရေးဦးဆောင်သူများကို တရားဟောဆရာများ၊ ဧဝံဂေလိဆရာများ၊ သင်းလူကြီးများ၊ ခရစ်ယာန်များ၊ ညီအစ်ကိုများဟူ၍ ဖော်ပြထားသည်။ ကိုယ်တော်၏အသင်းတော်သည် ခရစ်တော်၏နာမကို ယူတင်ပါသည်။ သမ္မာကျမ်းစာ၌ သွန်သင်ချက်များကို ကိုင်တွယ်နိုင်လျက်သားနှင့် မသွန်သင်သော အချက်များကို မကိုင်တွယ်ကြပါစို့နှင့်၊ အမှန်ကို လိုက်လျှောက်နိုင်လျက်သားနှင့် အမှားနောက်သို့ မလိုက်ကြပါစို့နှင့်။ ဘုရားသခင်အလိုရှိတော်မူသော နာမများကိုသာ ကိုင်တွယ်ကြပါစို့။ ထိုမှသာ မှန်ကန်မည်ဖြစ်၏။ စိတ်ချရမည် ဖြစ်သည်။

* * * * *

# အခန်း (၃၄)
# လွတ်လပ်သောတရားဟောဆရာများနှင့်အသင်းတော်များ

ယနေ့တရားဟောဆရာများနှင့်အသင်းတော်များ မြောက်မြားစွာရှိနေပါသည်။ အများစုသည် အသင်းဂိုဏ်းဂဏများဖြစ်သည်။ များစွာသောသူတို့သည် လွတ်လပ်ကြသည်ဟုပြောဆိုကြသည်။ အဘယ်ကြောင့်နည်း။ အကြောင်းတစ်ရပ်ရပ်ကြောင့် ရှိနေရင်းအဖွဲ့အစည်းမှ နုတ်ထွက်၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထွက်ခွာကြခြင်းများဖြစ်ကြပေမည်။

မကြာခဏဆိုသလို ဂိုဏ်းဂဏတစ်ခုတွင် သွန်သင်ချက်များနှင့်ပတ်သက်၍ ပြဿနာတက်တတ်ကြပါသည်။ ရံဖန်ရံခါကိုယ်ရေးကိုယ်တာကြောင့်ဖြစ်တတ်ကြမည်။ အချက်အမျိုးမျိုးကြောင့်ခွဲထွက်ကာ လုပ်ငန်းသစ်တစ်ရပ်ကို လူတို့သည် စတင်တတ်ကြပါသည်။ ဂိုဏ်းဂဏသွန်သင်ချက်စိုးမိုးမှုများမှ လွတ်လပ်လိုသောဆန္ဒများကြောင့် မှီခိုခြင်းမရှိ၊ လွတ်လပ်ကြသည်ဟူ၍ ဖြစ်လာတတ်ကြသည်။ အခြားအဖွဲ့အစည်းများနှင့်လက်တွဲ၍ အလုပ်မလုပ်လိုသောသူများလည်းအစဉ်ရှိ၏။ ထိုသူတို့သည် မိမိ၏ လုပ်ငန်းရပ်ကို ကိုယ့်စိတ်ကြိုက်လုပ်လိုကြ၍ "လုပ်ငန်းသစ်များကိုလွတ်လွတ်လပ်လပ်" ဟူ၍ စတင်ဦးဆောင်ကြပေသည်။ ထိုသူများသည် လောကီရေးရာများကို ရိတ်သိမ်းကြရပေမည်။

လွတ်လပ်သောတရားဟောသူဟူသော ယနေ့တရားဟောဆရာများ အများအပြားရှိနေကြသည်။ ယောက်တိုင်းသည် အချိန်ပြည့်တရားဟောဆရာများဖြစ်လိုကြ၍ ထိုဆရာတိုင်းသည် မိမိဦးဆောင်သောအုပ်စုလေးများနှင့် ရှိနေချင်ကြသည်။ အခြားသောတရားဟောဆရာများနှင့်

လက်တွဲလုပ်ဆောင်နိုင်ရန် ခက်ခဲကြောင်းတွေ့တတ်ကြပေသည်။ ထိုသူများသည် အခါအားလျော်စွာ အခကြေးငွေများဖြင့် ငှားရမ်းခံထားရသော တရားဟောဆရာများသာဖြစ်တတ်ကြသည်။ ခရစ်ယာန်ဘာသာအမည်ခံများတွင်သာ တွေ့တတ်ရသည်မဟုတ်၊ အခြားသောဘာသာများတွင်လည်း တွေ့တတ်ပါသည်။ ဘာဘူကြီးများ၊ ဆာဒူးများ၊ ဘိုးတော်များ စသည်တို့ကို ဆင်ခြင်ကြည့်နိုင်ပါသည်။ အခြားတစ်ဦးတစ်ယောက်က လာပြီး မိမိတို့နောက်လိုက်များကို ဆွယ်သွားတတ်စမြဲဖြစ်၏။ လူသည် အလှည့်ဖြားခံလိုခြင်းသဘောရှိတတ်ကြသည်။

သမ္မာတရားတွင်မူ လွတ်လပ်သောတရားဟောဆရာများနှင့် အသင်းတော်များဟူ၍ သွန်သင်ထားခြင်းမရှိပါ။ ထို့အတူ အသင်းဂိုဏ်းဂဏများလည်းမရှိပါ။ ကွဲပြားစေတတ်သောသူများအကြောင်းကိုကားဖော်ပြထားပါသည်။ ထိုသူများသည် ခရစ်တော်၏အမှုများကို လုပ်ဆောင်မှုမရှိသောကြောင့် ထိုသူများကိုသတိပြုမှတ်ယူ၍ ရှောင်ရှားရန် ကျမ်းစာက သွန်သင်ထားပါသည်။ (ရောမ ၁၆း၁၇-၁၈)။ ဆရာအတုများ၊ ပရောဖက်အတုများ စသည်ဖြင့်ကျမ်းစာက ဖော်ပြထားပါသည်။ ထိုသူများသည် ပျက်စီးခြင်း၌တည်နေကြသည်သာဖြစ်ကြ၏။ (၂ပေ ၂း၁၊ ၁ယော ၄း၁၊ ယော ၁၀း၁၂-၁၃)။

ပေါလု၊ပေတရုမှစသော ကျမ်းစာပါ တရားဟောသူများသည် လွတ်လပ်သောတရားဟောဆရာများဟုသွန်သင်ထားခြင်းမရှိပါ။ မိမိတို့သည် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြခြင်း၊ ဆန့်ကျင်ကြခြင်း လုံးဝမရှိသည့်အပြင် တစ်ဦးနှင့်တစ်ဦး လက်တွဲကူညီလျက် လုပ်ဆောင်သွားကြကြောင်းတွေ့ရသည်။ (တမန် ၂၊ တမန် ၈၊ ၁ကော ၁၂း၂၆)။

ပေတရုသည် မိမိအသင်းတော်နှင့်မိမိ၊ ပေါလုသည်လည်း မိမိအသင်းတော်နှင့်မိမိ၊ စသည်ဖြင့် အသင်းတော်လေးကိုယ်စီနှင့် မတွေ့ရပါ။ ခရစ်တော်၏အသင်းတော်အကြောင်းကိုသာ တွေ့ရပါသည်။ (မဿဲ ၁၆း၁၈၊ ဧဖက် ၅း၂၃)

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် အသင်းတော်တစ်ခုတည်းအကြောင်းကိုသာ သင်တွေ့ရပေမည်။ (ဧဖက် ၄း၄၊ ကော ၁း၁၈)။ ထိုအသင်းတော်ကား ခရစ်တော်ပိုင်ဆိုင်သော ခရစ်တော်၏အသင်းတော်ဖြစ်ပါသည်။ ယုံကြည်သူတစ်ဦးစီစုဝေးရာဒေသအလိုက်အသင်းကလေးများအဖြစ် တည်လျက်ရှိပါသည်။ ထိုဒေသအလိုက်တည်နေကြသော အသင်းကလေးတိုင်းသည် တစ်ခုနှင့်တစ်ခုအာဏာစိုးမိုးခြင်းမရှိပဲ လွတ်လပ်စွာတည်နေကြပါသည်။ တစ်သင်းနှင့်တစ်သင်း လုပ်ဆောင်ချက်များဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းများလုံးဝမရှိပါ။ တစ်ခုနှင့်တစ်ခု မိတ်သဟာရဖွဲ့၍ လက်တွဲကာ ဘုရားသခင်အတွက် လုပ်ဆောင်ကြစမြဲဖြစ်၏။

တစ်ဦးချင်းသို့မဟုတ် အသင်းတော်တစ်ခုချင်း လွတ်လပ်မှုဆိုရာတွင် ဘုရားသခင်နှင့်သူ၏အသင်းတော်မှ လွတ်ထွက်သွား၍ အလိုတော်ကို ပြိုင်နိုင်းရာရောက်သွားပေမည်။ ထိုသို့ဆိုလျှင် အသင်းသည် ဘုရားသခင်အတွက်ဖြစ်ရမည့်အစား၊ ဆန့်ကျင်ယှဉ်ပြိုင်မှုဘက်ရောက်သွားပေမည်။ ဘုရားသခင်နှင့်အတူရှိနေမည့်အစား၊ ဆန့်ကျင်နေသူဖြစ်သွားပေတော့မည်။ (မဿဲ ၁၂း၃၀)။ ထိုသို့သောသူ၊ ထိုသို့သောအသင်းဖြစ်လိုပါသလား။ လေးနက်စွာဆင်ခြင်၍ အမှားပြင်စရာရှိက ပြင်ဆင်အပ်ပါသည်။

လွတ်လပ်မှုဖြင့် သင်ရှိနေရန် ဘုရားသခင်အလိုတော်ရှိသည်

မဟုတ်။ စကားနာခံလျက် ခရစ်ယာန်တစ်ယောက်ဖြစ်ရန် ဘုရားသခင်ကသင့်အားအလိုတော်ရှိသည်။ ခရစ်ယာန်များသည် လွတ်လပ်ခြင်းမရှိသလို လွတ်လပ်နေသူများသည် ခရစ်ယာန်မဟုတ်ပါ။ သင့်အားအသင်းဂိုဏ်းဂဏများက ဆန့်ကျင်နေသော်သူတို့၌ သင်ပါဝင်ခြင်းမပြုပဲ ဘုရားသခင်၏အသင်းသားတစ်ယောက်အဖြစ်သာရှိနေရန်၊ သင်လျှောက်လှမ်းပါ။ တရားဟောလိုလျှင် ဟောကြားပါ။ သို့သော် နှုတ်ကပတ်တော်ကိုသာ ဟောပြောရမည်ဖြစ်ပါသည်။ (၂တိ ၄း၂)

သမ္မာကျမ်းစာက သင့်အားလွတ်လပ်စွာ အဖွဲ့အစည်းသစ်တစ်ခုတည်ထောင်ရန် အာဏာပေးစေခိုင်းခြင်းမရှိပါ။ ထိုသို့ပြုလျှင် လွတ်လပ်ခြင်းရှိနိုင်သော်လည်း ပျောက်ဆုံးခြင်းသို့သာ ဦးတည်ပေလိမ့်မည်။

သမ္မာကျမ်းစာသွန်သင်ချက်များသို့ ပြန်လည်ဝင်ရောက်ကာ ခရစ်ယာန်တစ်ယောက်သာဖြစ်လာရန် တိုက်တွန်းလိုပါသည်။ ယုံကြည်ခြင်း နောင်တရခြင်း၊ ဝန်ခံခြင်းနှင့်အပြစ်များဆေးကြောပစ်ရန် ဗတ္တိဇံခံခြင်းစသည်ဖြင့် ဘုရားသခင်၏ စကားကိုနာခံပါ (မာကု ၁၆း၁၆)။ ထိုသို့ပြုလျှင် ဘုရားသခင်သည် သင့်အားကိုယ်တော်တိုင်အသင်းဝင်ရောက်စေတော်မူမည် (တမန် ၂း၄၇)။ ဤသို့နာခံလိုက်လျှောက်မှုသည် သင့်အားအဖွဲ့အစည်းဂိုဏ်းဂဏတစ်ခုဖြစ်လာစေမည်မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်သာဖြစ်လာစေမည်ဖြစ်၏။ (၁ပေ ၄း၁၆)။ ထို့နောက်ခရစ်ယာန်တစ်ယောက်အဖြစ်ဖြင့် နှုတ်ကပတ်တော်ကိုဟောကြားလျက် ကြားနာသူအား ဘုရားသခင်အလိုတော်လိုက်လျှောက်နာခံသူဖြစ်လာစေပါ။ ထိုမှသာလျှင် အသင်သည် မှန်ကန်သောလွတ်လပ်မှုကိုရပေမည်။ (ယော ၈း၃၂)

* * * *

# အခန်း (၃၅)
# ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်း

လောကသို့တစ်ကြိမ်လာရောက်ပြီးခဲ့သော ခရစ်တော်သည်ထပ်မံလာရောက်ဦးမည်ဖြစ်ပါသည်။ ပထမအကြိမ်သည် လွန်ခဲ့ပြီးသောနှစ်ပေါင်း၂၀၀၀ခန့်ကဖြစ်ခဲ့၍၊ ဒုတိယအကြိမ်သည် အနာဂတ်၌ဖြစ်ပါမည်။ ပထမအကြိမ်၌ အသေးအသားဖြင့်လာရောက်ခဲ့၍ ဒုတိယအကြိမ်၌ ဘုန်းထင်ရှားသောအရှင်အဖြစ်လာပေမည်။ ပထမအကြိမ်၌ ကယ်တင်ရှင်အဖြစ်လာခဲ့၍ ဒုတိယအကြိမ်၌ တရားစီရင်သူအဖြစ်လာပေမည်။ ပြန်သွားခဲ့သည့်နည်းတူ ဒုတိယအကြိမ်လာလိမ့်ဦးမည်မှာသေချာပေသည်။

"ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိနေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်" (ယောဟန် ၁၄း၃)ဟူ၍ မိမိနောက်လိုက်များနှင့် မခွဲခွါမီ ယေရှုကတိထားခဲ့၏။ ကောင်းကင်သို့ပြန်တက်သောနေ့၌ "တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည်အထက်သို့ဆောင်ယူခြင်းကိုခံတော်မူ၍ မိုးတိမ်သည် ကိုယ်တော်ကိုမျက်ကွယ်အောင်ခံယူစေသည်။ ထိုသို့ကြွတော်မူသည်ကို တမန်တော်တို့သည် ကောင်းကင်သို့စေ့စေ့ကြည့်မျှော်နေကြစဉ်တွင် လူနှစ်ယောက်တို့သည် ဖြူစင်သောအဝတ်ကို၊ ဝတ်ဆင်လျက် တမန်တော်တို့အနားမှာပေါ်လာ၍ အိုဂါလိလဲလူတို့ အဘယ်ကြောင့် ကောင်းကင်သို့ကြည့်မျှော်လျက်ရှိနေကြသနည်း။ သင်တို့နှင့်ခွဲခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည့်နည်းတူ

တဖန်ကြွလာတော်မူလတ္တံ့ဟုပြောဆို၏" (တမန် ၁း၉-၁၁)

အချို့သောသူများသည် ကမ္ဘာသို့ယေရှုပြန်လာ၍ ယေရုရှလင်မြို့မှ အနုစ်တစ်ထောင်အုပ်ချုပ်မည်ဟု သွန်သင်ကြပေသည်။ ကျမ်းစာ၌ သွန်သင်ထားခြင်းမရှိသောအရာပင်ဖြစ်သည်။ (တမန်တော် ၁း)တွင် လေ့လာခဲ့ပြီးဖြစ်သော ယေရှု၏ ပြန်လာမည့်ပုံစံမှာ ကြွသွားတော်မူသည့်နည်းတူ(in the manner)ဖြစ်သည်ဟု သေချာစွာသွန်သင်ထားပါသည်။ ကမ္ဘာမြေကြီးပေါ်ကို ခြေပြန်ချမည့် သွန်သင်ချက်တစ်ခုမျှကျမ်းစာ၌မပါပါ။ မိုးတိမ်စီး၍ ယေရှုပြန်လာသောအခါ ကျွန်ုပ်တို့အားလုံးသည် အာကာသကောင်းကင်ထဲသို့ချည်ဆောင်ခံရပြီး သွားရောက်တွေ့ဆုံမည်ဟုသာသင်ကြားထားပါသည်။ ပိုမိုသေချာစေရန် တဖန်ဖတ်ကြည့်ကြပါဦးစို့။ "ညီအစ်ကိုတို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည် ဝမ်းမနည်းမည့်အကြောင်း၊ အိပ်ပျော်သောသူတို့၏အမှုအရာကို မသိပဲနေစေခြင်းငှာ ငါတို့အလိုမရှိ။ ယေရှုသည် သေပြီးမှတဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင်၊ ထိုနည်းတူယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။ သခင်ဘုရား၏ဗျာဒိတ်တော်အားဖြင့် တဖန်ငါတို့ဆိုသည်ကား ဘုရားသခင်ကြွလာတော်မူသောအခါ၊ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အိပ်ပျော်ပြီးသောသူတို့၏ အရင်အဦးနေရာကျရကြမည်မဟုတ်။ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါအသက်ရှင်၍

ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်သက်သာစေကြလော့" (၁သက်သာ ၄း၁၃–၁၈)။

အဘယ်အချိန်၌ခရစ်တော်ပြန်လာလိမ့်မည်နည်း။ လူအတော်များများသည် ခရစ်တော်ပြန်လာမည့်အချိန်ကို ကြိုတင်ခန့်မှန်းကြပေသည်။ အချို့သောသမ္မာကျမ်းစာ၏ခိုင်းနှိုင်းတင်ပြသော စကားလုံးများကို သိရှိနားလည်ကြသည်ဟူ၍ ထင်ရာဆွဲပြီး ခရစ်တော်ဒုတိယအကြိမ်လာခြင်းကိုခန့်မှန်းကြလေသည်။ မိုက်မဲသော ကိုယ့်ကိုကိုယ်လှည့်ဖြားခြင်းများသာဖြစ်ကြသည်။ အချို့သောသူများသည် ထိုသွန်သင်ချက်များ၌ နစ်မွန်းရောက်ရှိသွားကြသည်။ ယနေ့မျက်မှောက်မြင်ကွင်းများဖြင့် စိတ်ဝင်စားစဖွယ် ခန့်မှန်းနေကြခြင်းဖြစ်၏။ ထိုသွန်သင်ချက်များ၌ ပါသွားသူများအတွက် စိတ်မကောင်းစရာပင်ဖြစ်ပါသည်။ ခရစ်တော်ဒုတိယအကြိမ်လာခြင်းနှင့်ပတ်သက်၍ မည်သူမျှမသိနိုင်ကြပေ။ "ထိုအချိန်နာရီကိုကားအဘယ်သူမျှမသိ၊ ကောင်းကင်တမန်မသိ၊ ငါ့ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏" (မဿဲ ၂၄း၃၆)။ ကောင်းကင်တမန်များမဆိုထားဘိ၊ သားတော်ပင်လျှင်မသိသော ထိုအချိန်ကို အဘယ်ကြောင့်ဤသို့ခန့်မှန်းနိုင်ကြမည်နည်း။ လှည့်ဖြားသူများဖြစ်ကြောင်းထင်ရှားလာပါလိမ့်မည်။

ဒုတိယအကြိမ်ခရစ်တော်လာခြင်းသည် သူခိုးကဲ့သို့လာမည်ဟုဖော်ပြထားပါသည်။ ယေရှုသည်သူခိုးမဟုတ်ပါ။ မကြေညာဘဲ လူသူမထင်မှတ်သောအချိန်တွင်လာမည်ဟူ၍ဖြစ်ပါသည်။ ထပ်မံနားဆင်ကြည့်

ကြပါဦးစို့။ “အဘယ်ကြောင့်နည်းဟူမူကား၊ သူခိုးသည်ညဥ့်အခါလာသကဲ့သို့ သခင်ဘုရား၏နေ့ရက်သည် လာလိမ့်မည်ကို သင်တို့သည် သေချာစွာသိကြ၏။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင် ကိုယ်ဝန်ဆောင်သောမိန်းမ၌ သားဖွားခြင်းဝေဒနာရောက်သကဲ့သို့ သူတို့အပေါ်၌ လျင်မြန်စွာပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ။ သို့သော်လည်း ညီအစ်ကိုတို့၊ ထိုနေ့ရက်သည် သူခိုးကဲ့သို့ သင်တို့အပေါ်သို့ရောက်လာကြမည့်အကြောင်း သင်တို့သည် မှောင်မိုက်၌ နေကြသည်မဟုတ်။” (၁သက်သာ ၅း၂-၄)

ဒုတိယအကြိမ်လာရောက်ခြင်းအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာထပ်မံဖော်ပြထားသောအချက်များရှိသေး၏။ ဥပမာ- အားလုံးမြင်တွေ့ကြရမည်။ “ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်ဖြစ်၍ ကိုယ်တော်ကိုထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူတို့သည် ကိုယ်တော်ကို ရှုမြင်ရကြလိမ့်မည်” (ဗျာဒိတ် ၁း၇)။ တဖန်ကမ္ဘာမြေကြီးသည် မီးလောင်ကျွမ်းပြီး ပျက်စီးကွယ်ပျောက်လိမ့်မည်။ “သူခိုးသည် ညအခါလာသကဲ့သို့ ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓါတ်တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်” (၂ပေ ၃း၁၀)။ ထိုနည်းတူမီးလျှံအားဖြင့် ဒဏ်ပေးရန်လာရောက်တော်မူလိမ့်မည်။ “သခင်ယေရှုသည် တန်ခိုးရှိသောကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံကပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကို နားမထောင်သော

သူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ သင်တို့ကိုဆင်းရဲစေဖူးသောသူတို့၌ ဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံဖူးသောသင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆပ်ပေး၍ တရားသဖြင့်စီရင်တော်မူလိမ့်မည်" (၂သက်သာ ၁း၇-၈)

ခရစ်တော်ဒုတိယအကြိမ်လာရောက်မည့်အချိန်တွင် ကောင်းသောသူ၊ ဆိုးသောသူ၊ လူအားလုံးတို့သည် ခန္ဓာကိုယ်ဖြင့်ရှင်ပြန်ထမြောက်ကြလိမ့်မည်။ (ယောဟန် ၅း၂၈-၂၉)။ ခရစ်တော်သည်မိမိခင်ပွန်း(အသင်းတော်)ကိုလက်ခံရန်လာမည်ဖြစ်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်ဟုလည်း ခေါ်ဝေါ်ထားပါသည်။ ထိုအခါဆိုးသွမ်းသောသူများကို မီးလျှံထဲသို့ပစ်မည်ဖြစ်ပါသည်(ဗျာ ၅း၂၇၊ မဿဲ ၁၃း၄၁-၄၃)။ ဤဒုတိယအကြိမ်လာရောက်ခြင်းသည် နောက်ဆုံးသောအချိန်အခါဖြစ်၍ လောကကိုတရားစီရင်မည်ဖြစ်ပါသည်။ (မဿဲ ၂၅၊ တမန် ၁၇း၃၁၊ ၂ကော ၅း၁၀)။

အကယ်စင်စစ်ပင် အရှင်ယေရှုခရစ်သည် ဒုတိယအကြိမ်ကြွလာပေဦးမည်။ မည်သည့်အချိန်အခါ၌ဟူမူကား မည်သူမျှမသိရှိနိုင်။ လာရောက်ဦးမည်မှာ သေချာပေါက်ဖြစ်ပါသည်။ ထို့ကြောင့်မေးအပ်သည့်မေးခွန်းမှာ အကျွန်ုပ်တို့အဆင်သင့်ရှိနေပြီလား။ ယနေ့အချိန်မှာ ပြင်ဆင်ရမည့်အချိန်ပင်ဖြစ်ပါသည်။ မနက်ဖြန်သည် သိပ်နောက်ကျသွားပါလိမ့်မည်။ (မဿဲ ၂၄း ၃၆-၃၉၊ လုကာ ၁၂း၁၄-၄၈)ကိုဖတ်ကြည့်ပါ။

* * * * * *